

သိမ့်ထိုက်
www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
၁ ပေမြတ်နိုး
ကြားခံနယ်
ပန်းနို့သန်းရွှေကြည်
2008
www.burmeseclassic.com

www.burmeseclassic.com

ကြားခံနယ်
မေမြတ်နိုး

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၂၀၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၉၆၀၉၀၈
ထုတ်ဝေသူ
ဦးသစ်ရွှင် (ကံ့ကော်မြိုင်စာပေ)
အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း၊
(၆) ရပ်ကွက်၊ သာကေတ။
အတွင်းပုံနှိပ်သူ
ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်း။
အဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)
အမှတ် (၉၆/ခ)၊ (၁၁) လမ်း၊ လမ်းမတော်။
ပထမအကြိမ်
၂၀၀၈ - ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - (၅၀၀)၊ တန်ဖိုး - (၁၀၀) ကျပ်

# ကြားခံနယ်

## မေမြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com

သိမ့်ထိုက် စာပေ

သိမ့်ထိုက် စာပေ

အမှတ် (B–၄၅)၊ ပိတောက်ပါ(၄)လမ်း
FMI City ၊ လှိုင်သာယာမြို့
ဖုန်း – ၆၈၀၈၄၄

နိုင်တစ်ယောက် နိုင်ငံခြားမှာ နှစ်ရှည်လများ နေလာခဲ့ပြီး ယခု ဖေဖေ လေဖြတ်သွား၍ ခွင့်ရက်ရှည်ယူပြီး ကိုယ့်အမိမြေသို့ ပြန်လည်ခြေချခွင့်ရခဲ့တာ နှစ်ပတ်ကျော်ခဲ့ပြီ။

ဒီနေ့တော့ ဝယ်စရာ၊ ဖတ်စရာ စာအုပ်လေးများ ရှာချင်သောကြောင့် မြို့ထဲ ပန်းဆိုးတန်းဘက်ကို အေးအေးဆေးဆေး ထွက်လာခဲ့သည်။

"အင်း! . . . ကိုယ့်မြေကိုယ့်ရေရောက်တော့လည်း ဘာပဲ ဖြစ်ဖြစ် ရင်ထဲမှာ အေးချမ်းမှု၊ နွေးထွေးမှုကတော့ အလိုလို

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီးသားပါလား''

နိုင်တစ်ကိုယ်ဟည်းရှေ့ရွှတ်နေပြီးမှ စိတ်ထဲမှာ ကိုယ့်မြေ ကိုယ့်ရေအကြောင်း တွေးလိုက်တော့ ကိုယ့်ရိုးရာမုန့်ဟင်းခါးကို အလိုလိုနေရင်း စားချင်စိတ်ပေါက်လာမိသည်။

''ငါလည်း မရောက်တာကြာလို့ ဘယ်နေရာမှာ မုန့်ဟင်း ခါးကောင်းကောင်းရမှန်းတောင် မသိတော့ဘူး။ ဆက်လျှောက်ပြီး ရှာကြည့်ရမှာပဲ''

မြို့ထဲ သိမ်ကြီးဈေးနားအရောက်တွင် လူတော်တော်များ များစားနေသော သန့်သန့်ပြန့်ပြန့် မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင် ကို လှမ်းတွေ့လိုက်ရသည်။

''ဟော ...တွေ့ပြီ၊ ဆိုင်က ပလက်ဖောင်းဆိုင်ဆိုပေ မယ့် ခပ်သန့်သန့်လေးပဲ၊ လူလည်း များသားပဲ၊ စားကြည့်ဦးမှ''

''ညီမရေ ..ဘူးသီးကြော်, ငါးဖယ်နဲ့ မုန့်ဟင်းခါးတစ်ပွဲ ပေးပါ၊ မုန့်ဖတ် လျှော့နော်''

ကိုယ်စားချင်တာမှာပြီး ဆိုင်ကလေးကိုဝေ့ကြည့်လိုက်မ



ဆိုင်လေးက တော်တော်သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်း ထားသည်။

မုန့်ပန်းကန်များ၊ ဖွန်းများ၊ ရေနွေးပန်းကန်လုံးများတွင် အဆီများ ဝေ့ဝဲမနေဘဲ သန့်ရှင်းနေသည်။ စားပွဲပေါ်မှာ မုန့်ဖတ်၊ အကြော်ထည့်ထားသော အလူမီနီယံကွပ် မုန့်ဗီရိုလေးနှင့် ပုလင်း စိမ်းလေးတစ်ခုထဲမှာ နှင်းဆီပန်းတစ်ပွင့် ထိုးထားသည်။

''အစ်မ ...မုန့်ဟင်းခါး ရပါပြီ၊ လိုတာရှိရင်ပြောပါ နော်''

''ဟင်''

အသံ ...။

ဒီအသံ ...အင်မတန် ရင်းနှီးကျွမ်းဝင်သော အသံ။

ရင်ထဲကို ဒိုင်းခနဲဝင်သွားပြီး မုန့်ဟင်းခါးရောင်းသည့် အမျိုးသမီးကို ကမန်းကတန်း မော့ကြည့်လိုက်မိသည်။

''ဟင် ...နွယ်လေး ...နွယ်လေး မဟုတ်လားဟင်''

နိုင်၏အလျင်စလို၊ အထိတ်တလန့်သံကြောင့် မုန့်ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ခါးရောင်းသူအပါအဝင် စားနေသူအားလုံး နိုင့်ကို လှမ်းကြည့်လိုက်ကြသည်။

"ဟယ် ... မမနိုင် ... မမနိုင်ပါလား"

မုန့်ဟင်းခါးရောင်းသူထံမှလည်း တအံ့တသြ တုန့်ယင်လိုက်ခါစွာနှင့်ပြောရင်း မျက်ဝန်းများ စိုစွတ်လာသည်။

အခုမှ နွယ်လေးကို နိုင် သေသေချာချာ ကြည့်မိတော့သည်။

အစတုန်းကတော့ ကိုယ်နှင့်မပတ်သက်သော သမားရိုးကျ မုန့်ဟင်းခါးရောင်းသူတစ်ဦးအဖြစ် သာမန်သာ၊ အပေါ်ယံသာ ကြည့်မိသည်။

နိုင်သာ မဟုတ် ... နွယ်လေးနှင့်ရင်းနှီးသူများသည်လည်း ရုတ်တရက်ဆို မှတ်မိမည်မဟုတ်ပေ။

ရုပ်အကျီအကွက် လက်ရှည်ပွပွကို တံတောင်ဆစ်အောက်နားအထိ ခေါက်တင်ထားပြီး ခေါင်းတွင် ယောက်ျားလေးဆောင်းသော လျှာဦးထုပ်ကို ဆောင်းထားသည်။





နဂိုက ဖြူသည့်ဘက်ကို လှနေသည့် အသားလတ်လတ်လေးသည် ခြေဆုံးခေါင်းဆုံးလိမ်းထားသော သနပ်ခါးကြားမှ ညိုသည့်ဘက်ကို ရောက်နေပြီဖြစ်ကြောင်း သိသာနေသည်။ လှပသော သနပ်ခါးလိမ်းပုံလေးသည်သာ မပြောင်းမလဲဘဲ တည်ရှိနေသည်။

ဒါတောင် အရင်က နက်မှောင်ဖြောင့်စင်းလှပသော၊ နိုင်တို့ အမြဲတမ်း အားကျခဲ့ရသော ဆံပင်ရှည်များ ရှိ၊ မရှိကိုတော့ ဦးထုပ်အောက်တွင် ထုံးဖွဲ့ထိုးသိပ်ထားသောကြောင့် ရှိသေးလား၊ မရှိသေးလား မသိတော့။

"နွယ်လေး ... ဘယ်လိုဖြစ်ရတာလဲ နွယ်လေးရယ်၊ ဟိုကောင်ရော ... ထွန်းရဝေရော ..."

နိုင်၏အမောတကောအမေးကို နွယ်လေးက ထုံးစံအတိုင်း အပြုံးလေးနှင့် ပြန်ဖြေရှာသည်။

တွေ့တွေ့ချင်းအချိန်ကလောက်တော့ တုန့်တုန့်ဆိုင်းဆိုင်းမရှိတော့။ တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးကတော့ အရင်တည်းက ဒီလိုပါပဲ။ အမြဲတမ်း မျက်နှာကို ဟန်မပျက်ထိန်းနိုင်တာ သူ့အကျင့်ပဲလေ။

နိုင်သာ မျက်မှန်ကြားမှ မျက်လုံးများ ပြူးကျယ်ကာ၊ ပါးစပ်လည်း အဟောင်းသားနှင့် နွယ်လေးကို အထက်အောက် အပြန်အလှန် ကြည့်မဆုံး။

"မမနိုင်နဲ့နွယ်လေးတို့ မတွေ့ဖြစ်ကြတာ တော်တော်ကြာပြီနော်၊ အင်းလေ ... နှစ်တွေကလည်း ကြာမှပဲကိုး၊ မမနိုင် အားရင် အိမ်ကိုလာလည်ပါလား၊ အေးအေးဆေးဆေး စကားပြောရတာပေါ့၊ နွယ်လေးက ညနေပိုင်းမှ ဆိုင်ထွက်တာ၊ မနက်ပိုင်းနဲ့ နေ့လယ်ပိုင်း ချက်ရပြုတ်ရတာဆိုတော့ အိမ်မှာရှိတယ်၊ လိပ်စာရေးပေးလိုက်မယ်လေ"

"ဟေ ... အေး .. အေး .. လာမယ် ... လာမယ်"

နိုင်တစ်ယောက် အခုအချိန်အထိ အူကြောင်ကြောင်နှင့် နွယ်လေးရေးပေးသော လိပ်စာစာရွက်လေးကိုကိုင်ရင်း တစ်ဖွန်းမှ မစားဖြစ်သေးသော မုန့်ဟင်းခါးပန်းကန်နှင့် နွယ်လေးကိုသာ





တစ်လှည့်စီကြည့်နေမိသည်။

"မမနိုင် ... မုန့်ဟင်းခါးစားလိုက်ဦးလေ၊ နွယ်လေးရဲ့ မုန့်ဟင်းခါးလက်ရာက အရင်အတိုင်းပါပဲ မမနိုင်ရဲ့"

နွယ်လေး စိတ်မကောင်းဖြစ်မှာစိုး၍ မုန့်ဟင်းခါးပန်းကန်ကို စားလိုက်ရသော်လည်း စားချင်လွန်းလှသော မုန့်ဟင်းခါး၏ အရသာကို ဘာမှန်းပင် နိုင် မသိလိုက်။

"ကဲ ... နွယ်လေးရေ မမနိုင်လည်း ပြန်လိုက်ဦးမယ်၊ ဖေဖေ့ကို ဆေးခန်းပို့စရာရှိလို့၊ နို့မို့ဆို ဆိုင်သိမ်းတဲ့အထိ မမနိုင် နေချင်တာ၊ ဒါပေမဲ့ မနက်ဖြန်တော့ နွယ်လေးအိမ်ကို မမနိုင် ဆက်ဆက်လာခဲ့မယ်နော်"

"ဟုတ်ကဲ့ပါ မမနိုင် ... လာခဲ့ပါ၊ နွယ်လေး စောင့်နေပါ့မယ်"

မုန့်ဟင်းခါးဖိုးကျသင့်ငွေကို ပေးချင်သော်လည်း ပေးလို့လည်း ယူမှာမဟုတ်။ ပေး၍စားရမည့်သူတွေလည်း မဟုတ်ကြ၍ နှုတ်ဆက်ပြီး နိုင်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းတည်း၊ တစ်ခန်းတည်း အတူနေလာကြပြီး ညီအစ်မအရင်းတွေလို ချစ်ခင်ကြ၍ တစ်ယောက်အကြောင်း တစ်ယောက် သိကြတဲ့သူတွေမို့ ပြန်တွေ့တဲ့အချိန်မှာ အရင်ကနဲ့ လုံးဝခြားနားစွာဖြင့် မထင်မှတ်ဘဲ တွေ့လိုက်ရတဲ့အတွက် ...

နိုင့်ရင်ထဲမှာ စိတ်မကောင်းခြင်း၊ သနားခြင်း၊

အံ့သြခြင်း။

အကျိုးအကြောင်းသိလိုခြင်း ...

ခြင်းပေါင်းများစွာနဲ့ ရင်ထဲကလည်း ကတုန်ကယင်ဖြစ်လာတာကြောင့် စာအုပ်ဆိုင်ဘက်ကိုတောင် သွားချင်စိတ်မရှိတော့ဘဲ ကားရပ်ထားသော ဆူးလေမီးသတ်ရှေ့ကိုသာ ခပ်သွက်သွက်လျှောက်လာမိသည်။

'ဘုတ်'

"အမလေး"

"ဟယ် ... ဆောရီး ... ဆောရီး ... ညီမရယ်၊ မတော်လို့ပါ တောင်းပန်ပါတယ်"



ကိုယ့်ဘာသာကိုယ် လျှောက်လာမိသော နိုင်တစ်ယောက် ရှေ့မှလျှောက်လာသောသူတစ်ယောက်နှင့် ဝင်တိုက်မိခြင်းဖြစ်သည်။

ကိုယ်က,စပြီး တိုက်မိသည်မို့ ဆောရီးချင်းထပ်အောင် တောင်းပန်ပြီး ပြုတ်ကျသွားသောစာအုပ်များကို ကောက်ပေးလိုက်သည်။

"ရပါတယ် အစ်မရယ် ... ကိစ္စမရှိပါဘူး၊ ညီမကလည်း ငေးနေလို့ပါ"

အားနာဟန်လေးနှင့် စာအုပ်များ လှမ်းယူနေသော နိုင်တိုက်မိသူမှာ ကိုယ်ဝန်ဆောင်အင်္ကျီပွပွကြီးဝတ်ထားသော မိန်းကလေးတစ်ယောက်မို့ နိုင့်မှာ ပို၍တောင်အားနာမိတော့၏။

"နွယ်လေး ... နွယ်လေး ဘာဖြစ်လို့လဲ၊ ဘာဖြစ်သွားသေးလဲ"

ခပ်လှမ်းလှမ်းမှ ကလေးတစ်ယောက်ကို ကုပ်ပိုးပေါ်တင် ...ထားသော အရပ်ရှည်ရှည်အမျိုးသားတစ်ယောက် အမော



www.burmeseclassic.com

www.burmeseclassic.com



တကော ပြေးလာပြီး စိုးရိမ်တကြီးနှင့် မိန်းကလေးကို လာမေးသည်။

"ဘာမှမဖြစ်ပါဘူး အစ်ကိုရယ်၊ ဒီအစ်မနဲ့တိုက်မိလို့ ဆေးစာအုပ်တွေ ပြုတ်ကျသွားတာပါ၊ ညီမ ဘာမှမဖြစ်ပါဘူး"

"တော်သေးတာပေါ့ နှယ်လေးရာ၊ အစ်ကိုဖြင့် လန့်သွားတာပဲ၊ ဒီကောင် ဂိုကျနေလို့ အရုပ်ဝယ်ပေးနေတာနဲ့ နည်းနည်း နောက်ကျသွားတာ၊ ဒါကြောင့် နှယ်လေးကို ပြောတာပေါ့ ... ခဏစောင့်ပါလို့"

"ဟုတ်ပါတယ်ရှင် ... ကျွန်မအပြစ်ပါ၊ ကျွန်မ အလျင်စလိုလျှောက်မိလို့ တိုက်မိတာပါ ... တောင်းပန်ပါတယ်"

နိုင်မှာ အမျိုးသားကို လှမ်းကြည့်ရင်း ထပ်တောင်းပန်လိုက်သည်။

"ဟင် ... မမနိုင် မဟုတ်လားဟင်၊ ကျွန်တော် ပလူကောင်လေ မမနိုင်ရဲ့"

"ဟင် ... နင် ... နင် ... ပလူကောင်"





"ဟုတ်ပါတယ် မမနိုင်၊ မမနိုင်ရော တစ်ယောက်တည်းလား၊ ကျန်တဲ့လူတွေရော တွေ့သေးလား၊ အချိန်ရရင် အအေး တိုက်ပါရစေ မမနိုင်ရာ၊ လာပါ ... လိုက်ခဲ့ပါ"

တိုက်တိုက်ဆိုင်ဆိုင် ထပ်မံဆုံတွေ့လိုက်ရသော ပလူကောင်နှင့် တွေ့လိုက်ရချိန်မှာတော့ နိုင်တစ်ယောက် အံ့ဩမှုတွေ များပြားစွာဖြင့် လှုပင် ဒယိမ်းဒယိုင်ဖြစ်ချင်လာသည်။

ထို့ကြောင့် ပလူကောင်၏အတင်းအဓမ္မဆွဲခေါ်မတတ် ပြောဆိုတတ်သော၊အကျင့်ကိုလည်း သိသဖြင့် လှုကလည်း ခဏ နားချင်လာသောကြောင့် နီးစပ်ရာအအေးဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

"ကဲ ... မမနိုင် ဘာသောက်မလဲ၊ အရင်လိုပဲ သံပုရာ ရည်ပဲလား၊ နှယ်လေးက ကိုလာပဲသောက်နော်၊ သားကြီးက ဒို့ရည် ... ဟုတ်လား"

သူ့အကျင့်အတိုင်းပင် ပလူကောင်၏ထောင့်စေ့စွာ သိ တည်း ပြောလည်းပြော၊ မှာလည်းမှာနေသော ပလူကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း သူ့မိန်းမနာမည်ကို နွယ်လေးဟု နားမှာကြားလိုက်သလိုရှိသဖြင့် မေးလိုက်မိသည်။

"ဟဲ့ ပလူကောင် ... ဒီက ညီမနာမည်က ဘယ်သူ"

"ဪ ... တိုက်ဆိုင်နေလို့ မမနိုင် အံ့သြနေမှာပေါ့၊ သူ့နာမည်က ချို့နွယ်ရီတဲ့၊ တိုက်ဆိုင်တာတော့မဟုတ်ဘူး မမနိုင်ရဲ့ ... ကျွန်တော်က တမင်နွယ်လေးလို့ပဲ သူ့ကိုခေါ်တာ"

"ဟုတ်တယ် အစ်မရဲ့ ... သူက ညီမကို နွယ်လေးလို့ပဲခေါ်ခဲ့တာ၊ မမနိုင်တို့ မနွယ်လေးတို့ကို အစ်ကိုပြောပြလွန်းလို့ ညီမအတွက်တော့ အရမ်းရင်းနှီးနေပါပြီ၊ အခုမှ လူချင်းတွေ့မိတာပါ၊ ဓာတ်ပုံထဲမှာတော့ မြင်ဖူးပါတယ်၊ မမနိုင်က အပြင်မှာ ပိုခန့်တယ်နော်"

"ဟုတ်တယ် မမနိုင်ရေ ... ကျွန်တော်က အားလုံးအကြောင်းကို ပွင့်ပွင့်လင်းလင်းပြောပြထားတယ်၊ နွယ်လေးအပေါ် ကျွန်တော် အရမ်းစွဲလမ်းခဲ့တာကိုလည်း သူသိတယ်"

ပလူကောင်က သူ့အကျင့်အတိုင်း ပွင့်ပွင့်လင်းလင်း





ပြောလိုက်သော်လည်း နိုင်က တစ်ဖက်သားကို မိန်းမသားချင်းအားနာစွာဖြင့် ကြည့်မိသည်။

ပလူကောင့်မိန်းမကတော့ အပြုံးမပျက် အေးအေးဆေးဆေးပင်။

အအေးသောက်ပြီးတော့ ပလူကောင်က သူ့လိပ်စာပေး၍ လာလည်ရန် ဖိတ်လိုက်သည်။

"လာမယ်ဆိုရင် ဖုန်းကြိုဆက်လိုက်နော်၊ ရုံးဖုန်းရေးပေးထားတယ်၊ တနင်္ဂနွေဆိုရင်တော့ ကျွန်တော် တစ်နေ့လုံး အိမ်မှာရှိပါတယ်"

ပလူကောင်နှင့်လမ်းခွဲပြီး အိမ်ရောက်တော့ နိုင့်ဖေဖေကိုဆေးခန်းပို့ ထမင်းစားသောက်၊ ရေချိုးပြီးသည်နှင့် နောက်ကျိနေသောစိတ်များကို ဖြေဖျောက်ရန် အိပ်ရာထဲ စောစောဝင်လာခဲ့သည်။

ညနေက တစ်နေ့တည်းမှာပင် တိုက်တိုက်ဆိုင်ဆိုင်တွေ့ဆုံခဲ့ရသော နွယ်လေးနှင့်ပလူကောင်တို့အကြောင်းကိုတွေး



www.burmeseclassic.com

www.burmeseclassic.com



ရှင်း ကျောင်းတုန်းက အကြောင်းလေးများကို ပြန်လည်သတိရ လာမိသည်။

အဲဒီတုန်းကပေါ့ ...

—

နိုင်၊ နွယ်လေးနှင့် သန္တာတို့က ကျောင်းမှာ တစ်ခန်းတည်း တစ်ခုံတည်း။ ပထမနှစ်ကစ၍ နောက်ဆုံးနှစ်အထိ မခွဲခွာတဲ့ ညီအစ်မအရင်းများကဲ့သို့ ချစ်ချစ်ခင်ခင် တတွဲတွဲနေခဲ့ကြသူများဖြစ်သည်။

နိုင့်နာမည်က နိုင်နိုင်ခန့်။ အားလုံးထက် အသက်ကြီးသူမို့ မနိုင်ဟု တလေးတစားခေါ်ကြသည်။ တိုင်ပင်စရာရှိလည်း အစ်မကြီးတစ်ယောက်သဖွယ် ပွင့်ပွင့်လင်းလင်းပြောဆိုတိုင်ပင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးနာမည်က နွယ်သာကီ။ သူတို့အဖွဲ့တွင် အချောဆုံး အလှဆုံး၊ နက်မှောင်ရှည်လျားသော တင်ပါးကျော ကျော်ဆံပင်ရှည်များနှင့် လှပသောမျက်လုံး၊ နက်မှောင်ထူထဲသော မျက်ခုံးတို့က နွယ်လေးရဲ့အလှကို ထပ်မံဖြည့်ဆည်းပေးထား သည်။ ဆေးဆေးတည်ငြိမ်နေတတ်သည်။

ရုပ်ကလေးလှသလောက်လည်း သည်းခံတတ်သူ၊ စဉ်း စားချင့်ချိန်တတ်သူ၊ အမြဲတစေ မတည်မပြုံး ပုံမှန်မျက်နှာနှင့် နေတတ်သူဖြစ်သည်။

သန္တာ့နာမည်ကတော့ သန္တာခင်။ သူက ဖြူဖြူဝဝ ပုပုလုံးလုံးလေးနှင့် ချစ်စရာကောင်းသည်။ စကားပြောရင် အပြောင်အပျက်လေးနှင့် ပြောရမှ ထမင်းစားဝင်သည်။ အစားပုပ် သလောက် သဘောကောင်းသည်။ စိတ်ဆိုးခဲသည်။

ထွန်းရဝေသည်လည်း နိုင်တို့နှင့် ပထမနှစ်တက် ကတည်းက တစ်ခန်းတည်းပင်ဖြစ်သည်။ အမြဲတမ်း အကျီအဖြူ ကော်လံကတုံးလေးများကို ဝတ်ဆင်တတ်ပြီး အပေါင်းအသင်း





ည်းသည်။ အသားလတ်လတ်နဲ့ ယောကျ်ားပီသချောမောသည်။ အေးအေးဆေးဆေးနေတတ်ပြီး အတန်းထဲတွင် စာအတော်ဆုံး ဖြစ်သည်။

ပလှုကောင့်နာမည်အရင်းက ထွန်းထွန်းလှု။ လှုပုံစံက ဖြူပိန်ပိန်ရှည်ရှည်နှင့် ကုလားမင်းသားကဲ့သို့ ချောမောသည်။ ကလည်း ပြောင်ချော်ချော်၊ နောက်ရွှတ်ရွှတ်နှင့် ပေါ့ပေါ့ပါးပါး မြဲနေတတ်သူဖြစ်သည်။

နိုင်တို့အဖွဲ့ကတော့ သူ့ကို ဖြူဖြူပါးပါးမို့ သူ့နာမည် ည်းပါအောင် ပလှုကောင်ဟု နောက်ခေါ်ကြသည်။

ပလှုကောင်နှင့်ကတော့ အတန်းမတူ။ နိုင်တို့သုံးယောက် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မှာ English Speaking သွားတက်ကြရင်း အဲဒီသင်တန်းမှာ သိကျွမ်းခဲ့ကြခြင်းဖြစ်သည်။

သိကျွမ်းပုံကလည်း နွယ်လေးကြောင့်ဟုပင် ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ခိုင်တို့တက်နေသော Speaking သင်တန်းသို့ နောက်ထပ်ကျောင်းသားအသစ်တစ်ဖွဲ့ ထပ်ရောက်လာသည်။ ဆယ်ယောက်ခန့်ရှိမည်။ ထုံးစံအတိုင်း ဆရာက အတန်းသားများနှင့် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ခိုင်းသည်။

“Hello; my name is Kyaw Kyaw”

“ " " Tony”

“ " " Kyaw Swa”

“ " " Tun Tun Lu”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ထွန်းထွန်းလူတဲ့ ချောလိုက်တာ . . ကုလား မင်းသားလေးကျနေတာပဲ"

"မိတယ်နော်"

"ရေရေလည်လည်ပွင့်တယ်ဟ"

နောက်ဆုံးတစ်ယောက် မိတ်ဆက်အပြီးတွင် ရှေ့နားမှ ကောင်မလေးတစ်သိုက်ထံမှ တီးတိုးအသံမျိုးစုံ ထွက်လာသည်။

"ဟုတ်တယ်နော် မမနိုင် . . . တော်တော်ချောတယ်"

"ဘာလဲ . . . သန္တာက သဘောကျလို့လား"

"သဘောတော့ကျတာပေါ့ . . . ချောတာကိုး၊ ဒါပေမဲ့ ပလူကောင်လေးလို ဖြူရှည်ရှည်နဲ့ဆိုတော့ သန္တာနဲ့ကတော့ ဘယ်လိုလုပ်သဟဇာတဖြစ်မှာလဲ၊ အဲ . . . နွယ်လေးနဲ့ဆိုရင်တော့ အရမ်းလိုက်မှာပဲ"

နိုင်ရဲ့နောက်လိုက်သောစကားကို သန္တာက ကမန်း ကတန်း ဖြေရှင်းချက်ထုတ်လိုက်သည်။ ဟုတ်လား . . . သန္တာ ပြောတဲ့စကားထဲက ပလူကောင်ဆိုတဲ့ နာမည်နဲ့ ဒင်းနဲ့တော့



တော်တော်လိုက်တယ်။

ပြီးတော့ နွယ်လေးနဲ့ဆိုရင်လည်း တော်တော်ကြည့် ကောင်းတဲ့အတွဲဖြစ်မယ်။ သန္တာ့စကားကို နိုင့်စိတ်ထဲက ကျိတ် ထောက်ခံရင်း နွယ်လေးကို လှမ်းကြည့်လိုက်သည်။ နွယ်လေးက တော့ သူတို့စကားကို ကြားပုံမပေါ်။

မနေ့က ဆရာက Topic tittle တစ်ခုတင်၍ ထွက်ပြောရ ည်ဟု ပြောထားသောကြောင့် အကယ်၍ ကိုယ့်အလှည့်ကျလာ ရင် ပြောနိုင်အောင် အကြမ်းထုတ်ထားသောစာကို ငုံ့ဖတ်နေ သည်။

"ကဲ . . . မနေ့က ဆရာပြောထားတဲ့အတိုင်း ကိုယ် ကြိုက်တဲ့ခေါင်းစဉ်တစ်ခုစီနဲ့ တစ်ယောက်ချင်းပြောတဲ့အစီအစဉ်ကို ရအောင်၊ မှားချင်မှားပါစေ . . . ရတယ်၊ ရှက်စရာမလိုဘူး။ မှားတွေ့မှ အမှန်ရမှာ၊ Speaking ကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ချင်ရင် အမိကအချက်က ပြောရဲရမယ်နော်၊ ကိုပဲ နေပြီး မပြောရဲရင် တိုးတက်မှာမဟုတ်ဘူး၊ မှားမှားမှန်မှန်

www.burmeseclassic.com

www.burmeseclassic.com



ပြော၊ လိုအပ်ရင် ဆရာက ထောက်ပေးမယ်၊ ရှင်းပြပေးမယ်၊ ကဲ ... ဘယ်သူက စ,ပြောမှာလဲဟေ့"

ဆရာ့ရဲ့စကားအဆုံးမှာ သင်တန်းတစ်ခုလုံး ရုတ်တရက် ငြိမ်ကျသွားသည်။ အိမ်မှာ ဘယ်လောက်ပဲ ကျင့်ခဲ့,ကျင့်ခဲ့ တကယ်တမ်း အတန်းရှေ့မှာ မိုက်ကရိုဖုန်းကိုင်ပြီး ထွက်ပြောရ မည်ဆိုတော့ တော်ရုံတန်ရုံ သတ္တိလောက်နှင့် မရတော့။ ဒူးတုန် ရင်တုန်နှင့် စကားတွေမှား၊ အသံတွေပျောက်ကုန်မှာ ကျိန်းသေ သည်။

ဒါတောင် ဆရာက by name နှင့် ဘယ်သူ့,ထ၊ ဘယ်သူ ပြောဟု မခေါ်၍ တော်သေးသည်။ တစ်ယောက်နှင့်တစ်ယောက် ဘယ်သူထွက်ပြောမလဲဟူ၍သာ စိတ်ဝင်တစားနှင့် ခေါင်းကိုယ်စီ ငုံ့ပြီး တီတ်ဆိတ်စွာစောင့်စားနေကြသည်။ ဆရာ့ကိုလည်း မော့ မကြည့်ရဲ။ တော်ကြာ ဆရာနှင့် မျက်လုံးချင်းဆုံသွားလျှင် ကိုယ့် ပြောချင်သည်ဟု ဆရာက ထင်သွားပြီး ခေါ်ပြောခိုင်းရင်ဒုက္ခ

"ကျွန်တော်ပြောမယ်ဆရာ"



ရုတ်တရက် နောက်ဆုံးတန်းမှ အသံတစ်သံ ထွက်လာ သည်။

"ဟယ် ... ပလူကောင်တော့"

သန္တာ့ထံမှ အာမေဍိတ်သံနှင့်အတူ တခြားခုံတန်းမှ ကောင်မလေးများထံမှလည်း အသံတိုးတိုးလေးများ ထွက်လာ သည်။

"အင်း ... ဒီနေ့မှ ကျောင်းစတက်တယ်၊ ဒီနေ့ပဲ ထွက် ပြောရဲတယ်ဆိုတော့ တော်တော်မျက်နှာပြောင်မယ့်ကောင်ပဲ"

နိုင်က တီးတိုးရေရွတ်ရင်း သူတို့ခုံတန်းကို လှစ်ခနဲ ကျော်ဖြတ်ကာ စတိတ်ခုံပေါ်ကို လျှောက်သွားသော ပလူကောင် ကို ကြည့်နေမိသည်။

အရပ်ကရှည်ရှည်၊ အသားကဖြူဖြူ၊ စပို့ရှပ်ရေညှိစိမ်း၊ ဗုဒိုးအစိမ်းကွက်စိပ်လေးနှင့် မိုက်ကရိုဖုန်းကိုင်ကာ စတိတ်ခုံပေါ်၌ ရပ်နေသော ပလူကောင်ကို ကြည့်ရသည်မှာ ဖါရင့်ရှင့်ရှင်မင်း သားအဆိုတော်တစ်ယောက် သီချင်းဆိုမည့်ပုံစံပေါက်နေသည်။

www.burmeseclassic.com



ပြောသာ ပြောရသည် . . . ရှေ့က,ကောင်မလေးတွေ မပြောနှင့် . . . နိုင်တောင် မျက်တောင်မခတ် ကြည့်မိသည်။

"မင်္ဂလာပါခင်ဗျာ . . . လောလောဆယ်တော့ မြန်မာလို ပဲ ပြောခွင့်ပြုပါ၊ ကျွန်တော်ကတော့ ဒီနေ့မှ ကျောင်းစတက်တဲ့ ထွန်းထွန်းလူပါ၊ ဆရာက အားလုံးကို ညီအစ်ကိုမောင်နှမလို သဘောထားရမယ်လို့ ပြောထားတဲ့အတိုင်း ကျွန်တော် အခုပြော မယ့် စာပိုဒ်လေးကိုလည်း speaking လေ့ကျင့်နေတယ်လို့ သဘောထားပြီး အားလုံးနားလည်ပေးပါခင်ဗျာ၊ အမှားပါရင် လည်း ခွင့်လွှတ်ပါ . . .။

ခေါင်းစဉ်နာမည်ကတော့ The girl I like best ပါ"

ခေါင်းစဉ်နာမည်ကိုက အနည်းငယ်ဆန်းပြားနေသဖြင့် အားလုံးက အရမ်းစိတ်ဝင်စားစွာဖြင့် နားစွင့်နေကြသည်။

ပလူကောင်၏အသံက ကြည်လင်ပြတ်သားစွာ ထွက် ပေါ်လာသည်။

သူပြောသည့်စာသားများကတော့ သူ့ရဲ့ကျောင်း၊ အိမ်၊



ပတ်ဝန်းကျင်မှာ အရွယ်အစား၊ ပုံသဏ္ဌာန်မျိုးစုံနဲ့ မိန်းကလေးတွေ အများကြီးကိုမြင်ဖူး၊ တွေ့ဖူးကြောင်း၊ စိတ်ထဲမှာလည်း ပုံမှန်သာ သဘောထားမိကြောင်း၊ ဒီလိုနဲ့ပဲ အချိန်တွေကုန်လွန်လာခဲ့ ကြောင်း၊ ဒီနေ့ကျမှ သူ့စိတ်ကို အရမ်းစိတ်လှုပ်ရှားစေသော မိန်းကလေးတစ်ဦးကိုတွေ့ခဲ့ကြောင်း၊ သူဟာ ဆံပင်ရှည်လေးနဲ့ သနပ်ခါးလေးကို လှပစွာလိမ်းခြယ်ထားကြောင်း၊ မြင်လိုက်တာနဲ့ ရင်ထဲမှာ အေးမြသွားကြောင်း၊ မြန်မာပီသသော အလှစစ်အမှန် တစ်မျိုးဖြစ်ကြောင်း၊ ဒီမိန်းကလေးဟာ ဒီနေ့မှာ အင်္ကျီအပြာရောင် ဝမ်းဆက်လေးကိုဝတ်ထားပြီး ဖဲကြိုးအပြာလေးကိုချည်ထား ကြောင်း၊ ဒီမိန်းကလေးကို သူ့ဘဝမှာ အနှစ်သက်ဆုံးဖြစ် ကြောင်း၊ ခပ်တည်တည်နဲ့ပြောပြီး အရှိအသေပြုကာ စင်တော်ပေါ်မှ ဆင်းသွားသည်။ တစ်ကြောင်းချင်းလိုက်ပြီး လိုအပ်တာ ထောက်ပေး၊ ဘာသာပြန်ပေးနေသော ဆရာတောင်မှ ပြုံးစိစိ ဖြစ်သွားရသည်။

အဲဒီတော့မှ အတန်းထဲက လူတွေက လက်ခုပ်တီးကာ

www.burmeseclassic.com

www.burmeseclassic.com



အားပေးရင်း သူပြောတဲ့ မိန်းကလေးရှိ မရှိ ဘယ်သူဘယ်ဝါဆို တာ လိုက်ရှာကြသည်။

နောက်ဆုံးတော့ ...

အားလုံးရဲ့မျက်လုံးများသည် ခိုင်တို့ခုံတန်းရဲ့ထောင့် အဆုံးမှာထိုင်နေသော အကျီအပြာရောင် လက်ပြတ်ဝမ်းဆက် လေးနှင့် ဆံပင်ကို ဖဲကြိုးအပြာလေးဖြင့် ခပ်မြင့်မြင့်စည်းနှောင် ထားသည့် သနပ်ခါးပါးကွက်လေးနှင့် နွယ်လေးထံမှာ စုပြုံ ရောက်ရှိသွားကြသည်။

နွယ်လေးကတော့ ရုတ်တရက်ကြားလိုက်ရသဖြင့် ရှက်ရွံ့ သွားပြီး အနေခက်သလိုဖြစ်သွားပေမယ့် နောက်တော့ သူ့ အကျင့်အတိုင်းပင် ဘာမှမဖြစ်သလို၊ ခံစားမှုမရှိသလို ပုံမှန်ဖြစ် သွားသည်။

နွယ်လေးအကျင့်က ဒီအတိုင်းပင်။ သူ့ရင်ထဲမှာ ဘာ တွေဖြစ်နေတယ်၊ ဘာကိုခံစားရတယ်ဆိုတာ ဘယ်သူမှ ပုံမဖော် နိုင်။ ပုံမှန် ပြုံးမလိုလို၊ တည်မလိုလို မျက်နှာမျိုးလေးနှင့် အမြ



ကမ်းတွေ့ရတတ်သည်။ ခိုင်တို့ အကြောင်းသိ၊ အစင်းသိတဲ့သူ တွေတောင်မှ တစ်ခါတလေ နွယ်လေးကို အကဲမခတ်နိုင်။ တော်ရုံ လူတွေဆိုရင် လုံးဝမသိနိုင်ခဲ့။ သင်တန်းချိန်ပြီးတော့ ခိုင်တို့အဖွဲ့ အအေးဆိုင်ထိုင်ရင်း စောစောကကိစ္စကို ပြောဖြစ်ကြသည်။

"အဲဒီပလူကောင်က တကယ်မလွယ်ဘူးနော်၊ ဒီနေ့မှ ရောက်ပြီး ရေရေလည်လည် တက်ကြောင်ရဲတယ်၊ ပြီးတော့ နွယ်လေးကိုပါ ဆွဲထည့်လိုက်သေးတယ်"

"ဟုတ်တယ်ကွ ... လူပုံလေးက ချောပုံချောရဲ့နဲ့ ... အကြောကတော့ ပြောင်ပဲ"

ခိုင်နှင့်သန္တာတို့က မဲ့မဲ့ရွဲ့ရွဲ့နှင့် ပြောနေသလောက် နွယ် လေးကတော့ ပုံမှန်အတိုင်းသာ ပြန်ဖြေသည်။

"ထားလိုက်ပါတော့ သန္တာရယ် ... ကျောင်းသားအချင်း ချင်းပဲ ထွက်ပြောရဲတဲ့သူ့ကိုသာ ချီးကျူးရမှာ"

"ဒီမှာခင်ဗျ ... ကျွန်တော် ခဏလောက်ထိုင်လို့ရမလား ခင်ဗျာ"

www.burmeseclassic.com



ရုတ်တရက်ပေါ်ထွက်လာသောအသံကြောင့် နိုင်တို့သုံး ယောက် လန့်သွားကြသည်။

ကြည့်လိုက်တော့ ပလူကောင်။

ပါးစပ်ကသာ ထိုင်ခွင့်တောင်းနေပေမယ့် လူကတော့ ဘေးဝိုင်းက နံလွတ်တစ်ခုကိုဆွဲ၍ ဝင်ထိုင်ပြီးသားဖြစ်နေပြီ။

"ကျွန်တော်က ထွန်းထွန်းလူပါ၊ ဈေးစောကကိစ္စ အတွက် တောင်းပန်ချင်လို့ပါ၊ ဒီက တစ်ယောက်ကို နစ်နာစေဖို့ အရှက်ရစေဖို့လုပ်တာ မဟုတ်ပါဘူး၊ ဘယ်သူမှလည်း ထွက် မပြောကြတာနဲ့ ဆရာကလည်း အားလုံးမောင်နှမတွေလို့ သဘောထားပြီး ပြောကြဆိုတာရယ်ကြောင့် ကျွန်တော် ထွက် ပြောလိုက်တာပါ၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ ဒီက တစ် ယောက်ကို အနူးအညွတ်တောင်းပန်ပါတယ်"

တရစပ်ပြောနေသော ပလူကောင်ကိုကြည့်ပြီး ကာယကံ ရှင် နွယ်လေးကတော့ မသိ ... နိုင်တို့နှစ်ယောက်ကတော့ အမြင်ကတ်ပြီး ဒေါသထွက်လာသဖြင့် အော်ပစ်လိုက်သည်။



"ဒီမှာ ပလူကောင် ... နင့်ဘာသာ စည်းမဲ့ကမ်းမဲ့ပြော ချင်ရာကို တခြားမှာသွားပြော၊ မျက်နှာသွားပြောင်၊ ဒီမှာ မိန်းက လေးတစ်ယောက်ရှက်သွားမှာကို မစဉ်းစားဘူး၊ ဦးနှောက်မရှိဘူး၊ ပလူကောင်ဘာရိန်း"

"ပလူကောင်ဆိုတာ ကျွန်တော့်ကိုပြောတာလား၊ ရပါ တယ် ... ပလူကောင်ပဲခေါ်ခေါ်, နံ့ကောင်ပဲခေါ်ခေါ် ... ကျွန် တော်ကျေနပ်ပါတယ်၊ အဓိက,ကတော့ ဒီက,တစ်ယောက် ခွင့် လွှတ်ဖို့ပါပဲ"

ပြန်မဖြေမချင်း တတွတ်တွတ်နှင့် နားငြီးစွာတွယ်ကပ်နေ သည့်အနေးမို့ နွယ်လေးက အေးအေးဆေးဆေး ပြန်ဖြေလိုက် သည်။

"ရပါတယ် ... ရှင်လည်း တမင်လုပ်တာမှ မဟုတ်ဘဲ၊ အတန်းသားအချင်းချင်း ပညာရေးအရ နားလည်ပေးနိုင်ပါ တယ်၊ ရှင်သိချင်တာ ဒါပဲမဟုတ်လား ... ဒါဆိုရင် ခွင့်ပြုပါဦး နော်ရေ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးက ပုံစံမပျက်ပြန်ဖြေရင်း ပြန်ဖို့ပြောပြီး ဦးဆောင်ထ,လိုက်၍ ကျသင့်ငွေကိုစားပွဲပေါ်တင်ကာ နိုင်တို့ အလျင်အမြန်ထွက်လာခဲ့သည်။

ပလူကောင့်ကိုလည်း နိုင်နှင့် သန္တာတို့ နှစ်ဦး တစ်ပြိုင်တည်း မျက်စောင်းတော့ ပစ်ထိုးခဲ့ကြသေးသည်။

ပလူကောင်က ပြုံးဖြဲဖြဲနှင့် ကျန်နေခဲ့သည်။

နောက်ပိုင်း သင်တန်းချိန်တိုင်း ပလူကောင်တို့တစ်ဖွဲ့လုံး နိုင်တို့အဖွဲ့ကို အတင်းဝင်ရော၊ မုန့်ဆိုင်မှာ အတင်းဝင်ထိုင်၊ အတင်းဝယ်ကျွေး စသည့်ဗျူဟာမျိုးစုံဖြင့် ဝင်ရောကြသည်။

နိုင်တို့အဖွဲ့က အားလည်းနာ၊ ခင်လည်းခင်တတ်ကြတော့ လူငယ်ပီပီ အဖွဲ့ကျပြီး ခင်မင်သွားကြသည်။ အထူးသဖြင့် ပလူကောင်၏ အရေးပေးမှု၊ ဂရုစိုက်မှုများက နွယ်လေးအပေါ်တွင် ပိုမိုနေသည်။

နွယ်လေးကတော့ ပုံမှန်အတိုင်းပင်။

နောက်ပိုင်း အချိန်အားရင်အားသလို နွယ်လေးတို့





အတန်းဘက်သို့ ပလူကောင်တို့အဖွဲ့ ပုံမှန်ရောက်လာတတ်သည်။

ပလူကောင်တို့အဖွဲ့ ကျောင်းသို့ရောက်လာသည့်နောက်ပိုင်း ထူးခြားဖြစ်စဉ်တစ်ခု တိုးလာသည်။ ဒါကတော့ အမြဲတမ်း အေးအေးဆေးဆေးနေတတ်သည့် ထွန်းရဝေ၏မေးမြန်းမှုပင်ဖြစ်သည်။

အဲဒီနေ့က နိုင်တို့အိမ်က သွားစရာရှိ၍ နိုင့်ကို တစ်ခါတည်း ကျောင်းသို့ဝင်ပို့ပေးသွားသဖြင့် နိုင် ကျောင်းကို အစောကြီး က်သွားသည်။ ကော်ရစ်ဒါမှာ နိုင်ရပ်နေတုန်း ထွန်းရဝေ ရောက်လာသည်။

အမြဲတမ်း အဖြူရောင်လေးနှင့် သပ်သပ်ရပ်ရပ် ဝတ်ဆင်ယင်တတ်သော ခန့်ညားသပ်ရပ်သောထွန်းရဝေကို ဘယ်အချိန်ကြည့်ကြည့် ချောမောခန့်ညားစွာ တွေ့ရသည်။

“မမနိုင် ...ဒီနေ့စောတယ်နော်”

“ဟုတ်တယ် ထွန်းရဝေ၊ ဒီနေ့ အိမ်က သွားစရာရှိလို့ သေး မမနိုင်ကို တစ်လက်စတည်းပို့ပေးသွားတာ”

“မမနိုင်ကို ကျွန်တော် တစ်ခုလောက်မေးလို့ရမလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ ကျွန်တော် ဒီလိုမေးတာကိုလည်း ဘယ်သူ့ကိုမှ ပြန်မပြော ပါနဲ့နော်''

ထူးထူးဆန်းဆန်း ထွန်းရဝေစကားကြောင့် သူ့မျက်နှာကို လှမ်းကြည့်လိုက်တော့ မျက်နှာနီနီအိုးတိုးအမ်းတမ်းဖြင့် တော်တော် အနေရခက်နေပုံရသည်။

''ကဲ ... ပြော ... ဘာမေးမှာလဲ၊ မမနိုင် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးပါတယ်''

''ဟိုလေ ... မမနိုင်တို့ဆီကို အခုတလော ခဏခဏ လာလည်နေတဲ့သူက နွယ်လေးနဲ့ ဘယ်လိုပတ်သက်နေလဲလို့ သိချင်လို့ပါ''

သြော် ... လက်စသတ်တော့ ဒီရေခဲတုံးမင်းသားက လည်း နွယ်လေးကို စိတ်ဝင်စားနေတာကိုး။ နိုင်တို့တောင် လုံးဝ မရိပ်မိ။ ရိပ်မိဖို့မပြောနှင့် ထင်တောင်မထင်မိပါ။

သူလည်း နွယ်လေးကို စကားပြောဖူးဖို့ နေနေသာသာ မျက်နှာချင်းတောင် တစ်ခါမှတည့်တည့်မဆိုင်ဖူးပါ။ အတန်း





သားချင်းကိုစွရှိလျှင် နိုင်နှင့်တောင် တစ်ခွန်းနှစ်ခွန်းလောက် ပြောဆိုပြီး အမြဲတမ်း စာအုပ်တစ်အုပ်နှင့် သူ့ဘာသာနေသူမို့ နိုင်တို့ကလည်း အနှောင့်အယှက်မပေးပါ။

သူ့ခမျာ အရမ်းသိချင်စိတ်များလွန်းလို့သာ နိုင့်ဆီကို အရဲစွန့်ပြီး လာမေးတာထင်တယ်။ ကြည့်ပါဦး ... မျက်နှာတစ်ခု လုံးလည်း ရဲတွတ်လို့။

နိုင့်မှာ အားနာစွာဖြင့် ပြန်ဖြေလိုက်ရသည်။

''မမနိုင်တို့ Speaking Class က သူငယ်ချင်းတွေပါ၊ မွန်းထွန်းလူလို့ ခေါ်တယ်၊ နွယ်လေးနဲ့ လောလောဆယ် ဘာမှ တော့ မပတ်သက်သေးပါဘူး။ ဒါပေမဲ့ သူ့ဘက်ကတော့ ပတ် သက်ချင်ပုံရတယ် ... ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူး မမနိုင်၊ ဒီလောက်သိရရင် တော်ပါ ပြီ ... ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး''

ပြောပြောဆိုဆို ထွက်သွားသော ထွန်းရဝေကိုကြည့်ပြီး နိုင် တစ်ခုခုတော့ ရိပ်စားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သစ်ငုတ်တော့ လှုပ်လာတော့မယ်ထင်ပါရဲ့"

နွယ်လေးကို ပြန်ပြောချင်သော်လည်း ထွန်းရဝေ[က] ကတိပေးထားသောကြောင့် မပြောသေးဘဲ အခြေအနေကို စော[င့်] ကြည့်လိုက်ဦးမည်ဟု ခိုင် တွေးထားလိုက်သည်။

နေ့ခင်းဘက် ခိုင်တို့အဖွဲ့ စားသောက်ဆိုင်ထိုင်နေတုန်း ထုံးစံအတိုင်း ထွန်းထွန်းလူတို့ ရောက်လာကြသည်။

"ကဲ ... မမခိုင်တို့အားလုံး ဒီနေ့ကြိုက်ရာ အဝစား ကြပါ၊ ဒီနေ့ ... ဒီကောင် ထွန်းထွန်းလူက ဒကာခံမယ်တဲ့ဗျာ"

"အေး ... ကောင်းတာပေါ့၊ အီစကိုတို့တော့ အဝတီး ထဲလိုက်မယ်"

ကျော်စွာရဲ့အပြောကို အစားပုပ်သော သန္တာက ဘာမှန်း မသိစွတ်ရွတ်ပြီး ထောက်ခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နေစမ်းပါဦး၊ ဒီနေ့က ဘာနေ့မို့လို့လဲ၊ ပလူကောင်ရဲ့ မွေးနေ့လား"

နိုင်က လူကြီးပီပီ သိချင်တာကို အရင်မေးလိုက်သည်။

"မဟုတ်ပါဘူး မမနိုင်ရဲ့၊ ဒီနေ့ ကျွန်တော် နွယ်လေးကို propose လုပ်မလို့၊ အဲဒါ အရင်ဆုံး အကြိုအလှူလုပ်တာ၊ ကျွန်တော် နွယ်လေးဆီက တုံ့ပြန်မယ့်အချစ်ကို ရပါစေလို့ ဆုတောင်းပေးကြပါ၊ ကျွန်တော် အားလုံးရဲ့ရှေ့မှာပဲ နွယ်လေးကို ချစ်ခွင့်ပန်ပါရစေ"

"နွယ်လေးကို ကျွန်တော် အရမ်းချစ်တယ်"

နိုင်ရဲ့အမေးကို ထွန်းထွန်းလူက ရှည်လျားစွာ ရှင်းပြရင်း တစ်ဆက်တည်း နွယ်လေးကိုချစ်ခွင့်တောင်းလိုက်သည်။

နိုင်တို့တစ်သိုက်မှာ ရုတ်တရက် တစ်ခါမှမကြုံဖူးသည့် ခေတ်သစ်ရည်းစားစကားပြောနည်းကို နဖူးတွေ့ဒူးတွေ့ ကြုံလိုက်ရ၍ ကာယကံရှင်နွယ်လေးတော့ ဘယ်လိုနေရှာမည် မသိ . . . နိုင့်မှာတော့ ရင်တုန်ပန်းတုန်နှင့် မျက်နှာတွေပူနေသလို ဟိုဟာ



ကိုင်ရမလိုလို, ဒီဟာကိုင်ရမလိုလို ဖြစ်နေသည်။

ဘယ့်နှယ့် . . ဒီပလူကောင်ဟာ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ။

ရည်းစားစကားပြောတယ်ဆိုတာ နှစ်ယောက်ချင်းတွေ့မှ ခံစားမှုအပြည့်ထည့်ပြီး ဖိလင်လေးနဲ့ပြောရတယ်ဆိုတာ ဒီကောင်မသိဘူးလား။

သန္တာကို လှမ်းကြည့်လိုက်တော့ သူလည်း နိုင့်လိုပင် ရုတ်တရက် ကြောင်အမ်းအမ်း၊ ယောင်နနဖြစ်သွားပြီး. လက်ထဲတွင် မှုတ်ရန်ကိုင်ထားသော ရေနွေးအပူကြီးကို ပါးစပ်ထဲလောင်းထည့်မိ၍ ပူသွားကာ မျက်နှာချင်းဆိုင်ရှိ ကျော်စွာ့မျက်နှာဆီသို့ ထွေးထုတ်မိလျက်သား ဖြစ်သွားသည်။

နွယ်လေး . . . နွယ်လေးရော ဘယ်လိုနေမလဲ။

သူတို့တောင် ဒီလိုဖြစ်သွားရင် ကာယကံရှင်နွယ်လေးရော ဘယ်လိုဖြစ်သွားမလဲ။

ရုတ်တရက်ရှက်ပြီး ပလူကောင်ကို ရှက်ရမ်းရမ်းဦး

www.burmeseclassic.com



ဟစ်ခုခုလုပ်၊ တစ်ခုခုပြန်ပြော၊ ဒါမှမဟုတ် နေရာက ထ,ပြေးသွား မလား။

ဒါက နိုင့်အထင်။

တကယ်တမ်း နွယ်လေးကို လှမ်းကြည့်တော့ မျက်နှာလေးက သိသိသာသာရဲတွတ်နေတာကလွဲလို့ နယ်လက်စ နန်းကြီးသုပ်ကို ပုံစံမပျက် ဖွန်း၊ ခက်ရင်းနှင့် နယ်နေတာတွေ့ရသည်။

"ကျွန်တော် နွယ်လေးကို အထင်သေးလို့ ဒီလိုလုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော်ခင်တဲ့ သူငယ်ချင်းတွေကို သက်သေထားပြီး ချစ်ခွင့်ပန်တာပါ၊ နွယ်လေး ရှက်ချင်ရှက်ပါ ... ဒါပေမဲ့ စိတ်တော့ မဆိုးပါနဲ့နော်"

ကြည့် ... ပြောနေရင်းက ဒီပလူကောင်က ပိုဆိုးနေသည်၊ ရှက်တာကိုတောင်မှ သူက ခွင့်ပေးနေသေးတယ်။

နိုင် မနေသာတော့။

ထပ်ပြီးပြောနေရင် အခြေအနေဆိုးသွားမှာစိုးလို့ ကြားဝင်ပြောလိုက်ရသည်။



ဒါပေမဲ့ ပလူကောင့်ကိုတော့ အားနာလို့ တိုက်ရိုက်မပြောဘဲ ကြားက ကျော်စွာတို့ဘက်ကိုလှည့်ပြီး မဲလိုက်သည်။

"နင်တို့ကလည်းဟယ် ... ဒီလိုကြီးလုပ်ဖို့ ပြောဖို့တော့ မမြှောက်ပေးသင့်ပါဘူး။ ငါကတော့ စိတ်ဆိုးတယ်"

"ဟာ ... မဟုတ်ဘူး မမနိုင်၊ ဒီကိစ္စ ကျွန်တော်တို့ လုံးဝမသိဘူး။ ဒီမနက် ဒီကောင်က ဒီနေ့ သူ ဒကာခံမယ်လို့ပဲ ပြောတာ၊ ဒီအကြောင်းကို လုံးဝမသိပါဘူးဗျာ၊ သူက ဒီနေ့ အင်္ကျီ၊ လုံချည်အသစ်နဲ့မို့ အသစ်ဖွင့်ပွဲလုပ်ပြီး ကျွေးတာလို့ပဲ ထင်တာပါဗျာ၊ ကျွန်တော်တို့လည်း မမနိုင်တို့လိုပဲ အခုမှသိရတာပါ၊ ဒီကောင်လုပ်လိုက်ရင် ဒီလိုချည်းပဲ"

တိုနီ၏ ကမန်းကတန်းဖြေရှင်းချက်ကြောင့် ပလူကောင့်ကို အခုမှ သေသေချာချာကြည့်မိသည်။

ဟုတ်သားပဲ၊ အင်္ကျီအဖြူလက်ရှည်လေးနှင့် ပုဆိုး အပြာရင့်ရောင်အကွက်စိပ်ကလေးနှင့်။ ထွန်းထွန်းလူပုံစံက တရားရုံး သွားပြီး လက်မှတ်ထိုးမယ့် သတို့သားလောင်းပုံပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်လည်း ဘာဆက်ပြောရမှန်းမသိဖြစ်သွားပြီး စားပွဲဝိုင်းက ခေတ္တခဏတိတ်ဆိတ်သွားသည်။

ခဏကြာတော့ တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူက နွယ်လေး။

"ကိုထွန်းထွန်းလူက နွယ်လေးကို ချစ်တယ်ဆိုတော့ ဝမ်းသာပါတယ်၊ သူငယ်ချင်းတွေရှေ့မှာ သက်သေထားပြီး ပြောဆိုသွားတာဆိုတော့ ပိုကောင်းတာပေါ့၊ နွယ်လေးဘက်ကလည်း ကိုထွန်းထွန်းလူကို ခင်ပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စအတွက်ကတော့ နွယ်လေးမှာ အဖြေမရှိသေးပါဘူး။ နွယ်လေးကို အချိန်ပေးပါဦး။ နွယ်လေးခေါင်းထဲမှာ ထားထားပါ့မယ် ...။

ဒီကြားထဲမှာတော့ နွယ်လေးကို ထပ်ပြီး ဒီအကြောင်း မပြောဖို့ တောင်းပန်ပါရစေ၊ အရင်လိုပဲ သူငယ်ချင်းတွေလိုနေသွားရအောင်၊ နွယ်လေးဘက်ကတော့ ပြောစရာကုန်ပါပြီ၊ အတန်းတက်စရာရှိလို့ နွယ်လေးကို ခွင့်ပြုပါဦး"

နွယ်လေးနောက်သို့ နိုင်တို့နှစ်ယောက် အပြေးအလွှား



လိုက်သွားကြသည်။

စားပွဲတွင် ကျန်နေခဲ့သော ထွန်းထွန်းလူက ခေါင်းငိုက်စိုက်။

ကျော်စွာက ...

"ဟေ့ကောင် ထွန်းထွန်းလူ ... မင်းကကွာ၊ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ၊ ဟိုက ရှက်ပြီး ပါးမရိုက်တာ ကံကောင်း၊ ငါတောင် ကြားထဲက မျက်နှာပူပြီး ပါးကျိန်းတယ်"

"တော်သေးတာပေါ့ကွာ၊ နွယ်လေးက ဣန္ဒြေမပျက် ရှင်းနိုင်ပေလို့၊ တော်တော်စိတ်ဓာတ်အဆင့်အတန်းရှိတဲ့ အမျိုးသမီးပဲကွ၊ တကယ့်ကို အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ပဲ ... ရှားမှ ရှားကွာ၊ ငါက ဒါမျိုးမှ သဘောကျတာ၊ ပြီးတော့ ..."

"ဘာကွ ... ဟေ့ကောင် တိုနီ ... မင်း စကားကို ကြည့်ပြောကွာ၊ နွယ်လေးကိုတော့ မထိနဲ့ ... ငါ သည်းမခံဘူး"

www.burmeseclassic.com



တိုနီ စကားဆုံးအောင်မပြောရသေးခင် ထွန်းထွန်းလူ၏ ဒေါသတကြီး ပြောလိုက်တဲ့အသံကြောင့် တိုနီ စပ်ဖြဲဖြဲနှင့် ရပ်သွားသည်။

ပြီးမှ ...

"ငါက စကားအဖြစ်ပြောတာပါကွာ၊ မင်းကြိုက်နေမှန်း ငါသိပါတယ်၊ ငါက နွယ်လေးကို ချီးကျူးတာပါ၊ မင်း ဆက်ကြိုးစားပါ၊ နွယ်လေးနဲ့သာဆို ဘဝခရီးကို မင်း တည်တည်ငြိမ် ငြိမ်နဲ့ လျှောက်နိုင်မှာပါ ... ငါတို့ ဆုတောင်းပေးပါတယ်၊ ဆက်လုပ် သူငယ်ချင်း"

"ငါလည်း မင်းတို့နှစ်ယောက်ကို သဘောတူပါတယ်၊ တကယ်လည်း အတွဲညီတယ်၊ ဒါပေမဲ့ နွယ်လေးက မင်းကို ဒီကိစ္စ ထပ်မပြောဖို့ ပြောထားတယ်နော် ... သတိလည်း ထားဦး၊ ဟိုက ပြတ်သားရင် တကယ်ပြတ်သားမယ့်သူမျိုးကွ၊ လောလောဆယ် ထပ်မကွန့်ပါနဲ့ဦးကွာ"

ကျော်စွာက စဉ်းစဉ်းစားစားနှင့် ဝင်ပြောသည်။





"အေးပါကွာ ... ငါနားလည်ပါတယ်၊ ငါလည်း မပြောသေးဘူးလို့ နေတာပဲကွ၊ ဒါပေမဲ့ ညကတည်းက ငါ အရမ်းသတိရပြီး မနေနိုင်လွန်းလို့ ဖွင့်ပြောလိုက်တာပါ၊ ငါက ပျော်ပျော်ပါးပါး နေတတ်ပေမယ့် မိန်းကလေးကိစ္စနဲ့ပတ်သက်ရင် ကင်းရှင်းတယ်၊ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘူးဆိုတာ မင်းတို့အသိပဲ၊ နွယ်လေးကို ငါ တကယ်ချစ်တာပါကွာ"

"ငါတို့ သဘောပေါက်ပါတယ်၊ လောလောဆယ်တော့ တောသည်းခံဦးပေါ့ကွာ၊ တော်ကြာ အခင်အမင်ပါ ပျက်သွားရင် ပိုဆိုးကုန်မယ်၊ ကဲ ... သွားကြစို့၊ ငါတို့လည်း အတန်းတက်ရဦးမယ်"

www.burmeseclassic.com

ညဖက်ရောက်တော့ ခိုင်ခိုင် အေးအေးဆေးဆေး စာဖတ်နေတုန်း နွယ်လေးက ဖုန်းလှမ်းဆက်သည်။

"အေး ... နွယ်လေးရေ ... ပြော"

"အရေးတကြီးကိစ္စတော့ မဟုတ်ပါဘူး မမခိုင်ရယ်၊ မနက်ဖြန်ကျောင်းကို နည်းနည်းစောပြီး လာနိုင်မလားလို့ပါ"

"ဟေ ... အေး ... အေး လာခဲ့မယ်၊ သန္တာကိုပါ ဝင်ခေါ်ခဲ့ရမလား"

"ကောင်းတာပေါ့ မမခိုင်၊ ဒါဆို သန္တာကို မမခိုင်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့နော်၊ တခြားကိစ္စ ထွေထွေထူးထူးတော့ မဟုတ်ပါ ဘူး . . . စကားနည်းနည်း ပြောစရာရှိလို့ပါ၊ တော်ကြာ ထွန်းထွန်း လူတို့အုပ်စုနဲ့ဆိုရင် ပြောလို့မကောင်းဘူးလေ၊ အဲဒါကြောင့် စောစောမှာရတာပါ''

''အေး . . အေး . . . ပြီးရော၊ ဒါဆို နွယ်လေးလည်း အိပ်တော့နော်၊ မနက်ဖြန်မှတွေ့ကြမယ်''

''ဟုတ်ကဲ့ မမနိုင်၊ good night''

''good night နွယ်လေး''

နွယ်လေး ဖုန်းချပြီးသည်နှင့် သန္တာကို လှမ်းဆက်လိုက်သည်။ နွယ်လေးက တော်ရုံကိစ္စဆို ဖုန်းမဆက်တတ်။ နိုင်မှာ မနက်ဖြန် မြန်မြန်ရောက်ချင်နေမိသည်။ ဘာကိစ္စလဲ မသိဘူးဟု တွေးရင်း အိပ်ပျော်သွားသည်။

― ၅ ―

''ကဲ . . . ဆိုပါဦး နွယ်လေးရယ် . . . ဘာကိစ္စလဲ၊ မမ နိုင်ဖြင့် သိချင်လွန်းလို့ မိုးမြန်မြန်လင်းအောင် ဆုတောင်းနေရ တယ်''

''အေးလေ . . . ငါလည်း မမနိုင်ပြောပြီးပြီးချင်း နင့်ဆီကို ပြေးလာချင်လိုက်တာ၊ ကဲ . . . ပြော . . . ဘာလဲ''

''အင်းပါ . . . ပြောမှာပေါ့၊ မနေ့က ကျောင်းဆင်းတော့ မနိုင်တို့ မသန္တာတို့နဲ့ လမ်းခွဲပြီး နွယ်လေးလည်း ဘတ်(စ်)ကား မှတ်တိုင်ဘက်ကို လျှောက်ခဲ့တယ်''

''အေးလေ . . . အဲဒါဘာဖြစ်လဲ၊ ခါတိုင်းလည်း ဒီလိုပဲ ဘက်ကို၊ ရှင့်ကို ကျွန်မတို့ ကားနဲ့ခေါ်သွားပဲ၊ ရှင်ကိုယ်က မာနကြီး ပြီးခွဲသွားနဲ့ မလိုက်တာလေ၊ ဘယ်တော့ခေါ်ခေါ် ရှင်ကလိုက် တာမှ မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"မာနကြီးတာ မဟုတ်ပါဘူး သန္တာရယ်၊ အဲဒီကိစ္စအတွက် သန္တာနဲ့ မမနိုင်ကို တောင်းပန်ပြီးပြီပဲ၊ သန္တာတို့ကားနဲ့ လိုက်တာ,မလိုက်တာထက် နွယ်လေးတို့သုံးယောက် တစ်ယောက်နဲ့တစ်ယောက် ချစ်နေ,ခင်နေဖို့က ပိုပြီးအရေးကြီးပါတယ်"

"ကဲပါ သန္တာရယ် ...တော်ပါတော့၊ နွယ်လေးပြောမယ့်ကိစ္စသာ ပြောစမ်းပါစေဦး"

နိုင် ဝင်ဟန့်လိုက်တော့မှ သန္တာ ဖက်ကလေးပုကာ လျှာတစ်လစ်နှင့် ငြိမ်သွားသည်။ နွယ်လေးက သူ့စကားကို ဆက်ပြောသည်။

"ကားမှတ်တိုင်ရောက်တော့ နွယ်လေး ကားစောင့်နေတုန်း လူတစ်ယောက် စကားလာပြောတယ်၊ အဲဒီလူက ဘယ်သူလဲဆိုတော့ နွယ်လေးတို့ အတန်းထဲက ထွန်းရဝေလေ"

"ဟင် ...ထွန်းရဝေ"

သန္တာ့ထံမှ တအံ့တသြ အာမေဍိတ်သံကြီးနှင့်အတူ နိုင်လည်း မျက်လုံးပြူးသွားမိသည်။ ဒီမနက်ပဲ နွယ်လေးအကြောင်း



မေးပြီး ဒီညနေပဲ ပြောတယ်ဆိုတော့ ဒီလောက်မြန်လိမ့်မယ် မထင်၊ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ပလူကောင်ရော၊ ထွန်းရဝေရော နှစ်ယောက်စလုံးက တစ်ရက်တည်း ဖွင့်ပြောတာဆိုတော့ နိုင် ပိုပြီးအံ့သြနေမိသည်။

"အဖြစ်က ဒီလို မမနိုင်ရေ ...ဒီလို"

www.burmeseclassic.com

www.burmeseclassic.com

မမခိုင်တို့၊ သန္တာတို့နှင့် လမ်းခွဲပြီး ထုံးစံအတိုင်း နွယ်လေး ကားမှတ်တိုင်ဆီ လမ်းလျှောက်လာသည်။ မခိုင်တို့ကတော့ သူတို့ကားနှင့် အတင်းခေါ်ပါသည်။ နွယ်လေးက လက်မခံ။ ဖြစ်နိုင်လျှင် သူများထံမှ အကူအညီကိုယူဖို့ အတတ်နိုင်ဆုံး ရှောင်ခဲ့သည်မှာ နွယ်လေးအကျင့်ပင်။

ကိုယ့်အားကိုယ်ကိုးပြီး ဖြောင့်ဖြောင့်တွေး၊ ဖြောင့်ဖြောင့် နေတတ်အောင် ငယ်စဉ်ကပင် ကျင့်ကြံခဲ့သည်။ သန္တာကတော့ သူတို့ကားနှင့်မလိုက်၍ လုံး၀မကြည်။ သူ့ကိုလျှော့နပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



မနည်းပြောယူရသည်။

ကားမှတ်တိုင်ကိုရောက်တော့ လူက ကျောင်းဆင်းခါ
တော်တော်များသည်။ ရောက်လာတဲ့ကားကို တိုးမတက်နိုင်
မယ့် အတူတူ နောက်ကားကိုပဲစီးဖို့အတွက် လူအုပ်ရဲ့နောက်ဘ
ကိုထွက်ပြီး ရပ်လိုက်သည်။

"မနွယ်သာကီ"

နွယ်လေးနောက်နားက ကပ်ခေါ်လိုက်တဲ့အသံကြော
နွယ်လေး ရုတ်တရက် လန့်သွားသည်။

ကြည့်လိုက်တော့ ထွန်းရဝေဆိုတဲ့သူ။

"အဲ . . . လန့်သွားလား မနွယ်သာကီ . . ဆောရီးနော်"

ထွန်းရဝေက နွယ်လေးပုံစံကိုကြည့်ရင်း တောင်းပ
စကားဆိုလိုက်သည်။

"ရပါတယ် ကိုထွန်းရဝေ၊ နွယ်လေးကလည်း ကိုယ့်
အတွေးနဲ့ကိုယ်မို့ ရုတ်တရက်ဆိုတော့ လန့်သွားတာပါ"

နွယ်လေးက အလိုက်အထိုက် ပြန်ပြောလိုက်သည်။





"ဟိုလေ . . . မနွယ်သာကီကို အရေးကြီးတဲ့ကိစ္စ စကား
နည်းနည်းပြောစရာရှိလို့ ကျွန်တော့်ကို အချိန်နည်းနည်းပေးနိုင်
မလားမသိဘူး၊ တစ်ခုခုသောက်ရင်း ပြောရအောင်ပါ"

တစ်တန်းတည်းသားချင်း ရိုးရိုးသားသားနေတတ်သူ
လည်းဖြစ်သဖြင့် ကားမှတ်တိုင်မှာလည်း လူက များနေသေးတော့
နွယ်လေးက အားနာစွာဖြင့် လက်ခံလိုက်ပြီး အနားက အအေး
ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ကြသည်။

"မနွယ်သာကီ ဘာသောက်မလဲ"

"ဘာဖြစ်ဖြစ် ရပါတယ်"

"ဒါဆို လိမ္မော်ပဲပေးပါ"

အအေးမှာပြီးသည်နှင့် ထွန်းရဝေက စကားစ ပြောသည်။

"ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့စကား ပြောစရာရှိလို့
ပါ မနွယ်သာကီ"

"ကျွန်မကို နွယ်လေးလို့ပဲခေါ်ပါ . . . ရပါတယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် နွယ်လေး၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ပြောမယ့်စကားကို နွယ်လေး သေသေချာချာ နားထောင်ပေးပါဗျာ၊ ကျွန်တော့်ဘဝမှာ တစ်ခါမှ ဘယ်သူ့ကိုမှလည်း မပြောဖူးပါဘူး။ ဒါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ပြောခြင်းပါ''

''ဟုတ်ကဲ့''

''ကျွန်တော် နွယ်လေးကို ချစ်တယ်''

''ရှင်''

''ဟုတ်ပါတယ်၊ ကျွန်တော် နွယ်လေးကို အရမ်းချစ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် မရင်းနှီးကြပေမယ့် ကျွန်တော့်ဘက်ကတော့ ပထမနှစ်တက်ကတည်းက နွယ်လေးကို စိတ်ဝင်စားခဲ့တာပါ၊ ကျွန်တော့်ရင်ထဲမှာ အမြဲရှိပြီးသားပါ၊ ကျွန်တော့်မှာလည်း ကိုယ့်မိသားစုကိစ္စတွေ, တာဝန်တွေကြောင့် မျိုသိပ်ထားခဲ့ရတာပါ၊ ပြောဖို့လည်း အချိန်မတန်သေးဘူးလို့ ထင်လို့ပါ၊ အခုလည်း ဖွင့်ပြောဖို့ အစီအစဉ်မရှိသေးပေမယ့် နွယ်လေးနားမှာ ကျွန်တော့်ထက် ဦးတဲ့သူတွေ ရှိနေပြီထင်လို့ အရမ်းစိုးရိမ်လို့ ပြောလိုက်တာပါ''



''ဩော် ... သူက ထွန်းထွန်းလူကိုပြောနေတာ ထင်တယ်၊ ဒါဆို ငါ့ကို သူ အမြဲတမ်း သတိထားပြီး ကြည့်နေတာ ဖြစ်မယ်''

လေးလေးနက်နက်နှင့် ခေါင်းကြီးငုံကာ ပြောနေသော ထွန်းရဝေကိုကြည့်ပြီး နွယ်လေး မှတ်ချက်ချမိသည်။

''အဲဒါ ... နွယ်လေးဘက်က ကျွန်တော့်အပေါ်ကို ဘယ်လိုသဘောထားရှိသလဲဆိုတာကိုလည်း သိချင်ပါတယ်၊ ချက်ချင်းကြီးဆိုတော့ နွယ်လေးဘက်က ဖြေရခက်ပါလိမ့်မယ်၊ စဉ်းစားပါ ... ဒါပေမဲ့ အချိန်အကြာကြီးတော့ မယူပါနဲ့နော်၊ ဖွင့်ပြောပြီးပြီဆိုတော့လည်း အောင်စာရင်းကို အမြန်ဆုံး သိချင်လို့ပါ၊ ကျွန်တော့်ကိုလည်း နွယ်လေး လေ့လာပါ၊ ကြားထဲမှာလည်း ကျွန်တော့်ကို စကားပြောခွင့်အချိန်လေးတွေ ပေးပါလို့လည်း တောင်းပန်ချင်ပါတယ်''

နွယ်လေးတော့ ဒီနေ့ တော်တော်စိတ်ရှုပ်မိသည်။ မနက်ကလည်း ထွန်းထွန်းလူက တစ်ခါ။ အခုကျတော့လည်း ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com

ထင်မထားသော ထွန်းရဝေက တစ်ခါ။

ဘာတွေဖြစ်နေကြမှန်း မသိတော့ပါဘူး။

နွယ်လေးကတော့ ထုံးစံအတိုင်း ပြန်ဖြေလိုက်သည်။

“ကိုထွန်းရဝေ ပြောတာတွေကို နွယ်လေး လက်ခံပါတယ်၊ ဒါပေမဲ့ နွယ်လေးကို စဉ်းစားချိန်ပေးပါဦး၊ အခု အိမ်ပြန်နောက်ကျမှာစိုးလို့ ပြန်ဖို့ကောင်းပြီလို့ ထင်ပါတယ်”

“ဟာ . . . ဟုတ်ပါတယ်၊ ဆောရီးပဲ နွယ်လေးရယ် . . . ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်တော့်ဆန္ဒကိုပဲ ကြည့်သလို ဖြစ်သွားပြီလားမသိဘူး။ ကျွန်တော် နွယ်လေးကို လိုက်ပို့ပေးပါရစေ”

“ရပါတယ် . . . နွယ်လေးဘာသာပဲ ပြန်ပါ့မယ်၊ ကိစ္စမရှိပါဘူး။ နွယ်လေးကို ခွင့်ပြုပါဦး”

“အဖြစ်ကတော့ ဒါပါပဲ မမနိုင်ရယ်၊ နွယ်လေးဖြင့် အံ့ဩပြီး စိတ်တွေရှုပ်နေတာပဲ၊ မမနိုင်တို့ကိုလည်း ချက်ချင်း အသိရမိတယ်”

“အေးဟယ် . . . ပလူကောင်က ထားပါတော့၊ အမြဲတမ်း အေးအေးဆေးဆေးနေတတ်တဲ့ ထွန်းရဝေက ဒီလိုမျိုး ပြောတယ်ဆိုတော့ အံ့ဩစရာကြီးပဲ၊ သူလည်း နွယ်လေးကို တော်တော်ချစ်လွန်းလို့ ပြောတာဖြစ်မယ်၊ သတ္တိတော့ ကောင်းသားပဲနော်”

www.burmeseclassic.com

www.burmeseclassic.com



သန္တာရဲ့မှတ်ချက်အပြီးမှာ ခိုင်က …

"အင်း … တစ်ယောက်ကတော့ အမြဲတမ်း ပျာလောင်ခတ်ပြီး တစ်ယောက်ကတော့ အေးအေးဆေးဆေးဆိုတော့ တကယ့်ကို မီးခဲနဲ့ ရေခဲပဲဟော့၊ နွယ်လေး ဘယ်သူ့ဘက်ကို ပိုပြီးမဲသာသလဲ … ပြောစမ်း"

"အိုး … မမခိုင်ကလည်း ဘယ်သူ့ဘက်ကိုမှ သာစရာမရှိပါဘူး၊ လောလောဆယ် အားလုံးက သူငယ်ချင်းတွေပဲ၊ နွယ်လေးလည်း သူတို့ကို လေ့လာဦးမှာပေါ့၊ တစ်ခုတော့ရှိတယ် … ပလူကောင်က ဘာကိစ္စကိုမဆို သူငယ်ချင်းတွေရှေ့မှာ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပြောတယ်၊ သူ့အကြောင်းကိုတော့ နွယ်လေးရော မမခိုင်တို့ရော တစ်ပြိုင်တည်းသိရမှာပဲ၊ ထွန်းရဝေကသာ နွယ်လေးနဲ့ နှစ်ယောက်ချင်းတွေ့မှပြောတာဆိုတော့ ကြည့်ရဦးမှာပေါ့လေ"

ဟုတ်တော့ ဟုတ်သည်။ ထွန်းထွန်းလူက ဘာပဲပြောပြော အားလုံးရဲ့ရှေ့မှာ အမြဲတမ်း မယို့ဝှက်ဘဲ နေတတ်ပြောတတ်သည်။ အမြဲတမ်းလည်း တက်ကြွပျော်ရွှင်နေတတ်သည်။ ဒါကြောင့် ဘာအကြောင်းဖြစ်ဖြစ် နွယ်လေးတို့အားလုံး သိနိုင်သည်။

ထွန်းရဝေကတော့ အေးဆေးပြီး ရှက်တတ်သူဆိုတော့ နွယ်လေးနဲ့ နှစ်ယောက်တည်းတွေ့မှ ပြောမှာ သေချာသည်။ ဒီတော့လည်း နွယ်လေးဆီကတစ်ဆင့် ပြန်ပြီးကြားရရုံပဲ ရှိတော့သည်။ ဒီကိစ္စ တော်တော်စိတ်ဝင်စားဖို့ကောင်းသည်။

ခိုင်လည်း နွယ်လေးအတွက် ကောင်းတဲ့အကြံဉာဏ်ကို တစ်ဖက်တစ်လမ်းကပေးဖို့ စဉ်းစားထားသည်။ တော်ကြာ အနေအေးတဲ့နွယ်လေး အရွေးမှားသွားမှာစိုးသည်။ နွယ်လေးရဲ့ဘဝကိုလည်း အေးအေးဆေးဆေး လှလှပပဖြစ်လိုသည်။ ခိုင်တို့က ကြားထဲက ထပ်ဆင့်စိစစ်ရေးမျိုးတွေလုပ်ပေးဖို့ ဆုံးဖြတ်ချက်ချထိုက်သည်။

"အေးလေ … ဒီတော့လည်း ငါတို့တွေ မှန့်ဆိုင်ထိုင်ရင်း စကားပြောရင်း ပလူကောင်ကို တဖြည်းဖြည်းနဲ့ သူ့







www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ အစ်ကြည့်ကြတာပေါ့"

"အင်း ...ဒီအစီအစဉ်ကောင်းတယ်၊ နွယ်လေးက တော့ ထွန်းရဝေနဲ့ စကားပြောခွင့်ကြုံတိုင်း မသိမသာထည့်မေး နော်၊ သန္တာနဲ့မမနိုင်က ပလူကောင့်ကို တာဝန်ယူပြီး စုံစမ်းမေး မြန်းလုပ်ကြမယ် ...ပျော်စရာကြီးနော်"

"အရေးထဲ ကြားထဲကနေပြီး သူက ပျော်နေရပြန်ပြီ သန္တာရယ်၊ အဲဒီပလူကောင်က နွယ်လေးများ လာကြိုက်နေရ သေးတယ်၊ သန္တာ့ပဲ ကြိုက်လိုက်ပြီးရော၊ ဒါမှ ပေါ်စုံတွဲဖြစ်မှာ"

မမနိုင်ရဲ့မျက်စောင်းထိုးပြီး ပြောလိုက်တဲ့ပုံကိုကြည့်ပြီး သန္တာက ထပ်နောက်လိုက်သည်။

"အေးလေ ...အဲဒီကောင်လေးကလည်း ငါ့ကို ကြိုက် လိုက်တာ မဟုတ်ဘူး၊ သူနဲ့သာဆိုရင် ပေါ်စုံတွဲပဲဖြစ်ဖြစ်, အရှုံး စုံတွဲပဲဖြစ်ဖြစ် အခေါ်ခံနိုင်ပါတယ်"

"ဘယ်က အရှုံးစုံတွဲကို ပြောနေကြတာလဲ ...ဘယ် မှာလဲ"



နောက်မှ ရုတ်တရက်ပေါ်လာသော ထွန်းထွန်းလူတို့၏ အသံကြောင့် သန္တာတို့ လန့်သွားပြီး ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"ဟို ...မဟုတ်ပါဘူး ပလူကောင်ရယ် ...သန္တာတို့ ဈေးထဲက အရှုံးမကြီးနဲ့ မမနိုင်တို့လမ်းထဲက အရှုံးနဲ့ကို အောင် သွယ်လုပ်ပေးမလို့ဆိုပြီး နောက်နေကြတာ ...ဟဲ ...ဟဲ"

သန္တာရဲ့အကြောင်းကြောင်, စပ်ဖြဲဖြဲပုံစံကိုကြည့်ပြီး နိုင်တို့ အားလုံး ရယ်မိသည်။

"နင်ကလည်း အောင်သွယ်လုပ်စရာရှားလို့ အရှုံးကိုများ အောင်သွယ်လုပ်ရတယ်လို့၊ အရှုံးကိုတော့ အောင်သွယ်မလုပ်ပါနဲ့၊ ငါ့တို့ကောင်ကြီး ကျော်စွာ့ကိုသာ အောင်သွယ်လုပ်ပေးစမ်းပါ"

တိုနီရဲ့အပြောကို သန္တာ စိတ်ဝင်စားစွာဖြင့် ...

"ဟင် ..ဟုတ်လား ..ရတယ်လေ ...အောင်သွယ်ခ တော့ ပေးရမယ်နော်၊ ကဲ ..ပြောပါဦး ...ကျော်စွာက ဘယ် သူ့ကို ကြိုက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို"

"ဟင် . . . ခွေးကောင်စုတ်တွေ၊ ငါက အဟုတ်မှတ်လို့ နားထောင်နေတာ၊ ချေးကားတိုက်တွေ"

သန္တာက ရှက်ရမ်းရမ်းပြီး တိုနီကို လိုက်ထုနေသည်။ တိုနီက လှည့်ပတ်ပြေးရင်း ပါးစပ်ကလည်း အော်ပြောနေသည်။

"ဟ . . . တကယ်ပြောတာ၊ ကျော်စွာက နင့်ကို ရေရေလည်လည်ကြွေနေတာ . . . မပြောရဲလို့တဲ့၊ ဟော့ကောင် ကျော်စွာ . . . ပြောလေကွာ"

"ကဲ . . . တော်ကြပါတော့ဟာ၊ နင်တို့ကလည်း မကြီးမငယ်နဲ့ . . . ဟိုမှာ လူတွေလှမ်းကြည့်နေပြီ၊ စကားလေး ဘာလေး အေးအေးဆေးဆေးပြောကြပါဟာ"

မမနိုင်က လှမ်းပြောလိုက်ပြီး သန္တာကို မျက်စိမှိတ်ပြလိုက်သည်။ ဒီလောက်ဆို သန္တာ သဘောပေါက်ပြီးသား။ ပလူကောင့်ကို ပစ်မှတ်တည်ရတော့မည်။

သန္တာက ခုံမှာဝင်ထိုင်ရင်း . . .



"မောလိုက်တာ ဒီကောင်စုတ်တွေတော့ မလွယ်ဘူး၊ ...င် . . . ပလူကောင် နင်တို့ယောကျ်ားလေးတွေက ဒီလိုပဲလား၊ ...ရှိုးမရှိတိုင်း လျှောက်ပြောတတ်၊ အလွယ်တကူပြောတတ်တာ ...လား"

"သူများတွေတော့ မသိဘူး သန္တာ၊ ကျွန်တော်ကတော့ ...က ပျော်ပျော်နေရင်သာ နေမယ်၊ ဒီလိုကိစ္စမျိုးကို ကျွန်တော် ...လေးကလွဲလို့ ဘယ်သူ့ကိုမှ မပြောဖူးဘူး၊ တခြားကောင်မ ...လေးတွေကို အရင်ကတည်းက လမ်းမှာတွေ့ရင် ပါးစပ်ဆော့ ...တတ်တဲ့အကျင့်တောင် မရှိဘူး၊ ကျွန်တော့်မှာ နှမ မရှိပေမယ့် ...ကျွန်တော် နှမ ချင်းစာနာတတ်ပါတယ်၊ ကျွန်တော့်ကြောင့် တစ် ...ယောက်သားမိန်းကလေး ထိခိုက်မှာ၊ နစ်နာမှာ ကျွန်တော် ဘယ် ...တော့မှ မလုပ်ပါဘူး"

အမယ် . . အမြဲတမ်း ဗလွတ်ချွတ်တတ်နဲ့ သူက ဒီတစ်ခါ ...တော့ စကားပြောတာ ဟုတ်နေသား။ မျက်နှာလည်း ပြောင်ချော် ...ချော်မဟုတ်တော့။ ဒီကောင့်ရုပ်က ပိုချောလာသလိုပဲ။ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျက်နှာတည်တည်လေးဆိုကောင်းမယ်ဟု ခိုင်က ပလူကော
ကို စိတ်ထဲက မှတ်ချက်ချရင်း စကားဆက်မေးလိုက်သည်။

"ပလူကောင်က နှမ,မရှိဘူးဆိုတော့ ညီအစ်ကို
ဘာတွေရော"

"မရှိပါဘူး မမခိုင်ရာ၊ ကျွန်တော်က တစ်ဦးတည်းသေ
သားပါ၊ ဒါကြောင့် ကျွန်တော်ဆိုးတာလား မသိပါဘူး၊ မရှိ
လည်း ကောင်းပါတယ် … နို့မို့ဆို အိမ်မှာ စကားများများပြော
ရဦးမယ်၊ ကျွန်တော်နဲ့ဖြစ်ပါ့မလား မသိဘူး၊ ကျွန်တော်
လူဆိုးလေ … အဟဲ"

ပြောရင်းနဲ့ နောက်ရွှတ်ရွှတ်ပုံစံက ပြန်ပေါ်လာသည်
ခိုင်တို့ ထပ်ပြီး စကားကြောတွေရှည်နေရင် စကားကောင်းကော
လည်း ထွက်လာမှာ မဟုတ်တော့တဲ့အပြင် တော်ကြာ သူတို့
စုံစမ်းနေတာ ရိပ်မိသွားမှာစိုးလို့ ဒီမှာပဲ ရပ်ထားလိုက်သည်

ကျောင်းပြန်ချိန်တိုင်း ထွန်းရဝေက ရက်ခြားဆိုသလို
ယ်လေးကိုစောင့်ပြီး အအေးဆိုင်ထိုင်ဖြစ်ကြသည်။

နွယ်လေးလည်း မမခိုင်တို့ပြောသလို ထွန်းရဝေနဲ့
အားပြောကြည့်မှ သူ့အကြောင်းလေးတွေ သိလာရသည်။

နေ့လယ်ဘက် စာသင်ခန်းထဲမှာ ထွန်းရဝေကို သန္တာတို့
တစာစောင်း အကဲခတ်ကြည့်တော့ ပုံမှန်ပင်။ နွယ်လေးတို့
ဘက်ကို လှည့်တောင်မကြည့်။ ဘာကိုမှ စိတ်မဝင်စားသလို
ပ်တစ်အုပ်နှင့် အမြဲတမ်း အေးအေးဆေးဆေးစာဖတ်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ဘယ်သူမှလည်း မရိပ်မိ၊ ခိုင်တို့တောင် အကြော
သိထားသူမို့သာပင်။

"နွယ်လေး . . . ကျွန်တော့်ကို စကားပြောဖို့ အချိန်ေ
တွေပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကြောင့် စိ
အနှောင့်အယှက်တွေများ ဖြစ်နေလားမသိဘူး"

"ရပါတယ် ကိုထွန်းရဝေ . . . ကိစ္စမရှိပါဘူး။ သူ
ချင်းတွေပဲဟာ"

"အဟင်း . . . ကျွန်တော်ကတော့ သူငယ်ချင်းအ
ထက်, တက်ချင်လာပြီဗျာ၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ .
ကျွန်တော့်ဘက်က လောရာကျမှာရယ်, ကျွန်တော့်တာဝန်တွေ
မပြီးနိုင်သေးတာရယ်ကြောင့် ကျွန်တော်လည်း ရင်ထဲမှာ ခ
တော်ခံစားနေရတယ်"

"ကျွန်တော့်တာဝန်တွေ, ကျွန်တော့်တာဝန်တွေ
ကိုထွန်းရဝေ ခဏခဏပြောတယ်နော်၊ ဘာတာဝန်တွေရှိလို
ဟင် . . . နွယ်လေး သိလို့ရမလား"



"သိလို့ရပါတယ်ဗျာ၊ ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမ ငါးယောက်ရှိတယ်၊ ကျွန်တော်က အလယ်တတိယမြောက်ပေါ့၊ အကြီးဆုံးက အစ်ကိုကြီး၊ ပြီးတော့ မမကြီး၊ သူတို့က ရုံးဝန်ထမ်းတွေလေ၊ ပြီးတော့ ကျွန်တော်၊ ကျွန်တော့်အောက်မှာ ညီမနှစ်ယောက်ရှိတယ်၊ သူတို့ကလည်း ကျောင်းတက်တုန်းဆိုတော့ သူတို့အတွက် တာဝန်တွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိတယ်၊ အမေက အသက်ကြီးပြီဆိုတော့ ဘာမှသိပ်မလုပ်နိုင်တော့ဘူးလေ၊ အားလုံးထဲမှာ ကျွန်တော့်ကို အားအကိုးဆုံးပေါ့၊ ဒါကြောင့် ကျွန်တော် နွယ်လေးကို ဖွင့်မပြောသေးတာ၊ ကျွန်တော် ချစ်တာက ချစ်တာပဲ၊ ကျွန်တော့်ဘက်မှာ တာဝန်တွေက ရှိနေသေးတော့ နွယ်လေးအပေါ် ပေါ့လျော့တာတို့,ဘာတို့ ဖြစ်မှာစိုးတယ်၊ ကျောင်းပြီးမှ ပြောဖို့စဉ်းစားထားပေမယ့် သူများဦးမှာစိုးလို့"

သူ့မိသားစုအကြောင်းကို ပြောပြနေသော ထွန်းရဝေကို ကြည့်ရသည်မှာ မိသားစုတာဝန်များကို ထမ်းဆောင်နေရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်ရှုပ်နေပုံ၊ စိတ်ညစ်နေပုံမရ။ ကြည်ကြည်လင်လင် မျက်နှာနှင့် တာဝန်ကိုပြီးဆုံးအောင် လိုလိုချင်ချင် လုပ်ပေးမည်ဟု ဆုံးဖြတ်ထားသောပုံစံပင်။

"အင်း ... အိမ်ထောင်စုတစ်ခုအတွက် အားကိုးလေးစားလောက်တဲ့ယောက်ျားကောင်းတစ်ယောက်ရဲ့စိတ်ဓာတ်ရှိသားပဲ"

ဟု နွယ်လေး အမှတ်ပေးမိသည်။

"အင်း ... ဒီလိုဆိုတော့လည်း ထွန်းရဝေက မဆိုးပါဘူး။ စိတ်ဓာတ်က လေးစားစရာကောင်းပါတယ်၊ ဟိုပလူကောင်ကျတော့ ညီအစ်ကိုမောင်နှမ မရှိလေကောင်းလေ, ဆိုးလို့ရလေဆိုတာမျိုးကို ပိုကြိုက်နေသလိုပဲ"

"ဒီနေရာမှာတော့ ပလူကောင်တို့ တစ်မှတ်လျော့သွားပြန်ပြီဟေ့"

သန္တာကပြောပြီး တစ်ခုခုစဉ်းစားမိသလိုနှင့် ...

"ပြီးတော့ အသုံးအဖြုန်းက အရေးကြီးတယ်နော်၊ ပလူ

www.burmeseclassic.com

www.burmeseclassic.com



ကောင့်ကို ကြည့်ရတာ သုံးမယ့်ဖြုန်းမယ့်ပုံပဲ၊ အမြဲတမ်း ဗီကောင့် ပါးစပ်ထဲမှာ ဘောလုံးပွဲအကြောင်းတွေပဲ ပြောနေတာ၊ ဘောလုံးပွဲတွေ့၊ ဘာတွေများ လောင်းတတ်လားမသိဘူးနော်၊ အလောင်းအစား ဝါသနာပါရင် မလွယ်ဘူး၊ သူက ခေတ်လူငယ်လိုနေတော့ အသောက်အစားကိုစွပါ ရှိချင်ရှိနေမှာ ... သိလား၊ ဒီနေ့တော့ ထပ်ပြီးစစ်ဆေးဦးမှ''

''ဟော ... ဟိုမှာ ပြောရင်းဆိုရင်း အချစ်တော်ကြီးတွေ ကြွလာကြပါပြီရှင်''

''အချစ်တော်ကြီးလို့ ကြားလိုက်တယ်နော်၊ ဘာလဲ ... သန္တာက ကျော်စွာ့ကို အချစ်တော်ကြီးလို့ သတ်မှတ်လိုက်ပြီလား၊ ဟော့ကောင် ကျော်စွာ ... မင်းတော့ ထိပေါက်ပြီကွ၊ ငါတို့ကို မုန့်ဝယ်ကျွေးရမယ်၊ ဒီနေ့တော့ မင်း ဒကာခံရမယ်နော်''

တိုနီက ပြောပြောဆိုဆို သန္တာ့ကို လှမ်းစလိုက်ပြီး ရှေ့မှ ပေါက်စီတစ်လုံးကို ယူစားလိုက်သည်။

''ဟဲ့ ... တိုနီ ခွေးစုတ် ... နင် ငါ့ကို စ,ပြန်ပြီလား''



''စတာမဟုတ်ပါဘူး ... တကယ်ပြောတာပါ ... ကျော်စွာက ညတိုင်း နင့်အကြောင်းကိုပဲပြောနေတာ၊ ကာယကံရှင် ရှေ့ရောက်တော့ ဘာမှမပြောတော့ဘူး၊ ငါတို့မှာသာ ညတိုင်း နားငြီးတာ၊ ဘီယာသောက်ရတာနဲ့တောင် မကာမိဘူး''

''ဘာ ... ဘီယာ''

သန္တာနှင့်ခိုင်တို့နှစ်ယောက်ဆီမှ အထိတ်တလန့် အာမေဋိတ်သံကြောင့် တိုနီက မျက်လုံးကြီးပြူးပြီး ပြန်ဖြေသည်။

''ဟာ ... နင်တို့ကလည်း ဘီယာဆိုတာကို မကြားဖူးတဲ့အတိုင်းပဲ ... အလန့်တကြားနဲ့၊ ခေတ်မိန်းကလေးတွေ မဟုတ်တာကျနေတာပဲ၊ ဘာလဲ ... တောကတက်လာတာလား''

''ဒါဆို နင်တို့အားလုံး နေ့တိုင်းသောက်နေကြတယ်ပေါ့''

ခိုင်က ကိုယ်လိုချင်သည့်မေးခွန်းကို ရအောင်မေးလိုက်သည်။

''တစ်ဖွဲ့လုံးတော့ မမခိုင်ရာ၊ ဒါပေမဲ့ ... နေ့တိုင်းတော့ မဟုတ်ပါဘူး၊ တစ်ခါတလေပါ၊ တစ်ခါတလေ ပြီးတော့လည်း

www.burmeseclassic.com



နှစ်ခါနှစ်လေ၊ သုံးခါသုံးလေတွေတော့ ရှိတာပေါ့ . . . ဟဲ . . ဟဲ''

အင်း . . . ဒါဆို ပလူကောင်လည်း သောက်မှာပေါ့။

နှယ်လေး နည်းနည်းတော့ စိတ်တိုသွားမိသည်။

မည်သူ့ကိုမှ အဖြေမပေးရသေးပေမယ့် ကိုယ့်ကိုချစ်နေတဲ့သူနှစ်ယောက်လုံးအပေါ်ကိုတော့ နှယ်လေး သံယောဇဉ်ဖြစ်မိသည်။

နှယ်လေးမျက်နှာ နည်းနည်းညိုသွားတာကို နိုင် တွေ့လိုက်မိသည့်အတွက် နှယ်လေးတစ်ယောက် ပလူကောင်ဘက်ကိုများ မဲသာနေသလားလို့ ထင်လိုက်မိသည်။

နှယ်လေးကိုတော့ နည်းနည်းမေးကြည့်ဦးမှပဲဟု နိုင် စဉ်းစားလိုက်သည်။

* * *

''ကိုထွန်းရဝေ . . . ဒီနေ့တော့ နှယ်လေးကပဲ အအေးတိုက်ပါရစေ၊ အမြဲတမ်း ကိုထွန်းရဝေပဲ တိုက်နေရတယ်ဆိုတော့ နှယ်လေး အားနာတယ်၊ ဒီနေ့တော့ လက်ခံပါနော်''

''ရပါတယ် နှယ်လေးရယ် . . . ဒီလောက်ကတော့ ကျွန်တော့်စာရင်းထဲမှာ သုံးခွင့်ရှိပါတယ်''

''စာရင်း . . . ဘာစာရင်းကို ပြောတာလဲဟင်''

''ဩော် . . . နှယ်လေး နားရှုပ်သွားတယ်ထင်တယ်၊ စာရင်းဆိုတာက နေ့တိုင်း ကျွန်တော်က မေမေ့ဆီက မုန့်ဖိုးယူ

www.burmeseclassic.com



ရတယ်လေ၊ ပြီးရင် ညဖက်ဆို စာရင်းပြန်ပြရတယ်၊ အသုံးအရမ်း များသွားရင် မေမေက မကြိုက်ဘူး”

“ဟုတ်လား . . . ဒါဆိုရင် ဘီယာသောက်တာတို့၊ ဘာတို့ကျတော့ရော ဘယ်လိုစာရင်းပြရသလဲဟင်”

“ဘီယာ . . . ဘီယာသောက်ဖို့ မပြောနဲ့ . . . ဘီယာ ဘယ်နှစ်မျိုးရှိမှန်းတောင် မသိပါဘူး နွယ်လေးရယ်၊ ကျွန်တော် သောက်လည်း မသောက်ဖူးပါဘူး။ သောက်လည်း မသောက်ချင်ပါဘူး၊ ကျွန်တော် အဲဒီလိုသောက်တတ်၊ စားတတ်တယ်ဆိုရင် ကျွန်တော့်အမေ စိတ်ဆင်းရဲမှာစိုးတယ်”

“ကိုထွန်းရဝေက ယောကျ်ားလေးဖြစ်ပြီး အမေကို တော်တော်ချစ်တယ်နော်”

“ဟုတ်တယ် နွယ်လေး။ ကျွန်တော့်ဘဝမှာ အဓိကပါပဲ၊ အမေတင် မကပါဘူး . . . ကျွန်တော့်ဘဝမှာ ကျွန်တော့်အဖေ, ကျွန်တော့်မောင်နှမတွေက အဓိကပါပဲ၊ သူတို့ကို ကျွန်တော် အမြဲတမ်း ဦးစားပေးတယ်”





“အခုတော့ ကျွန်တော့်ဘဝမှာ နောက်ထပ်အဓိကကျတဲ့ လူတစ်ယောက် တိုးလာပြန်ပြီ”

“ဟင် . . . ဘယ်သူလဲ”

“နွယ်လေးပေါ့”

“အို . . . ကိုထွန်းရဝေကလည်း”

www.burmeseclassic.com

www.burmeseclassic.com

"အင်း ...ဒါဆိုရင် ထွန်းရဝေက အသောက်အစား မရှိဘူးလို့ ဆိုရမှာပေါ့နော်"

နွယ်လေးက သူနှင့်ထွန်းရဝေပြောခဲ့သော စကားများကို ပြန်ပြောပြသဖြင့် နိုင်က မှတ်ချက်ချနေသည်။

"ပြီးတော့ စာရင်းနဲ့သုံးတယ်ဆိုတော့ စည်းကမ်းရှိတဲ့ မိသားစု ဖြစ်နိုင်တယ်"

"မိဘ, ညီအစ်ကိုမောင်နှမအပေါ် သိတတ်, သံယောဇဉ် ရှိတတ်တယ်ဆိုတော့ ကိုယ့်အတွက်လည်း မိသားစုအပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားတတ်တဲ့ ခင်ပွန်းကောင်းတစ်ယောက် ဖြစ်နိုင်တယ်''

"ဟွန်း . . . မမနိုင်ကလည်း အဲဒီထွန်းရဝေက အမြဲတမ်း အမေကို အမိကထားတဲ့အကြောင်းတွေချည်းပဲ အပ်ကြောင်းထပ်နေတော့ ကြည့်လုပ်ဦးနော် . . . အမေကိုချစ်တဲ့, အမေက,ချစ်တဲ့ Over သားလိမ္မာတွေဟာ တစ်ခါတလေကျရင် ကိုယ့်အတွက် ခင်ပွန်းကောင်းတစ်ယောက် မဖြစ်နိုင်ဘူး''

မမနိုင်ရဲ့စကားကို သန္တာက ဒိုးခနဲ၊ ဒေါက်ခနဲဝင်ပြော လိုက်သည်။ သန္တာ့စကားကြောင့် နွယ်လေးလည်း တွေတွေငေးငေး ဖြစ်သွားသည်။ ဒါကြောင့် နိုင်ကပဲ အခြေအနေကို ကမန်းကတန်း ဝင်ထိန်းလိုက်သည်။

"ဟဲ့ . . . သန္တာ ငပေါမလေးရဲ့ . . . အခုခေတ်မှာ ဒီလို လူကြီးမိဘမှန်းသိတဲ့လူမျိုးက ရှားမှရှားပဲ၊ သန္တာပြောသလိုဖြစ် ရအောင်လည်း ထွန်းရဝေက ဦးနှောက်မရှိတဲ့သူ, အဆင့်အတန်း မရှိတဲ့သူမှ မဟုတ်တာ၊ သူ့မှာ နှမတွေ, အစ်မတွေနဲ့ နှမချင်း စာနာတတ်တဲ့စိတ်တော့ ရှိမှာပေါ့၊ သန္တာနော် . . . မမနိုင်သိ



တယ် . . . သန္တာက ပလူကောင်ကျွေးတာတွေစားပြီး ပလူကောင် ကို မဲပေးမနေနဲ့နော်၊ ငါကတော့ ထွန်းရဝေကိုပဲ သဘောကျ တယ်''

"ဟာ . . . မမနိုင်ကလည်း စားတာနဲ့ မဲပေးတာနဲ့ ဘာ ဆိုင်လို့လဲ၊ သန္တာက ရှယ်တူချင်းဆိုပေမယ့် လွတ်လွတ်လပ်လပ်နဲ့ ပွင့်ပွင့်လင်းလင်းရှိတဲ့ ပလူကောင့်ကိုပဲ သဘောကျတယ်၊ အရေး ကြုံရင် ပွင့်ပွင့်လင်းလင်းတိုင်ပင်လို့ရတယ်၊ တန်းညှိလို့ရတယ်၊ အရာကြီးစတိုင်နဲ့ မဟုတ်ဘူး။ အခုခေတ်မှာ ဒါမျိုးမှ ပွင့်တာ မမနိုင်ရ . . .''

ထွန်းရဝေဆိုရင် သူ့အမေတွေ, သူ့အစ်မတွေရဲ့အာ ဘော်ကို တောင်းခံနေဦးမှာ သေချာတယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် ပိုင်တဲ့ပုံမပေါက်ဘူး။ မမနိုင်သာ အဲဒီထွန်းရဝေဆိုတဲ့ အဘိုးကြီး အိုလေးကိုသဘောကျ၊ တို့ နွယ်လေးကတော့ ပလူကောင့်ကိုပဲ သဘောကျတာနော် . . . ဟုတ်တယ်မဟုတ်လား နွယ်လေး''

"အင်း . . . သန္တာပြောတာလည်း ဖြစ်နိုင်စရာ, ဦးစား



www.burmeseclassic.com

www.burmeseclassic.com



စရာပဲ''

နွယ်လေးက ဒီလိုပြောလိုက်တော့ မမခိုင်က မျက်လုံ
ပြူး မျက်ဆံပြူးဖြင့် ...

''အမလေး ... နွယ်လေး ပလ္လုကောင်ကိုတော့ မဲ့မသာ
လိုက်နဲ့နော်၊ ထွန်းရဝေဆိုရင် တည်တည်ကြည်ကြည်နဲ့ မိသား
ကို ကုန္ဒြေရှိရှိထိန်းနိုင်မယ့်ပုံနော်၊ စဉ်းစားရင်းစဉ်းစား ... ထွန်း
ရဝေကို စဉ်းစား ...သိလား''

''ဟင့်အင်း ... မရဘူးနော် နွယ်လေး ... ပလ္လုကော
နဲ့မှ လူငယ်အချင်းချင်း အဆင်ပြေမှာ''

''တော်ပါတော့ သန္တာရယ် ... နွယ်လေး ခေါင်းတောင်
မူးလာပြီ၊ တစ်ခုခုတော့ အချိန်တန်ရင် ဆုံးဖြတ်မှာပါ''

ခိုင်နဲ့သန္တာတို့ရဲ့ ငြင်းခုံမှုကို နားထောင်ရင်း နွယ်လေ
စိတ်ရှုပ်လာမိသည်။ တကယ်တမ်းကျတော့ သူလည်း မဝေခွဲနိုင်
ဘာလိုလိုနဲ့ နောက်ဆုံးနှစ်စာမေးပွဲတွေတောင် ဖြေရတော့မည်
နွယ်လေး ဘယ်လိုဆုံးဖြတ်ရမှန်းမသိအောင်ပင် ဖြစ်နေသည်။





''အေးပါ ... အေးပါ ... ထားပါတော့ နွယ်လေးလည်း
ခေါင်းအေးအေးထားပြီး စဉ်းစားနော်၊ နှလုံးသားနဲ့ရော ဦးနှောက်
နဲ့ပါ စဉ်းစားနော် နွယ်လေး''

မမခိုင်က လူကြီးပီပီ အေးအေးဆေးဆေးဖြစ်အောင်
ပြောလိုက်သည်။

''နေဦး ... နောက်ထပ်အရေးကြီးဆုံး စမ်းသပ်မှုရှိသေး
တယ် မမခိုင်''

''ဟဲ့ ...ဘာလဲဟဲ့''

''ဟိုဒင်းလေ ... ဘာပဲဖြစ်ဖြစ် နွယ်လေးက တစ်
ယောက်ယောက်ကို ရွေးတော့မယ်မဟုတ်လား၊ ဒီတော့ ကျန်တဲ့
တစ်ယောက်က နောက်ပိုင်းကျ ရန်သူတွေလည်း မဖြစ်စေချင်ဘူးလေ၊
အဲဒီတော့ကြောင့် နွယ်လေးကို ဖြိုင်တူ propose လုပ်ထားကြောင်း
သူတို့နှစ်ယောက်လုံးကို သိအောင်ပြောပြထားရမယ်၊ ဒါမှ လိုအပ်
ရင်လည်း ကြားထဲက သူငယ်ချင်းတွေက ပြန်ဖြေပေးလို့ရတာ
ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ သန္တာက အစားသာပုပ်တာ၊ ဒီ
ကျတော့ အတွေးအခေါ်က ကောင်းပြန်ရော"

"မမခိုင်နော် ...သန္တာဆိုရင် တစ်ခါမှ အကော
မပြောဘူး"

"စတာပါ သန္တာရယ်၊ မမခိုင်မှာ ချစ်စရာဆိုလို့
လေးရယ်, သန္တာရယ်ပဲ ရှိပါတယ်၊ ကဲ ...ပြောနေကြာ
...ဒီအစီအစဉ်ကို မနက်ဖြန် အဆင်ပြေသလို ပြောကြ
ပေါ့"

~ ၊ ~

ဒီနေ့ ထုံးစံအတိုင်း ကျောင်းက စားသောက်ဆိုင်ကို ရောက်တော့ ကျော်စွာ့နားရွက်မှာ ပလာစတာအကြီးကြီး ကပ်ထားတာကို တွေ့လိုက်ရသည်။

"ဟဲ့ ..ကျော်စွာ ...နင့်နားရွက်က ဘာဖြစ်တာလဲ"

"ဘာလဲ ...စားစရာမရှိလို့ ကိုယ့်နားရွက်ကိုယ် လှီးစားလိုက်တာလား"

သန္တာတို့ရဲ့တစ်ယောက်တစ်ပေါက်အမေးကို ကျော်စွာက မချိသွားဖြဲလေးနှင့် ဖြေရှာသည်။

သိမ့်လိုက်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ ...ကြွက်ကိုက်တာပါ"

"ဘာ ...ကြွက်ကိုက်လို့"

မိန်းကလေးသုံးယောက်ရဲ့အလန့်တကြား အာမေဍိတ်သံကြောင့် ကခြားစားပွဲမှလူများပင် လှည့်ကြည့်လာသဖြင့် သန္တာတို့ ဇက်ကလေးများ ပုသွားရသည်။

"ဟုတ်တယ် မမခိုင်ရေ ...ဒီလိုလေ ...ဒီကောင်က အဆောင်မှာနေတဲ့ကောင်မဟုတ်လား၊ ပြီးတော့ သူ့ခုတင်က လည်း ထောင့်ဆုံးကျတယ်လေ၊ ကြွက်ပေါက်နဲ့တော့ တန်းနေတာပေါ့၊ အဲဒါညက ဒီကောင်တွေ စားကြသောက်ကြရင်းနဲ့ အိပ်ပျော်သွားပါလိမ့်မယ်၊ ဟင်းနံ့ရလို့ ဒီကောင့်နားရွက်ကို ကြွက်က ကိုက်လိုက်တာလေ"

တိုနီရဲ့ဖြေရှင်းချက်ကို သန္တာက ...

"တော်သေးတာပေါ့ ...နားရွက်ကိုပဲ ကိုက်သွားလို့ ...တော်ကြာ"

"ဘာလဲ ...ဘာလဲ ...နားရွက်ကိုမကိုက်လို့ ဘာကို



ကိုက်ရဦးမှာလဲ"

သန္တာစကားမဆုံးခင် ကျော်စွာက မျက်လုံးပြူး,မျက်ဆံပြူးနှင့် အလန့်တကြား ထ,မေးသည်။

"ဟို ...ဟိုလေ မျက်လုံးတို့, နှာခေါင်းတို့ကို ကိုက်မိရင် ဒိုဆိုးမယ်လို့ ပြောမလို့ပါဟာ ...နင်တို့ကလည်း ..."

"ဒီကောင်က သန္တာလိုပဲ အစားပုပ်တယ်လေ၊ အသွင်တူတော့ အိမ်သူပေါ့ ...ဟဲ ..ဟဲ"

ပြောင်ချော်ချော်နှင့် ပြောနေသော တိုနီကို သန္တာက မျက်စောင်းလှမ်းထိုးလိုက်သည်။

"အခန်းထဲက ဘော်ဒါတွေ ဘာစားစား, ဘာကျန်ကျန် ဒီကောင် ကျော်စွာက ဒိုင်ခံ ကျုံ့ဖြတ်ရှင်းတာလေ ...ကြွက်စားဖို့တောင် မချန်ဘူး၊ ဒီတော့ မောင်မင်းကြီးသား ကြွက်ကလည်း ဒီကောင့်ကို ကြည့်ချင်မှကြည့်မှာပေါ့၊ ဒီတော့ အခွင့်အရေးရတုန်း အမြင်ကတ်ကတ်နဲ့ နားရွက်ကို ကိုက်လိုက်တာဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ရဲ့ရှင်းလင်းချက်ကို ကျော်စွာကလွဲပြီး ကျန်

တွေအားလုံးဟာ တဟားဟားနှင့် သဘောကျနေကြသည်။

ကျော်စွာခမျာ အီလယ်လယ်အောက်သိုးသိုးမျက်နှာ

ပိုင်းအလယ်မှာ အဟားခံနေရသည်။

ထွန်းထွန်းလူက ရယ်ရင်းနှင့်မှ ...

"ကောင်းတယ် ...မိုက်တန်စန်လို ပြိုင်ဘက်ကို

ရှက်ကိုက်ပစ်လိုက်တာပေါ့ ..ဟား ..ဟား ..ဟား"

"ဟဲ့ ..ပလူကောင် ...နင်က တဟားဟားနဲ့ သဘော

ကျနေတယ် ...ကြည့်စမ်း၊ နင်ကရော ပြိုင်ဘက်ရှိရင် ဒီ

နားရွက် ဖက်ကိုက်မှာလား"

ရုတ်တရက်အကွက်ဝင်လာ၍ မေးလိုက်သော သန္တာ

ခိုင်က အဓိပ္ပာယ်ပါသောမျက်လုံးနှင့် လှမ်းကြည့်လိုက်ရင်း

လိုက်မိသည်။

"အင်း ...သန္တာတို့က အဲဒါမျိုးကျရင် အားကိုးရတာ

ခေါင်းက ပြေးသလားမပြောနဲ့"





"ဟာ ...မဟုတ်ပါဘူး သန္တာရာ ...ကျွန်တော်က

ပျော်စေ,ပျက်စေ ပြောတာပါ"

"ကဲ ...ကဲ ...ဟုတ်ပါပြီ ...ဒါဆို မမခိုင် မင်းကို

မေးဦးမယ်၊ အခု နှယ်လေးကို ပလူကောင့်အပြင် နောက်ထပ်

တစ်ယောက်က မင်းလိုမျိုးပဲ ချစ်နေတယ်ဆိုရင်ရော မင်း ဘယ်

လိုလုပ်မလဲ၊ ပြိုင်ဘက်အဖြစ် သဘောထားမှာလား"

မမခိုင်ရဲ့မေးခွန်းကို ပြန်ဖြေမယ့်ထွန်းထွန်းလူရဲ့အဖြေကို

နှယ်လေးအပါအဝင် အားလုံးက စိတ်ဝင်စားစွာဖြင့် ထွန်းထွန်းလူ

ကို လှမ်းကြည့်နေကြသည်။

စောစောက အပြောင်အပျက်ပြောနေသဖြင့် ပြုံးရွှင်နေ

သော ထွန်းထွန်းလူရဲ့မျက်နှာသည် တည်တည်ငြိမ်ငြိမ်ဖြစ်သွား

ပြီး အေးအေးဆေးဆေးတစ်လုံးချင်း ပြန်ဖြေလိုက်သည်။

"ပြိုင်ဘက်အဖြစ် သဘောထားစရာမလိုပါဘူး မမခိုင်

ရာ၊ လွတ်လပ်တဲ့မိန်းကလေးတစ်ဦးကို လွတ်လပ်တဲ့ယောက်ျား

လေးတိုင်းက ချစ်ကြ,ကြိုက်ကြတာသဘာဝပဲလေ၊ ဒါ ပြိုင်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှ မဟုတ်တာ၊ မမနိုင်ပြောတာ နှယ်လေးတို့ တစ်တန်းထဲက ထွန်းရဝေကိုပြောတာမဟုတ်လား''

''ဟယ် ... ဒီကိစ္စကို နင်သိတယ် ... ဟုတ်လား''

သန္တာရဲ့အမေးကို ထွန်းထွန်းလှူက ...

''ဟုတ်ကဲ့ ... ကျွန်တော်သိပါတယ်၊ ကျွန်တော်က ကျောင်းဆင်းချိန်ဆို အမြဲတမ်း နှယ်လေးမသိအောင် နှယ်လေး နောက်မှာ ရှိပါတယ်၊ နှယ်လေး ကားပေါ်တက်ပြီးတော့မှ ကျွန်တော် ပြန်တာပါ၊ ထွန်းရဝေ, နှယ်လေးကိုစောင့်ပြီး စကားပြောတာလည်း ကျွန်တော် သိပါတယ်၊ နောက်ပိုင်းမှာ ညနေတိုင်း သူတို့နှစ်ယောက် အအေးဆိုင်အတူ ထိုင်ကြတာကိုလည်း သိပါတယ်၊ ဒါပေမဲ့ အခုအချိန်ထိ နှယ်လေး ကားပေါ်တက်ပြီးမှ ကျွန်တော် ပြန်စမြဲပါ''

တည်တည်ငြိမ်ငြိမ်နှင့် ပြောပြနေသော ထွန်းထွန်းလှူရဲ့ စကားများကို နားထောင်ရင်း သန္တာတို့မှာ ထွန်းထွန်းလှူကို အားနာမိသည်။ နှယ်လေးမှာလည်း ထွန်းထွန်းလှူကို ငေးနေမိ



သည်။ မထူးတော့ပြီမို့ နိုင်လည်း ကိုယ်သိချင်တာကို ဆက်ပြီး မေးလိုက်သည်။

''နင်ကလည်းဟယ် ... ငါတို့ကိုတောင် ပြန်ပြောဘူး၊ ဒီလိုမျိုးတွေတော့ နင့်စိတ်ထဲမှာ ဒေါသမဖြစ်ဘူးလား၊ ဘာဖြစ်လို့ နှယ်လေးမမြင်အောင် နောက်မှာ ပုန်းနေရတာလဲ''

''ဒါ ပြန်ပြောစရာမလိုဘူး ထင်လို့ပါ၊ နှယ်လေးမှာလည်း သူ့လွတ်လပ်ခွင့်နဲ့သူ ရှိတာပဲ၊ ကျွန်တော် ကျော်စွာတို့ကိုတောင် မပြောပြဘူး''

''ဟုတ်တယ် မမနိုင် ... ဒီကိစ္စကို ကျွန်တော်တို့လည်း အခုမှ သိရတာ၊ လုံးဝမပြောပြဘူး မင်းကွာ ...''

တိုနီက မကျေမနပ်နှင့်ဝင်ပြောသည်။ ထွန်းထွန်းလှူက ဆက်၍ ...

''ပြီးတော့ နှယ်လေးမမြင်အောင် ပုန်းတာလည်း မဟုတ်ပါဘူး၊ ကျွန်တော် ဒီလိုမျိုး နိုးကြောင်နိုးဝှက်အကျင့်မလုပ်တတ်ပါဘူး၊ ကျွန်တော် နှယ်လေးနဲ့စသိကတည်းက, ထွန်းရဝေ နှယ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို propose မလုပ်ခင်ကတည်းက အမြဲတမ်း ကျွန်တော် နှယ်လေးနောက်မှာ ရှိပါတယ်၊ မမြင်စေချင်တာက ကျွန်တော် ကြောင့် နှယ်လေး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ၊ ပြီးတော့ နေ့လယ်ပိုင်းတွေမှာ တွေ့ကြပြီးပြီလေ၊ တစ်ဖက်သားကို နား လည်ပေးရမှာပေါ့၊ ကျွန်တော့်ဘက်က တွေ့မြင်နေရရင် တော်ပါ ပြီ ...ကျွန်တော့်ဘက်မှာ စည်းရှိပါတယ်''

''သောက်ရှုး''

ကျော်ကျော်က တိုးတိုးလေးဆဲသည်။

''ဒါဆိုရင် မင်း ထွန်းရဝေကိုရော မတင်းဘူးလား''

တိုနီက မကြည်သလိုနှင့်မေးသည်။

''ဘာတင်းစရာရှိလို့လဲကွာ၊ အမိက,က နှယ်လေးပဲလေ နှယ်လေး စိတ်ကိုင်းကျတဲ့သူ ရွေးချယ်ခွင့်ရှိတယ်၊ ပြီးတော့ ထွန်းရဝေဆိုတာလည်း ကြည့်ရတာ လူကြီးလူကောင်းပုံပေါက် ပါတယ်''

''အေး ...မင်းကတော့ သူနိုး, ဂျပိုး, ဂျလေဘီပေါ့''



ကျော်စွာကလည်း မေတ္တာပို့သည်။

''ဒါဆို တကယ်လို့ နှယ်လေးက ထွန်းရဝေကို ရွေးချယ် လိုက်တယ်ဆိုရင်ရော''

ခိုင်က နဂိုကတည်းက ထွန်းရဝေဘက်ကို မဲသာသူဖြစ် သဖြင့် လိုသလိုဆွဲပြီး မေးလိုက်သည်။

''သိသေးပါဘူး မမခိုင်ရာ၊ ကျွန်တော် အဲဒီလောက် ထိ မစဉ်းစားထားသေးဘူး၊ မစဉ်းစားရဲဘူး၊ ဘယ်အတိုင်း တာအထိ ကျွန်တော်ခံစားရမလဲဆိုတာ ကျွန်တော်လည်း မသိ ဘူး သေချာတာတစ်ခုကတော့ ကျွန်တော့်ကို နှယ်လေး ရွေး ချယ်သည်ဖြစ်စေ, မရွေးချယ်သည်ဖြစ်စေ ကျွန်တော့်ဘဝမှာ နှယ်လေးကို တစ်သက်လုံး ချစ်သွားမယ်ဆိုတာ အားလုံးရဲ့ရှေ့ မှာ ကျွန်တော် ထပ်ပြီး ကတိပေးပါတယ်''

''ဟုတ်ပါပြီ ...မမခိုင်တို့အားလုံးကလည်း ပလူကောင် ရဲ့အချစ်ကို ယုံပါတယ်၊ ကဲ ...ကဲ ...စားကြဟာ၊ တော်ကြာ ...တန်းနောက်ကျနေဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ထွန်းထွန်းလှုရဲ့စကားတွေအားလုံးက ခံစာ
ချက်အပြည့်နဲ့ဖြစ်နေ၍ ခိုင်လည်း စကားဆက်ပြောနေလျှင် အာ
နာစရာတွေဖြစ်ကုန်တော့မည်မို့ မြန်မြန်ပင် စကားဝိုင်းသိမ်းလိုက်
သည်။

"အေး ...ဟုတ်တယ်ကွ ...ပြီးတော့ ဒီနေ့ တို
ကင်မရာယူလာတယ်၊ အားလုံး အမှတ်တရစုပြီး ဓာတ်ပုံရိုက်
အောင်လို့တဲ့၊ မြန်မြန်စားပြီး သွားရိုက်ကြမယ်"

"အေး ...ကောင်းတယ်ဟေ့"

"ပြီးရင် ...အားလုံးကို တစ်ပုံစီကူးပေးမယ် ...သိမ်
ထားကြနော်"

အစားကို မြန်မြန်လက်စသတ်ကြပြီး တပျော်တပါးကြ
ဓာတ်ပုံသွားရိုက်ကြသည်။ အဖွဲ့လိုက်ပုံစံအမျိုးမျိုးနှင့် သုံးလေး
ရိုက်ဖြစ်ကြသည်။

ထုံးစံအတိုင်း ကျောင်းဆင်းချိန် ထွန်းရဝေနှင့် အအေး
ဆိုင်ထိုင်တော့ မနက်က ထွန်းထွန်းလှုပြောသောစကားများကို
သတိရမိ၍ နွယ်လေး မလုံသလိုခံစားရသည်။

ဘယ်နေရာကများ ကြည့်နေလဲဟူ၍လည်း သိချင်လာ
သည်။

ဒါကြောင့် မသိမသာ ဟိုလိုလို၊ ဒီလိုလိုနှင့် ရှာကြည့်မိ
သည်။

ဒါကို အကင်းပါးသော ထွန်းရဝေက ရိပ်မိသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



... "နွယ်လေး ... ဘာရှာတာလဲ၊ ဘာလိုချင်လို့လဲ"

"ဩော် ... ဘာမှမဟုတ်ပါဘူး၊ နွယ်လေးစိတ်ထဲမှာ တစ်ယောက်ယောက်များ ကြည့်နေသလားလို့ပါ"

"ဘယ်သူမှ မကြည့်ပါဘူး နွယ်လေးရဲ့၊ ဘာလဲ ... ဟိုကောင် ထွန်းထွန်းလူ လိုက်ချောင်းနေလို့လား၊ ယောက်ျား တန်မဲ့နဲ့ ဒီကောင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

မနက်က သူတို့ပြောခဲ့သော အကြောင်းအရာများကို သိသလိုပြောနေသော ထွန်းရဝေကိုကြည့်ပြီး နွယ်လေး အံ့သြနေသည်။

ပြီးတော့ ပြောစရာအကြောင်းက တိုက်ဆိုင်လာပြီဖြစ်သဖြင့် နွယ်လေး သိချင်တာလေးတွေ အသာလေး ထည့်မေးလိုက်သည်။

"မဟုတ်ပါဘူး ကိုထွန်းရဝေရယ်၊ လိုက်ချောင်းတော့လည်း ဘာဖြစ်လဲ၊ သူလည်း နွယ်လေးရဲ့သူငယ်ချင်းတစ်ယောက်ပဲဟာ"



"အဓိပ္ပာယ်မရှိတာ နွယ်လေးကလည်း ... စည်းတော့ ရှိရမှာပေါ့၊ ကျွန်တော်က နွယ်လေးအနားမှာ သူ့ကိုတွေ့တွေ့နေတာကောင်း သိပ်ကျေနပ်တာ မဟုတ်ဘူး"

"ဒါကတော့ အားလုံးက တစ်ဖွဲ့ကြီးနေကြတာပဲလေ၊ ကိုထွန်းရဝေ လာချင်ရင်လည်း နွယ်လေးတို့အဖွဲ့ထဲကို လာခဲ့ပေါ့ ... ပျော်ဖို့ကောင်းတယ်"

"ဟာ ... မလာချင်ပါဘူး၊ ကျွန်တော် ဒီလိုရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ဘူး၊ ပြီးတော့ ဒီကောင်နဲ့လည်း မျက်နှာချင်းဆိုင်နိုင်ဘူး၊ ဆိုင်လည်း မဆိုင်ချင်ဘူး"

"ဟင် ... ကိုထွန်းရဝေကလည်း ... သူလည်း သူ့ဘာသာသူ လူငယ်ပီပီ ပျော်ပျော်နေတာပဲ ... ဒီလိုမျိုးတော့ မပြောပါနဲ့"

ရုတ်တရက်မို့ နွယ်လေးလည်း စိတ်ထဲမှာ ခုတုံတုံဖြစ်သွား၍ ထွန်းရဝေကို ပြန်ပြောလိုက်သည်။

ဘာပဲပြောပြော ... ပလူကောင်ကိုတော့ နွယ်လေးစိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ခင်စရာကောင်းလို့ ပိုခင်မိတာအမှန်ပါ။

အဲဒီလိုမျိုး မှိုချိုးမျှစ်ချိုးပြောတာကိုတော့ မခံချင်ဖြစ်မိ
သည်။

"ပြီးတော့ သူလည်း နွယ်လေးကို propose လုပ်ထား
တာပဲ၊ သူ့မှာလည်း အခွင့်အရေးရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် နွယ်လေးရာ ... ကျွန်တော်ကတော့
နွယ်လေးကို ချစ်မိပြီဆိုတာနဲ့ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး၊ ဘာ
အတားအဆီး, ဘာအနှောင့်အယှက်ဖြစ်ဖြစ် ရှင်းရမှာပဲ၊ ပြိုင်
ဘက်ကိုတော့ အလဲထိုးပစ်ရမှာပဲ၊ ကျွန်တော်နိုင်ချင်တယ် နွယ်
လေးရယ်"

"တော်ပါတော့ ကိုထွန်းရဝေရယ် ... နွယ်လေးဖြင့်
ကိုထွန်းရဝေကိုကြည့်ပြီး မူးလာပြီ"

တကယ်လည်း နွယ်လေးမျက်စိထဲမှာ ထွန်းထွန်းလက်
နားရွက်ကို ကိုက်နေသော ထွန်းရဝေ၏ပုံရိပ်တွေ ရစ်ဝဲပြီး ပေါ်
သဖြင့် တကယ်ပင် မူးရိပ်ရိပ်ဖြစ်လာသည်။



"ဟာ ... sorry နွယ်လေးရယ်၊ နွယ်လေး စိတ်ညစ်
သွားလားမသိဘူး၊ ကျွန်တော် တော်တော်မခံချင်ဖြစ်နေရလို့ပါ၊
တောင်းပန်ပါတယ်၊ ဒါပေမဲ့ ... နောက်ဆုံးတော့ နွယ်လေး
ကျွန်တော့်ကိုပဲ ရွေးချယ်ပါနော်"

"ဟူး ... ကိုထွန်းရဝေရယ်"

www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ် . . . ငါတို့ကိုများ သူက ရှစ်ရှပ်ယှက်ယှက်တွေ၊ ဘာတွေပြောရအောင် သူက ဘာမို့လို့လဲ ဆရာကြီး ဟန်ဆောင်နေပြီးတော့ သူသာ သင်းကွဲကောင်၊ တော်ပြီ နွယ်လေးနှင်း ပလူကောင့်ကိုပဲ ရွေးလိုက်"

ထွန်းရဝေပြောသောစကားများကြောင့် သန္တာက ဒေါသူပုန် ထနေသည်။

"မဟုတ်သေးပါဘူး သန္တာရယ်၊ သူ့ခမျာလည်း ခံချိခံသာနဲ့ ပြောချင်ရာ ပြောလိုက်တာ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကတော့ ထုံးစံအတိုင်း ထွန်းရဝေဖက်က ဖာဖာထေ ထေး ဝင်ပြောလိုက်သည်။

"အမယ် ... သူက ဘာမှမခံချိမခံသာဖြစ်စရာ မလို ဘူး။ မမနိုင်ပဲ စဉ်းစားကြည့်လေ ... အခုအချိန်မှာ နွယ်လေး အလယ်မှာပဲ ရပ်နေသေးတယ်၊ ဘယ်သူ့ကိုမှ မဲမသာသ ဘယ်သူ့ကိုမှလည်း မျက်နှာသာပေးသေးတာ မဟုတ်ဘူး၊ မျက်နှာရှူး ပလူကောင်တောင်မှ တည်တည်ငြိမ်ငြိမ်နဲ့ နေနိုင် ပြောနိုင်သေးတာပဲ၊ ဒင်းက ပိုပြီး သိက္ခာရှိရှိ ပြောရမှာပေါ့

ဒါပဲ နွယ်လေး ... မှတ်ထား ... သင်းကွဲကောင်ဟ ဟာ ဒီလိုပဲဟဲ့၊ သူများထဲလည်း ဝင်မဆံ့နိုင်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ကြည့်တတ်၊ ချစ်တတ်တယ် အတ္တကြီးတယ်၊ နင် နောက်တော့မှ ငါ့စကားမှန်ပါလားဆိုပြီး နောင်တရလိမ့်မယ်"

"ကဲပါသန္တာရယ် ... စိတ်ကိုလျှော့တော့၊ နွယ်လေးက နားလည်ပါတယ်၊ စဉ်းစားတတ်တဲ့ ဦးနှောက်လည်း ရှိပါတယ်



သူ့ဘာသာ လွတ်လွတ်လပ်လပ်စဉ်းစားပါစေဦး ... ဟုတ်လား"

မမနိုင်က ဒေါသထွက်နေသော သန္တာကို ဖျောင်းဖျပြီး နွယ်လေးကို လှမ်းပြောလိုက်သည်။

"ဘဝတစ်ခုလုံးအတွက် ရွေးချယ်ရမှာဆိုတော့ နောင် အရှည်ကိုကြည့်ရမယ်နော် နွယ်လေး။ ကျောင်းသားဘဝကလို ပေါ့ပေါ့ပါးပါးနေလို့ မရတော့ဘူး၊ ဘဝတစ်ခုလုံးကို ဦးဆောင်နိုင် မို့ အားကိုးရမယ့်ယောက်ျား, ယေးစားစရာကောင်းတဲ့ယောက်ျား မျိုးကိုတော့ ရွေးချယ်တတ်ရမယ်"

မမနိုင်ရဲ့ ဘာလိုလိုနိုမိတ်ပြစကားကို နွယ်လေး သဘော ပေါက်နားလည်လိုက်သည်။

"ဒါနဲ့ နေစမ်းပါဦး နွယ်လေးရဲ့ ... စာမေးပွဲတွေက နီးနေပြီ၊ ဘယ်အချိန်မှာ အဖြေပေးမယ်လို့ စဉ်းစားထားလဲ"

နိုင်မေးမယ်လို့ ကြံနေသော မေးခွန်းကို သန္တာက ဦး ဆောင်မေးလိုက်သည်။

"အင်း ... အားလုံး စာမေးပွဲကို အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ဖြေပြီလို့ တစ်ပတ်,နှစ်ပတ်အတွင်းပေါ့"

နွယ်လေး အဖြေက ခပ်လေးလေး။

စာမေးပွဲတွေပြီးသွားလို့ ငါးရက်မြောက်နေ့မှာ နိုင့်ဆီကို နွယ်လေး ရောက်လာသည်။

"ဟယ် ... နွယ်လေး ... လာ ... လာ၊ မမနိုင် လည်း နွယ်လေးတို့ကို သတိရနေတာ၊ စာမေးပွဲပြီးသွားလို့ ... ပေါ့သွားပေမယ့် အမြဲတမ်းကျောင်းသွားနေကျမို့လို့ ကျောင်းသွားတဲ့အချိန်ရောက်ရင် တစ်ခုခု လိုနေသလိုပဲ"

"ဟုတ်တယ် မမနိုင်ရေ ... နွယ်လေးလည်း အားလုံး ကို သတိရနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ် . . . နွယ်လေးနော် . . . အားလုံးထဲမှာ ပိုတဲ့

ရော မပါဘူးလား"

"ကြည့် . . . မမနိုင်က တွေ့ရင် လူကို စ,ဖို့ပဲသိတယ်

"ချစ်လို့စတာပါ နွယ်လေးရယ် . . . ကဲပြော . . .

ကိစ္စကို ဘယ်လိုဆုံးဖြတ်မှာလဲ"

"အဲဒါတိုင်ပင်မလို့ မမနိုင်ဆီလာခဲ့တာ၊ သန္တာ

တောင် ဖုန်းလှမ်းဆက်လိုက်သေးတယ်၊ သန္တာ အပြင်သွား

ဆိုလို့"

"ကဲ . . . ဒါဆို မမနိုင်ကိုပဲ ပြောပြတော့ . . . ဘယ်

ဆုံးဖြတ်ထားလဲ၊ မမနိုင် ဘာလုပ်ပေးရမလဲ"

"အမှန်ကတော့ သန္တာကိုပဲ အကူအညီတောင်းချင်

ပါ"

"အမယ် . . . ကျုပ်က ဘာဖြစ်လို့လဲ . . . ရှင်က

"မဟုတ်ပါဘူး မမနိုင်ရယ် . . . မမနိုင်က

မဟုတ်လား၊ အားနာလို့ပါ"



"တို့တွေကြားမှာ ဒါတွေမလိုပါဘူး နွယ်လေးရယ်၊ ကဲ

. . ပြော . . . ဘာလုပ်ပေးရမှာလဲ"

"ဟိုလေ . . . ထွန်းထွန်းလူနဲ့ထွန်းရဝေကို စာပေးခိုင်း

လို့ပါ"

"စာ . . ဟုတ်လား . . . ဘာစာလဲ နွယ်လေးရဲ့ . .

ရှင်းပါဦး"

"ဒီလိုလေ မမနိုင်ရဲ့ . . . နွယ်လေးက စာမေးပွဲပြီးရင်

တစ်ပတ်ဆယ်ရက်အတွင်း အဖြေပေးမယ်လို့ သူတို့နှစ်ယောက်ကို

ကတိပေးထားခဲ့တယ်၊ တစ်ယောက်ကို ရွေးခဲ့ရင်တောင် ကျန်တဲ့

တစ်ယောက်က သူငယ်ချင်းပဲနော်လို့ ကြိုပြီးပြောထားဖူးတယ်"

"ဟုတ်တယ်လေ . . . အဲဒါ မနိုင်တို့အားလုံးသိပြီးသား

နွယ်လေးက ဘယ်လိုဆုံးဖြတ်ထားလို့လဲ"

"နွယ်လေးလည်း အခုထက်ထိ ဘယ်သူ့ကို ရွေးရမှန်း

မသိဖြစ်နေတယ်၊ နှစ်ယောက်လုံးကို ခင်လည်းခင်တယ်၊ သံ

သာဇဉ်လည်း ရှိပါတယ်၊ ဒါနဲ့ ကံတရားပဲလို့ သဘောထားပြီး

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေး သူတို့နှစ်ယောက်ကို တစ်ပြိုင်နက်တည်း စာပေးမလို့ စီစဉ်ထားတယ်''

''တစ်ပြိုင်တည်း စာပေးမယ် ... ဟုတ်လား၊ စာပေးတော့ ဘာဖြစ်လဲ၊ အခုထက်ထိ နွယ်လေး အစီအစဉ်ကို မမနိုင် သဘောမပေါက်ဘူး ဖြစ်နေတယ် ... ရှင်းပါဦး''

''စာထဲမှာက နှစ်ယောက်လုံးကို တစ်နေ့တည်း၊ တစ်နေရာတည်းမှာ တစ်ချိန်တည်း ချိန်းထားတဲ့စာပါ၊ နွယ်လေးကို ဂရုတစိုက်နဲ့ အရင်ဆုံးရောက်လာတဲ့သူကို နွယ်လေးရဲ့ချစ်သူအဖြစ် ရွေးချယ်လိုက်တော့မယ် မမနိုင်ရယ်''

နွယ်လေးစကားဆုံးတော့ နိုင်က တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားသလို ငြိမ်သွားပြီးမှ ဝမ်းသာအားရ နွယ်လေးကို ပြန်ပြောလိုက်သည်။

''ဟုတ်ပြီ ... ကောင်းတယ်၊ နွယ်လေးရဲ့အစီအစဉ် သိပ်ကောင်းတယ်၊ ဘယ်သူပဲ အရင်ရောက်ရောက် နွယ်လေး ရွေးမှာ သေချာတယ်နော်''



''ဟုတ်ပါတယ်ဆို မမနိုင်ကလည်း ... နွယ်လေး သေသေချာချာ ဆုံးဖြတ်ပြီးပြီ''

''ကောင်းပြီ ... ဒါဆိုရင် ဒီစာကိစ္စကို မမနိုင်ကပဲ တာဝန်ယူပြီး ပေးပေးမယ်၊ မမနိုင်မှာလည်း အားလုံးရဲ့လိပ်စာ ရှိတယ်လေ''

''ကျေးဇူးတင်ပါတယ် မမနိုင်ရယ်''

''ဒါပေမဲ့ တစ်ခုတော့ နွယ်လေး မမနိုင်ကို ကတိပေးရမယ်''

''ဘာကတိလဲဟင်''

''အခု မမနိုင်ကို စာပေးခိုင်းတဲ့ကိစ္စရယ်၊ သူတို့နှစ်ယောက်ကို စာအတူတူပေးပြီး ရွေးချယ်တဲ့ကိစ္စရယ်ကို ဘယ်သူ့ကိုမှ မပြောရဘူး၊ ယုတ်စွအဆုံး သန္တာကိုတောင် မပြောပါဘူးလို့ ကတိပေးရမယ်''

''ဘာဖြစ်လို့လဲ မမနိုင်''

နွယ်လေးက နားမလည်စွာ ပြန်မေးသည်။

www.burmeseclassic.com



"ဪ . . . နွယ်လေးပဲ စဉ်းစားကြည့်လေ . . . နွယ်လေးက ဘာရယ်မဟုတ် ရွေးရခက်နေလို့ လုပ်လိုက်ပေမယ့် ကျန်တဲ့ကာယကံရှင်နှစ်ယောက်က သူတို့မေတ္တာကို ပေါ့ပေါ့တန် တန် သဘောထားပြီး အပျော်လုပ်တယ်လို့ ထင်သွားမှာပေါ့ ပြီးတော့ သန္တာ . . . သန္တာသိရင် အားလုံးမောင်းခတ်ပြီးသား ဖြစ်သွားလိမ့်မယ်"

"အင်း . . . ဟုတ်တယ်နော်"

"ကဲ . . . နားလည်ရင် ကတိတည်နော်၊ ဘယ်တော့ မပေါက်ကြားစေနဲ့ နွယ်လေး ကံကောင်းမှာပါ၊ အို . . . နွယ်လေး ကံကိုကောင်းစေရမယ်လို့ မမနိုင် ပြောရဲတယ်"

"မမနိုင်ပြောတဲ့အတိုင်း ဖြစ်ပါစေ မမနိုင်ရယ်"

[illegible]

ချိန်းထားတဲ့နေ့ရောက်တော့ နွယ်လေးတစ်ယောက် ...ရမ်းရင်ခုန်နေသည်။

ဘယ်သူ့ကို အရင်စောရောက်စေဖို့ ဆုတောင်းရမှန်းမင် ...သိတော့။

"အို . . . မတတ်နိုင်ဘူးလေ . . . ငါနဲ့ဖူးစာပါတဲ့သူပဲ ...ပြီ"

ကိုယ့်စိတ်ကို ကိုယ်အားပေးရင်း ရင်ခုန်စွာဖြင့် ချိန်း ...သောနေရာသို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတဲ့နေရာအရောက် ထိုင်ခုံလေးမှာ ထိုင်စောင့်နေသူကတော့ ကော်လံကတုံး အကျီအဖြူ ယောပုဆိုးအညိုလေးနှင့် သပ်ရပ်ခန့်ညားနေသော ထွန်းရဝေပင်။

ထွန်းရဝေကို ရုတ်တရက်မြင်လိုက်ရတော့ ဒိုင်းခနဲ ရင်တွေတုန်သွားပြီး စောစီးစွာရောက်မလာသော ထွန်းထွန်းလူကို ဘာကြောင့်မှန်းမသိ ချက်ချင်းသတိရလိုက်မိသည်။

ဘာဖြစ်လို့ ခင်းက အရင်ဦးအောင် ရောက်မလာရတာလဲဟုလည်း ဒေါသထွက်မိသည်။

ဒါပေမဲ့ မတတ်နိုင်တော့။ ကံတရားသည် ထွန်းရဝေကို မျက်နှာသာပေးလိုက်ပြီ။

နွယ်လေးခေါင်းထဲသို့ တခြားအတွေးများ မဝင်ရောက်စေရန် ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ပြီး အာရုံအားလုံးကို ထွန်းရဝေဆီသို့ အတတ်နိုင်ဆုံး ပို့လွှတ်လိုက်သည်။

ဘယ်သူ့ကိုများ အရင်မြင်ရပါ့မလဲဟူသော သိချင်စိတ်များဖြင့် ချိန်းထားသောအချိန်ထက် တစ်နာရီလောက်စောစွာ



ပ်လေးထွက်လာခဲ့တာတောင်မှ ထွန်းရဝေက သူ့ထက်စောစွာ ောက်နှင့်နေသည်။

ဘယ်အချိန်ကတည်းကများ ရောက်နေလဲမသိဘူး။

"နွယ်လေး"

"ကိုထွန်းရဝေ . . . ချိန်းထားတဲ့အချိန်တောင် မရောက်သေးဘူး။ ဘယ်အချိန်ကတည်းက ကြိုရောက်နေတာလဲ . . . ဗျာ"

"ကျွန်တော် ဒီကိုရောက်နေတာ နှစ်နာရီကျော်လောက်ရှိပြီ နွယ်လေးရဲ့"

"ဟင် . . . နှစ်နာရီတောင်"

ဒီလိုဆိုတော့လည်း ကိုယ့်အပေါ် ဂရုတစိုက်နဲ့ အလေးထားတတ်ရှိသော ထွန်းရဝေအပေါ် ကျေနပ်သွားရသည်။

"မမခိုင် လာပြောတုန်းက ကျွန်တော့် အိပ်မက်,မက်ဖူးချင်လိုတောင် ထင်နေတာ နွယ်လေးရယ်၊ ဒါဆို နွယ်လေးက ကျွန်တော့်အချစ်ကို လက်ခံတယ်ပေါ့နော်"

www.burmeseclassic.com



မမနိုင်က ဘာတွေလာပြောလဲဆိုတာတောင် မမေး
တော့၊ မမေးချင်တော့ပဲ နွယ်လေးစိတ်ထဲမှာ လှုပ်ရှားနေတာ
ရင်ခုန်တာရော၊ ရှက်တာရော၊ ထွန်းထွန်းလူအပေါ် ဒေါသထွ
မိတာတွေရော အားလုံးစုပြုံပြီး ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသ
နွယ်လေးကိုယ်တိုင် ခေါင်းညိတ်မိမှန်း၊ ခေါင်းခါမိမှန်းပင်
လိုက်တော့။ (အမှန်က ခေါင်းညိတ်မိသည်ထင်သည်)

"ဟား ... ဝမ်းသာလိုက်တာ နွယ်လေးရယ်၊ ဒါ
ကျွန်တော့်ကို ချစ်တယ်ပေါ့"

ထွန်းရဝေက ဝမ်းသာအားရအသံနှင့်ပြောပြီး နွယ်
လက်ကို ဆုပ်ကိုင်လိုက်သည်။

နွယ်လေးက သူ့ရဲ့လက်ကို ဆုပ်ကိုင်ထားသော ထွန်း
ဝေရဲ့လက်ကို ထူထူပူပူနှင့် ကြည့်နေမိသော်လည်း လက်
အစား ထွန်းထွန်းလူရဲ့နားရွက်ကို ကိုက်ဖွဲ့နေသော ထွန်းရဝေ
သာ ထပ်ပြီးမြင်ယောင်လာသည်။

ဒီမြင်ကွင်းမျိုးကို ဘာဖြစ်လို့ ခဏခဏဝင်လာသလဲ



ာ နွယ်လေးလည်း မစဉ်းစားတတ်တော့။

"အို ... တော်ပါပြီ၊ အခုအချိန်ကစပြီး အဲဒီကိစ္စတွေ
အားလုံး ပြီးဆုံးသွားပြီ၊ ငါ့ဘဝဟာ ထွန်းရဝေဖြစ်သွားပြီ"

နွယ်လေးက ယတိပြတ်ဆုံးဖြတ်ချက်ချပြီး ခေါင်းကို
ခါထုတ်လိုက်သည်။

"ဟာ ... ဆောရီး ... ဆောရီး နွယ်လေး နာသွား
သား၊ ကျွန်တော် အရမ်းပျော်သွားလို့ပါ"

နွယ်လေးအတွေးတွေကို ခေါင်းခါထုတ်ပစ်လိုက်တာကို
ထွန်းရဝေက နွယ်လေးလက်နာသွားသည်ထင်၍ ကမန်းကတန်း
တောင်းပန်လိုက်သည်။

ပြီးတော့ နွယ်လေးလက်လေးကို သူ့ရင်ဘတ်နှင့် ကပ်
ထားပြီး ...

"ဒီနေ့ကစပြီး ကျွန်တော့်ကြောင့် နွယ်လေး မနာကျင်
ရပါဘူး၊ ကျွန်တော့်အချစ်တွေ၊ မေတ္တာတွေနဲ့ နွယ်လေးကို
အေးချမ်းသာယာစေရပါ့မယ်လို့ ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နှယ်လေး ထွန်းရဝေကို ရှက်ပြုံးလေးနှင့် လှမ်းကြည့်လိုက်သည်။ ထွန်းရဝေရဲ့ပခုံးထက်ကို ခေါင်းလေးမှီကာ မျက်စိမှိတ်ထားလိုက်သည်။

* * *

နှယ်လေးတို့အားလုံး ဘွဲ့ယူကြတော့ ဘွဲ့နှင်းသဘင်မှာ ထွန်းထွန်းလူကလွဲလို့ အားလုံးစုံညီစွာ ပြန်တွေ့ကြသည်။

"နှယ်လေး ... နှယ်လေးသတင်းကို ကြားပါတယ်၊ အရာရာ အဆင်ပြေပါစေဟာ"

တိုနီ၊ ကျော်စွာနဲ့ကျော်ကျော်တို့က နှယ်လေးကို လာနှုတ်ဆက်ကြသည်။

မျက်နှာတွေက သိပ်မကောင်း။

"ဟဲ့ ... ဒါနဲ့ ဟိုပလူကောင်ကို မတွေ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်သွက်လျှာသွက် သန္တာက နှယ်လေးသိချင်နေသော သတင်းကို လှမ်းမေးလိုက်သည်။

"ငါတို့လည်း မသိဘူးဟ . . . နှယ်လေးအကြောင်း ကြားပြီးကတည်းက ဒီကောင် ငါတို့ကိုရှောင်ထွက်သွားတာ၊ သူ့ အိမ်မှာလည်း မရှိဘူးတဲ့၊ အခု ဘွဲ့လည်း လာယူမှာမဟုတ်ပါ ဘူး"

ကျော်စွာက မျက်စိပျက်,မျက်နှာပျက်နှင့်ပြောသည်။

ဒီလိုကျတော့လည်း နှယ်လေးတို့ စိတ်မကောင်းနိုင်ကြ ဒါပေမဲ့ တစ်ဖွဲ့လုံးက နားလည်သိတတ်သောသူများမို့ ပလူကောင့် အကြောင်းကို ထပ်မပြောကြ၊ ထပ်မမေးကြဘဲ ဒီလောက်နဲ့ပဲ ရပ်သွားကြလို့ တော်သေးသည်။

ထူးဆန်းတာကလည်း . . .

နှယ်လေးနဲ့ထွန်းရဝေအကြောင်းကိုလည်း ဘာတစ်ခွန်း မှ မမေးကြခြင်းပင်။

မမေးတာပဲ ကောင်းပါတယ်။



ဒီအုပ်စုရှေ့မှာလည်း နှယ်လေးရဲ့အချစ်ကိစ္စအကြောင်းကို ဘယ်လိုမျက်နှာမျိုးနဲ့ ပြောရမလဲ။

သူတို့ဘာသာ အလိုက်တသိနဲ့နေကြခြင်းကိုပဲ ကျေးဇူး တင်ရမလိုပင်။

"ကဲ . . . ကဲ . . . ငါတို့အုပ်စု ဓာတ်ပုံရိုက်ရအောင်ဟာ"

မမခိုင်က အားလုံးကို လှမ်းပြောသည်။

"မရိုက်ချင်ပါဘူး မမခိုင်ရာ . . . ကျွန်တော်တို့အဖွဲ့ လူမှ မစုံတာ . . . မရိုက်ပါနဲ့တော့"

တိုနီက စိတ်မကောင်းသည့်အသံဖြင့် ပြန်ဖြေသည်။

"အေး ဟုတ်တယ် . . . သန္တာလည်း မရိုက်ချင်ဘူး"

သန္တာကလည်း ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောပြန်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအချိန်မှာ ပျော်တတ်၊ နောက် တတ်၊ ထာဝစဉ်ပေါ့ပေါ့ပါးပါးနေတတ်သော ပလူကောင်ကို အားလုံးက သတိရနေကြသည်။ သူရှိရင် ပျော်စရာကောင်းမှာ းသချာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နွယ်လေး ဟိုမှာ နှင့်မိုက်တိုက်စန် ငါတို့ဘ

ကို ရှိုးနေတာ ခဏခဏရှိနေပြီ၊ မျက်နှာကလည်း မသာမယာ

. . . သွားတော့ . . . သွားတော့"

ကျော်ကျော်က ခပ်လှမ်းလှမ်းမှနေ၍ နွယ်လေးတို့အဖွဲ့

ကွက်ကြည့်,ကွက်ကြည့်လုပ်နေသော ဘွဲ့ဝတ်စုံနှင့် ထွန်းရဝေ

မေးငေါ့ပြရင်း ပြောလိုက်သည်။

"ကဲ . . . သွားတော့ နွယ်လေးရေ၊ ကိုယ့်ဘဝကို ကို

အဆင်ပြေအောင် ကြိုးစားပါ၊ စိတ်ချမ်းသာပါစေလို့ ငါတို့အား

ဆုတောင်းပေးပါတယ်"

သန္တာက မျက်ရည်အဝဲသားနှင့်ပြောရင်း နွယ်လေး

ထွန်းရဝေရှိရာဘက်သို့ တွန်းထုတ်လိုက်သည်။

"နွယ်လေး . . . နွယ်လေး ကံကောင်းမှာပါလို့ မမ

ပြောထားတယ်နော်"

မမခိုင်ကတော့ နွယ်လေးကိုပြုံးပြရင်း ပခုံးလေးဖက်

နှစ်သိမ့်သည်။





လေးလံသောခြေလှမ်းများဖြင့် တရွေ့ရွေ့ထွက်ခွာသွား

သော နွယ်လေးကို ခိုင်တို့အုပ်စုလှမ်းကြည့်ရင်းမှ သက်ပြင်းကိုယ်စီ

ချလိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝသုန်းက အဖြစ်ကလေးများကို သတိတရပြန်တွေးမိရင်း နိုင်တစ်ယောက် မအိပ်နိုင်သေးဘဲ စဉ်းစားခန်းဝင်နေမိသည်။

ဘွဲ့ယူပြီးတာနဲ့ နိုင်လည်း နိုင့်အဒေါ်ရှိသော ဩစတြေးလျားသို့ ကျောင်းဆက်တက်ဖို့ ရောက်သွားတာနဲ့ အားလုံး မတွေ့ဖြစ်ကြတော့ပေ။

အစပိုင်းမှာတော့ နွယ်လေးတို့ သန္တာတို့နှင့် စာအဆက်အသွယ်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ခိုင်မှာလည်း ကျောင်းစာတွေကို မနိုင်မနင်း ကျက်မှတ်နေရတာ တစ်ဖက်မှ စာသိပ်မရေးဖြစ်တော့။

ကျောင်းပြီးတာနဲ့ အလုပ်ဆက်ဝင်ဖြစ်ရင်း ခိုင်တို့ နေရာပြောင်းသွားသဖြင့် စာအဆက်အသွယ်ပြက်သွားခဲ့ကြသည်။

နောက်ဆုံးသိရတဲ့စာများအရ သန္တာက နယ်မှာ အလုပ်ရသွားပြီဖြစ်တဲ့အကြောင်း၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနယ်မှာ သန္တာထက် အရင်တာဝန်ကျတဲ့ ကျော်စွာနဲ့တွေ့တဲ့အကြောင်း၊ ကျောင်းတုန်းက သံယောဇဉ်နဲ့ အခု ချစ်သူတွေဖြစ်နေကြပြီဆိုကဲ့အကြောင်း၊ သန္တာစာလေးများက သန္တာအတိုင်းပင် သီဂါရ ရသလေးများ ပါဝင်သည်။

နွယ်လေးရဲ့စာထဲမှာတော့ ထွန်းရဝေက စင်္ကာပူမှာ အလုပ်သွားလုပ်ဖို့ ကြိုးစားနေကြောင်း၊ အဆင်ပြေရင် ပြန်လာတာနဲ့ သူတို့လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း နောက်ဆုံးသိလိုက်ရသည်။ ထူးခြားတာက နွယ်လေးရဲ့စာကိုဖတ်ရတာ အားမရှိသလို ခံစားရပြီး စာထဲမှာ ကိုယ်ရွေးတဲ့လမ်းကို ပျော်



အောင်လျှောက်ဖို့ ကြိုးစားမယ်ဆိုတဲ့အကြောင်း အမြဲတမ်းလိုလို ပါတတ်သည်။

ထွန်းရဝေနဲ့ အဆင်ပြေရဲ့လား၊ ဘာတွေများ ဖြစ်နေကြလဲဆိုတာတွေကို သိချင်မိသည်။ နွယ်လေးတို့စာကို ဖတ်ရင်း မြန်မာပြည်ကို ပြန်ပြေးလာချင်တာ တစ်ပိုင်းသေဖြစ်နေသည်။ ခိုင်တို့အားလုံး ဘွဲ့ယူတဲ့နေ့မှာပဲ နောက်ဆုံးဆုံဖြစ်ကြပြီး တွေ့ဖြစ်ကြတော့တာ ဒီနေ့အထိပါပဲ။

တွေ့မယ့်တွေ့တော့လည်း တစ်ရက်တည်းမှာ နွယ်လေးနှာ ထွန်းထွန်းလူရော နှစ်ယောက်လုံးကို မထင်မှတ်သောပုံစံများနှင့် တွေ့ခဲ့ရသည်။

"အင်း . . . မနက်ဖြန်တော့ မနက်ပိုင်း ပလ္လကောင့်အိမ်အရင်ဝင်ရမယ်၊ ပြီးမှ နွယ်လေးတို့အိမ်ကို သွားမယ်"

ခိုင်တစ်ယောက် ကိုယ့်ဘာသာ အစီအစဉ်ဆွဲပြီး အိပ်ရာဝင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့မနက်စောစော နိုင် အိမ်မှထွက်ခဲ့ပြီး လမ်းမှာ
န်းထွန်းလှုတို့အိမ်နှင့် နွယ်လေးတို့အိမ်အတွက် စားစရာများ၊
က်ဆောင်များဝယ်ပြီး ထွန်းထွန်းလှုတို့အိမ်ဘက်ကို ဦးတည်
မောင်းလာခဲ့သည်။

လမ်းကျယ်ကျယ်သန့်သန့်လေးများနှင့် ထွန်းထွန်းလှုတို့
ကွက်က အိမ်ရှာလို့လွယ်သားပဲ။

ပေးထားသောလိပ်စာအတိုင်း ရောက်တော့ ပေ ၄
၀ ၆၀ မြေကွက်ပေါ်မှာ တစ်ခြမ်းကို ထပ်ခိုးမြင့်မြင့်နှင့်၊



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာလုလုလေးနှင့် နေချင်စဖွယ် ပျဉ်ထောင်အိမ်ယေ

တစ်လုံး ဆောက်ထားသည်။

ခြံရင်းဘက် မြေကွက်လပ်ကို မြက်မျာ၊ ပေါင်းမျာ

ပြောင်စင်အောင် နုတ်ထားပြီး စက္ကူပန်းတွေကိုမြင်တော့ နှ

လေးကို ချက်ချင်းသတိရသွားမိသည်။

နှယ်လေးက စက္ကူပန်းဆိုရင် အရမ်းကြိုက်သည်မဟု

လား။

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့"

"ဟယ် . . . မမနိုင်ပါလား၊ လာ . . . လာ . . . မမနိုင်

အစ်ကိုရေ . . . ဒီမှာ မမနိုင်လာတယ်"

နိုင့်ကိုမြင်တော့ ပလူကောင့်မိန်းမ ချိုနွယ်ရီက ကိုယ်ဝ

ကြီးတကားကားနှင့် ပြေးပြီး တံခါးလာဖွင့်ပေးသည်။

"ဖြည်းဖြည်းလာပါ ညီမရယ်၊ တော်ကြာ ချော်လဲနေ

မယ်"

နိုင်က အားနာစိတ်ပူပြီး ပြောရသည်။





"လာ . . . လာ မမနိုင်ရေ . . . ကျွန်တော် ဒီမှာချက်ချင်း

ထလို့မရလို့ပါ၊ သူက ဒီလိုပဲ မမနိုင်ရဲ့ . . ဘယ်လောက်ပြောပြော

အဲဒီကိုဝင်းကြည်ကို လုံးဝဂရုမစိုက်ဘူးလေ"

ပြောပြောဆိုဆိုနှင့် အိမ်ပေါက်ဝရောက်လာသော ပလူ

ကောင့်ကိုကြည့်လိုက်တော့ အိမ်နေရင်းစွပ်ကျယ်ဖာပေါက်အနက်၊

ညှိပုဆိုးကွက်အပြာလေးနှင့် ကျောင်းသားလူငယ်လေးတစ်

ယောက်လိုပင် ပေါ့ပါးသွက်လက်နေသည်။

"ဟဲ့ . . . ဘယ်သူလဲဟဲ့ . . . ကိုဝင်းကြည်ဆိုတာ"

နိုင်ရဲ့နားမလည်စွာမေးတဲ့အမေးကို ပလူကောင်က

ယ်ကျဲကျဲနှင့် ပြန်ဖြေသည်။

"ဟဲ . . . ဟဲ . . . ကိုဝင်းကြည်ဆိုတာ ကိုယ်ဝန်ကြီးကို

ာက်ပြီးခေါ်တာ မမနိုင်ရဲ့"

ပလူကောင့်ကိုကြည့်ပြီး နိုင်တောင် မြူးစိစိဖြစ်ကာ ပြန်

ယ်သွားသလို ခံစားလိုက်ရသည်။

"နှင်ကတော့လေ အရင်အတိုင်းပဲ"

www.burmeseclassic.com



"လာထိုင် မမနိုင် ... ဆက်တီမှာထိုင်၊ ကျွန်တော်က မနေ့က အခန့်မသင့်လို့ ခြေခေါက်သွားတာ၊ ခြေတစ်ဖက်နာနေလို့ ရုတ်တရက်မထ,နိုင်လို့ပါ"

ညည့်ခန်းလေးက ချစ်ဖို့ကောင်းသည်။ ကျွန်းဆက်တီ ရှင်းရှင်းလေးတစ်စုံထားပြီး ဖတ်စရာဂျာနယ်၊ စာအုပ်များက ထောင့်က စာအုပ်စင်လေးမှာ စနစ်တကျ။

"ဟင်"

ဧည့်ခန်းကို လှည့်ပတ်အကဲခတ်နေသော နိုင့်ရဲ့အကြည့်တွေ တစ်နေရာအရောက်မှာ ရင်ထဲ ဒိုင်းခနဲဖြစ်သွားပြီး ထိုင်ရာက ထရပ်မိတော့မလိုဖြစ်သွားသည်။

မြင်ကွင်းက ...

ဧည့်ခန်းနှင့် အိမ်အနောက်ဘက်အခန်းများကို ကာထားသော နံရံပေါ်တွင် နိုင်တို့ကျောင်းတုန်းက ပုံစံအမျိုးမျိုးနှင့် ရိုက်ထားသော ဓာတ်ပုံသုံးပုံကို ပုံကြီးချဲ့ထားသည်။

၎င်းပုံသုံးပုံကို ခြံရံထားသည်ကတော့ အားလုံးထဲမှ နွယ်





လေးတစ်ယောက်တည်းပုံကို ကွန်ပျူတာနှင့် ပြန်ဖြတ်ထုတ်ထားပြီး ပုံကြီးချဲ့ထားသော ဓာတ်ပုံနှစ်ပုံဖြစ်သည်။

တခြားနံရံဘက်မှာတော့ ထွန်းထွန်းလူတို့စုံတွဲပုံနှင့် သားစုပုံများ ချိတ်ထားသည်။

"ဘာလဲ ... မမနိုင်က အံ့သြနေတာလား၊ မမနိုင်သူငယ်ချင်း အချစ်ကြီးပုံက မြင်တဲ့အတိုင်းပဲလေ"

နိုင့်အတွက် လက်ဖက်ပွဲနှင့် ရေနွေးကြမ်းလာချပေးရင်း ပြုံးရယ်စွာပြောနေသော ချို့နွယ်ရီကို အားနာစွာကြည့်ရင်း နိုင် ဘာပြောရမှန်းမသိတော့။

ပလူကောင့်ပုံစံက ဘာမှမဖြစ်သလိုပင်။

ရှေ့က စားပွဲပေါ်တွင်တင်ထားသော ပိုက်ဆံအထပ်လိုက်ကို သားရေကွင်းနှင့်ချည်ရင်း စာရင်းစာအုပ်ကို လက်စသတ်နေသည်။

နိုင်လည်း ဘာပြောရမှန်းမသိဘဲဖြစ်နေ၍ မျက်စိရှေ့တွင်ရှိသော ပိုက်ဆံများကိုကြည့်ပြီး ရောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... ဟဲ့ ... ပိုက်ဆံတွေက အများကြီးပါလား
သူဌေးဖြစ်နေပြီပေါ့လေ"

"မဌေးပါဘူး မမခိုင်ရာ၊ ဒါ သားကြီး ရှင်ပြုဖို့အတွက်
စုထားတာလေ၊ သားကြီး စ,မွေးကတည်းက လတိုင်း ကျွန်တော်
စုထားတာ၊ ရှေ့နှစ် သူ့ကို ရှင်ပြုပေးမလို့လေ"

"သြော် ... ကောင်းတယ်ဟဲ့ ... သာဓု ... သာဓု
... သာဓု"

ခိုင်က ဝမ်းသာကြည်နူးစွာပြောရင်း အရင်က စာရင်း
မရှိ၊ အင်းမရှိ သုံးဖြုန်းသူဟု ထင်မိခဲ့သည်နှင့် တခြားစီဖြစ်နေ
သည်ကို ရင်ထဲမှာ အံ့ဩနေမိသည်။

"အစ်ကို ... ကျွန်မ သားကို သင်တန်းလိုက်ပို့လိုက်
ဦးမယ်၊ ပြီးရင် ဈေးဝင်မှာဆိုတော့ ကြာမယ်နော်၊ မမခိုင် ...
ညီမကို ခွင့်ပြုဦးနော်၊ ညှော်ဝတ်မကျေဘူးလို့တော့ မထင်ပါနဲ့
မမခိုင်ရယ် ... အစ်ကိုက သူ့သားကို ကျောင်းပိတ်ရက်တိုင်း
English speaking သင်တန်းကို ပို့နေကျလေ၊ ဒီနေ့ သူ ခြေ





ထောက်နာနေလို့ ညီမ,လိုက်ပို့ရတာ၊ မမခိုင်လည်း အေးအေး
ဆေးဆေးနေဦးပေါ့၊ သူငယ်ချင်းနှစ်ယောက် လွတ်လွတ်လပ်လပ်
ပြောကြနော်၊ အစ်ကို ... ကျွန်မ,သွားပြီနော်"

ချိုနွယ်ရီက ခိုင့်ကို အပြုံးလေးနှင့်ပြောပြီး ထွန်းထွန်းလူ
ကိုပါ လှမ်းပြီး နှုတ်ဆက်လိုက်သည်။

"အေး ... အေး ... ကောင်းကောင်းသွားဦး နွယ်လေး
... ကိုဝင်းကြည်ကိုလည်း ဂရုစိုက်ဦး"

ပလူကောင်က လှမ်းနောက်လိုက်သည်။

"ကြည့် ... အဲဒီကိုဝင်းကြည်ကိုပဲ အာတွေ့နေတယ်"

ချိုနွယ်ရီက ပလူကောင့်လက်ကို ထိုးနှင့်အသာလှမ်းရိုက်
ပြီး သားကို လက်ဆွဲ၍အပြင်ထွက်သွားသည်။

ထွန်းထွန်းလူတို့မိသားစုကိုကြည့်ရတာ တော်တော်စိတ်
ချမ်းမြေ့ဖို့ကောင်းသည်။

"ကဲ မမခိုင် ... ကျွန်တော့်အကြောင်းတွေကို မခိုင်
သိချင်နေတယ်မဟုတ်လား၊ ဒါကြောင့်လည်း ကျွန်တော့်မိန်းမက

www.burmeseclassic.com

www.burmeseclassic.com



တမင်ရှောင်ပေးသွားတာပေါ့၊ သူက ကျွန်တော့်အပေါ် တော်တော်
သည်းခံခွင့်လွှတ်ပြီး နားလည်စွာချစ်တတ်တဲ့သူပါ မမနိုင်''

''ဒါဆို ပလူကောင် ကံကောင်းတာပေါ့''

''ကျွန်တော့်အဖြစ်က ဒီလို မမနိုင်ရေ ...''

ချို့နွယ်ရိုက ကျွန်တော်တို့အိမ်နဲ့ ကပ်လျက်နေကြတာပါ။
ယယ်ယယ်တည်းက ယယ်ပေါင်းကြီးဖော်ပေါ့။

သူက ယယ်ယယ်လေးကတည်းက ကျွန်တော့်အပေါ် သိပ်
တွယ်တာတယ်၊ သည်းခံတယ်၊ သူလည်း အဖေတစ်ခု၊ သမီး
တစ်ခု နှစ်ယောက်တည်း နေကြတာပါ။

သူ့အဖေက စက်ရုံတစ်ခုမှာ စက်ရုံမှူး။ ကျွန်တော့်အပေါ်
ကို သားတစ်ယောက်လိုပဲ အမြဲပြောဆိုဆုံးမတတ်၊ ကျွန်တော်တို့
သားအမိနဲ့ ဘဝတူဆိုတော့ နှစ်အိမ့်တစ်အိမ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့အကြောင်းကို အစအဆုံး ချို့နွယ်ရီက သိတယ်။ ကျွန်တော် ကျောင်းကပြန်လာတိုင်း ညဖက်တွေဆို ကျောင်းက အတွေ့အကြုံတွေ၊ သူငယ်ချင်းအကြောင်းတွေကို ပြန်ပြောပြတယ်။

ကျွန်တော် အားအား၊မအားအား ကျွန်တော့်တို့ဘက်ကို ကူးလာပြီး ပြောခိုင်းတယ်။ ညဖက် သင်ခန်းစာတစ်ခုလို အကျင့် ပါနေပြီတဲ့။ နားမထောင်ရရင် မနေနိုင်ဖြစ်နေပြီ။

ဒါကြောင့် မမခိုင်တို့ နွယ်လေးတို့ သန္တာတို့ ကျော်စွာတို့ နာမည်အားလုံးကို အလွတ်ရနေပြီ။ နွယ်လေးအကြောင်းကိုဆို သူက ပိုပြီးစိတ်ဝင်စားတယ်။

နေ့လယ်နေ့ခင်းကျတော့ သူက အကျီချုပ်တယ်။ သူ့ အိမ်ကိစ္စတွေပြီးတော့ ကျွန်တော့်အမေကိုလည်း ကူတာပေါ့လေ။ အမေ့ရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်ပါပဲ။

နွယ်လေးနဲ့တွေ့ရဝေးကိစ္စကို ကျွန်တော် သိလိုက်ရတော့ ကျွန်တော် အရမ်းကိုခံစားလိုက်ရတယ်။



ဘယ်လိုမှနေလို့ထိုင်လို့ မရဘူး။

ကျွန်တော် နွယ်လေးတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ။ နွယ်လေး စိတ်တိုင်းကျ ရွေးချယ်ခွင့်ရှိပေမယ့် တကယ်တမ်း ဆုံးရှုံးလိုက်ရတော့ ကျွန်တော် ဘယ်လိုမှ မခံစားနိုင်တော့ဘူး။

ကျွန်တော် ညတိုင်းငိုတယ် မမခိုင်ရာ။ ကျွန်တော့်ကို အျာညံ့တယ်ပဲပြောပြော ... နွယ်လေးနဲ့ပတ်သက်ရင် အရမ်း ယည်းနတယ်၊ လုံးဝခံနိုင်ရည်မရှိဘူး။

ကျွန်တော်နဲ့ရောပြီး ချို့နွယ်ရီလည်း ငိုတယ်၊ ကျွန်တော့် ကို သနားလို့တဲ့။

ကျွန်တော် နေ့တိုင်း လူမှန်းသူမှန်းမသိအောင် မူးပြီး ယ်လေးကိုပဲ တမ်းတနေခဲ့တယ်။ သူငယ်ချင်းတွေကိုလည်း တွေ့ချင်တော့ဘူး။ ကျွန်တော် သူငယ်ချင်းတွေအားလုံးကို ချစ်ပါ ယ်။ မတွေ့ချင်တာက သူငယ်ချင်းတွေကိုမြင်ရင် နွယ်လေးကို တိရမှာစိုးလို့ပါ။

ဘွဲ့လည်း လာမယူခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြေမှာ သိပ်မနေချင်လို့ ကြုံတဲ့အရပ်၊ ကြုံတဲ့နေရာတွေကို ခဏ,ခဏလျှောက်သွားနေခဲ့တယ်။ လူနဲ့အရက်က ခွဲမရအောင်ကို ဖြစ်သွားတယ်။ တစ်နေ့မှာ ရန်ကုန်ကို ကျွန်တော် ပြန်ရောက်တဲ့နေ့ပေါ့ ...။

"ဟာ ... အစ်ကို ... အစ်ကိုပြန်လာပြီ အမေမေရေ၊ အန်တီရေ ... အစ်ကိုပြန်လာပြီ"

ကျွန်တော့်ကိုမြင်တော့ ချိုနွယ်ရဲ့မျက် ဝမ်းသာလွန်းလို့ နှုတ်ပေါက်ပြီး ဆောက်တည်ရာမရခဲ့ဘူး။ ငိုလည်းငို၊ သူ့အမေနဲ့ ကျွန်တော့်အမေကိုလည်း ပြေးလွှားပြီး အော်ခေါ်နေရှာတယ်။

ကျွန်တော်ကတော့ သိတယ်မဟုတ်လား၊ အသည်းကွဲသမား ... အရက်နာကျနေတဲ့သူဆိုတော့ ဘာကိုမှတော့ အရှိုက်မမိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အမေက ကျွန်တော့်ကိုဖက်ပြီး ငိုတယ်။ ချို့နွယ်ရီလည်း ငိုတယ်။

အဲဒီအချိန်မှာ ချို့နွယ်ရီရဲ့အဖေက ကျွန်တော်တို့အိမ်ကို ကူးလာပြီး ကျွန်တော့်ကို အထုပ်တစ်ထုပ်ပေးတယ်။

“သား ... လူလေး မင်းပြန်လာတာကို ဦးလေး အရမ်း ဝမ်းသာတယ်ကွာ၊ ဒီနေ့ကို ဦးလေးစောင့်နေတာကွ၊ မင်းကို ပြောစရာတွေလည်း အများကြီးရှိတယ်ကွာ၊ လောလောဆယ် ဒီအထုပ်လေးကို သိမ်းထားပေး၊ လူလေးလက်ထဲကို အပ်ထားတာနော် ... သေသေချာချာဂရုစိုက်၊ ညနေကျရင် ညစာစားဖို့ ဦးလေးကိုစောင့်ကွာ၊ ဦးလေး အစားအသောက်တွေ ဝယ်ခဲ့မယ်၊ အားလုံး အတူတူပျော်ပျော်ပါးပါး စားကြတာပေါ့ ... ဟုတ်လား”

“ဟုတ်ကဲ့ ... ဦးလေး”

ကျွန်တော်လည်း တစ်နေ့လုံး ယောင်ချာချာနဲ့ နွယ်လေးကို သတိရလိုက်၊ ဓာတ်ပုံတွေကြည့်လိုက်နဲ့ တစ်ကိုယ်တော် ငေါင်နေတာပဲ။



အဲ ... ညနေပိုင်းရောက်တော့ နေညိုညိုအချိန် ကျလာပြီဆိုတော့ အရက်သမားကျွန်တော် မနေနိုင်တော့ဘူး၊ တစ်ပိုင်းတစ်မှော့လောက် သောက်မယ်ဆိုပြီး အပြင်ထွက်ခဲ့တယ်။

ရင်ထဲက ဝေဒနာတွေ သက်သာသွားအောင် စိတ်တိုင်းကျ အရက်စိမ်ပြီး ဦးလေးတို့နဲ့ ညစာစားဖို့ သတိရတာနဲ့ ဒယိမ်းဒယိုင်ခြေလှမ်းတွေနဲ့အတူ အိမ်ကိုပြန်လာခဲ့တယ်။

အိမ်နားရောက်ခါနီး လမ်းထောင့်ချိုးနေရာလည်းရောက်ရော တစ်ဖက်က အရှိန်နဲ့ကွေ့လာတဲ့ ကားကို ရုတ်တရက်မြင်လိုက်ရပြီး ကျွန်တော် မရှောင်နိုင်တော့ဘူး။ ပုံမှန်ဆိုရင် လွတ်နိုင်ပေမယ့် ရေချိန်လွန်လာတဲ့ ခြေထောက်တွေက ဘယ်လိုမှ မြန်အောင်လှုပ်ရှားလို့မရတော့ ကျွန်တော်တော့ သွားပြီလို့ မှတ်လိုက်မိတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်တစ်ကိုယ်လုံးကို အားနဲ့ဆောင့်တွန်းတာခံလိုက်ရပြီး လူလည်း ခပ်ဝေးဝေးကို လွင့်စဉ်ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



“သား ... လူလေး ... ထွန်းထွန်းလူ”

‘ဗုန်း’

‘ကျွိ’

“အား”

“ဟာ ... ကားတိုက်ပြီဟေ့”

“ဟုတ်တယ်ကွ ... ဦးလေးကြီးက အရက်သမားတစ်ယောက်ကို တွန်းပြီး ကယ်လိုက်တာ၊ သူ့ကို တိုက်မိသွားတယ်”

“သေမယ်ထင်တယ်နော်၊ သွေးတွေ မြင်မကောင်းဘူး”

ကျွန်တော်လည်း လဲကျနေရာကထ,ပြီး လူတွေအုံနေတဲ့ ကားတိုက်ခံရတဲ့နေရာကို လျှောက်သွားပြီး ကျွန်တော့်ကို ဝင်ကယ်တဲ့သူကို ကြည့်လိုက်တော့ ကျွန်တော့်ခေါင်းတွေ မူင့်ထွက်သွားမတတ်ဘဲ ခံစားလိုက်ရတယ်။ ကားတိုက်ခံရတဲ့သူဘေးမှာ ဝယ်လာတဲ့ခေါက်ဆွဲကြော်တွေ၊ ဘဲကင်တွေက ပြန့်ကျဲလို့ပေါ့

“ဟာ ... ဦးလေး”

“သား ... လူလေး ... မင်း ဘာမှမဖြစ်ဘူးနော်”



“ဦးလေးရာ ဖြစ်မှဖြစ်ရလေ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ယ်ရတာလဲဗျာ၊ ကျွန်တော့်ကို ပစ်ထားလိုက်ပါ”

“မင်း ဘာမှဖြစ်လို့မဖြစ်ဘူး လူလေး ... အား ... တ် ... ကျွတ်၊ မနက်က ပေးထားတဲ့အထုပ်ကို ဖွင့်လိုက်ပါ၊ ကို အားလုံးပေးလိုက်ပြီ၊ သမီးလေးကို စောင့်ရှောက်ပါ၊ ပါ လူလေးရာ”

“ဟာ ... ဦးလေး .. ဦးလေး .. ဟီး .. ဟီး”

“ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ ဦးလေးရာ”

www.burmeseclassic.com

ဦးလေးရဲ့နာရေးကိစ္စ ပြီးသွားတော့ ကျွန်တော့်ကို
ထားတဲ့အထုပ်လေးကို ဖွင့်ကြည့်မိတယ်။

အထဲမှာ ဘူးလေးတစ်ခု၊ အိမ်ဂရန်တစ်ခု၊ စာချုပ်
ခုနဲ့ ကျွန်တော့်နာမည်နဲ့ စာတစ်စောင်ကို တွေ့ရတယ်။

ဘူးလေးကို ဖွင့်ကြည့်တော့ ရွှေအခေါက်အတုံးလေး
ငါးတုံးတွေ့တယ်။

စာထဲမှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



လှလေး ... ထွန်းထွန်းလှ

မင်းဟာ ငယ်စဉ်ကတည်းက ဦးလေးရဲ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရလို့ သားအရင်းတစ်ယောက်လိုပဲ သဘောထားပါတယ်၊ မင်းရဲ့စိတ်ဓာတ်ခိုင်မာမှု၊ တည်ကြည်မှုကိုလည်း ဦးလေး နားလည်တယ်၊ ဒီလိုပဲကွ ... လူ့ဘဝမှာ ပျော်စရာရှိသလို ငိုစရာတွေလည်း ရှိရစမြဲပဲ။ ဒါမှ သဘာဝတရားကြီးက မျှတမှာပေါ့။

ဒါပေမဲ့ အမြဲတမ်းတော့ ငိုမနေနဲ့ပေါ့ကွာ။ အထူးသဖြင့် လူငယ်တစ်ယောက်ဖြစ်တဲ့ မင်းရဲ့စိတ်ဓာတ်အင်အားတွေ၊ တန်ဖိုးရှိတဲ့အချိန်တွေကို အလဟဿမဆုံးရှုံးစေချင်ဘူး။ တွေဝေငေးမောမနေစေချင်ဘူး။

ငယ်စဉ်ကတည်းက အခုအချိန်အထိ မင်းကို ဦးလေး ဆုံးမခဲ့တာတွေ၊ လေ့လာသည်းပူးဖို့ပေးဖတ်စေခဲ့တဲ့ စာအုပ်တွေဟာ မင်းဘဝအတွက် အကျိုးယုတ်စေဖို့ ပေးထားတာ မဟုတ်ဘူးဆိုတဲ့ ဦးလေးရဲ့စေတနာကို မင်း သဘောပေါက်





တယ်ဆိုရင် မင်းကြိုးစားပါကွာ၊ ဒီလောက်ပြောရင် စိတ်ဓာတ်အဆင့်အတန်းမြင့်မားတဲ့ အတွေးအခေါ်ရှိတဲ့ မင်း နားလည်မယ်လို့ ဦးလေးယုံကြည်တယ်။

ဦးလေးလည်း သာသနာ့ဘောင်ထဲဝင်ပြီး တရားအားထုတ်ချင်ပြီကွာ။ ဒါကြောင့် အခု အထုပ်ထဲက ရွှေတုံးလေးတွေရယ်၊ အိမ်ဂရန်ရယ်၊ ပိုင်ဆိုင်မှုလွှဲပေးကြောင်း တချုပ်ရယ်ကို မင်းကိုပဲ အပြီးလွှဲအပ်ခဲ့ပါတယ်၊ သမီးလေးကိုလည်း စောင့်ရှောက်ပေးပါ။ သမီးလေးကို မင်းတို့သားအမိနဲ့ပဲ စိတ်ချတယ်။

အထူးသဖြင့် သားကို ဦးလေး ယုံပါတယ်၊

စိတ်ချပါရစေ။

ဦးလေးမြတ်သူ

ဦးလေးရဲ့စာကို ဖတ်ပြီးတော့ ကျွန်တော် ဘာဆက်လုပ်ရမယ်ဆိုတာ သဘောပေါက်သွားတယ်။ ကျွန်တော့်အသက်ကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်ခဲ့တဲ့ကျေးဇူးရှင်၊ ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့တဲ့ အ လို့ ဆရာလို လေးစားခဲ့ရတဲ့ ဦးလေးက ဆက်ပေးခဲ့တဲ့အသ ကြောင့်လည်း ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သ သားချခဲ့တယ်။

ဒါကြောင့် ချိုနွယ်ရီကိုခေါ်ပြီး အေးအေးဆေးဆေးပြေ ပြလိုက်တယ်။

"ကဲ ... စာထဲမှာပါတဲ့ အကြောင်းအရာတွေကို သဘောပေါက်တယ်မှတ်လား ... ချိုနွယ်ရီ"

"ဟုတ်ကဲ့ ... အစ်ကို"

"ဒီတော့ ငါ့မှာ နင့်ကို စောင့်ရှောက်ရမယ့်တာဝန် တယ်၊ ဒါပေမဲ့ ဘာမှသွေးမတော်သားမစပ် မိန်းကလေးတစ်ဦး နှစ်ရှည်လများ စောင့်ရှောက်ရတာကလည်း ကြာလာရင် ယ ဝန်းကျင်အမြင်မှာ မကောင်းနိုင်ဘူး၊ အထူးသဖြင့် နင် မိန်းကလေးဆိုတော့ နင်ပဲ ပိုပြီးနစ်နာမှာ ... ဟဲ့ ... ငါပြောတ ကြားရဲ့လား"



"ဟုတ် ... ဟုတ်ကဲ့ပါ ... ကြားပါတယ်"

"ဒီတော့ ငါ နင့်ကို လက်ထပ်မှဖြစ်မယ်၊ နင့်ဘက်က ရော သဘောတူလား"

"ရှင်"

"ဟာ ... ငါ နင့်ကို လက်ထပ်မယ်လို့ ပြောနေတာ၊ ဘာဖြစ်နေတာလဲ၊ တရှင်ရှင် ... တဟင်ဟင်နဲ့ သဘောတူလား လို့ မေးနေတာ"

"ဟုတ် ... ဟုတ်ကဲ့ ... သဘောတူပါတယ်၊ ဒါပေမဲ့ အစ်ကိုက နွယ်လေးကိစ္စနဲ့"

"အေး ... ဟုတ်တယ် ... အဲဒီကိစ္စကိုလည်း တစ်ခါ တည်း ပြောရဦးမယ် ... အခုရုပ်မှ နောင်ရှုင်းပဲ၊ ငါ နွယ်လေးကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိတယ်နော်၊ ငါ နင့်ကို ညီမ လေးတစ်ယောက်လိုမျိုး၊ ဇနီးတစ်ယောက်လိုမျိုး စောင့်ရှောက် မယ်၊ ကြင်နာမယ်၊ ငါ့ဘက်က တာဝန်ကျေစေရမယ်၊ ဒါပေမဲ့ နွယ်လေးနေရာမှာတော့ ဘယ်တော့မှအစားမထိုးနိုင်ဘူးနော်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို မတရားဘူး၊ မကျေနပ်ဘူးဆိုရင် အခုကတည်းက နင့်ပြ
နိုင်တယ်၊ နင့်ကို ဘယ်တော့မှအနိုင်မကျင့်ဘူး၊ နောက်မှ ထိ
ရန်မရှာနဲ့၊ ပြဿနာမရှာနဲ့၊ တင်ဒိုင်တရိရိလာမလုပ်နဲ့ ... ကြိုပြော
ထားတယ်၊ ငါ့အိမ်ထောင်စု၊ ငါ့မိသားစုဟာ အေးအေးချမ်းချမ်း
ဖြစ်စေရမယ်''

''ဟုတ်ကဲ့ ... သိပါတယ်''

''ပြီးတော့ ပြောရဦးမယ် ... နွယ်လေးနဲ့ ပတ်သက်
ငါ့ကိစ္စ၊ ငါ့စိတ်ကိုမတားနဲ့၊ အချစ်ဦးမို့ အချစ်ဆုံးမို့ ငါ့ရင်ထဲမှာ
တစ်သက်လုံးချစ်သွားမှာပဲ၊ ဒါပေမဲ့ နင့်အပေါ်ကိုလည်း
မတရားမလုပ်ဘူး၊ ငါ တစ်သက်လုံး မဖောက်ပြန်ဘူး၊ သစ္စာရှိ
တာဝန်ကျေတဲ့ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်အောင်၊ ပျော်စရာ
ကောင်းတဲ့မိသားစုတစ်စုဖြစ်အောင် တစ်သက်လုံးကြိုးစားနေထိုင်
သွားမယ်ဆိုတာ ငါ့ဘက်က ကတိပေးပါတယ် ... ကျေနပ်လား''

''ကျေနပ်ပါတယ် အစ်ကိုရယ်၊ အစ်ကိုနဲ့နွယ်လေးကို
ကိုလည်း ညီမက နှစ်နှစ်ချီပြီး နေ့တိုင်း ကြားခဲ့၊သိခဲ့တာပဲဟာ



မနာလိုစရာ မရှိပါဘူး၊ အစ်ကိုကိုလည်း ဘယ်တော့မှ ပြဿနာ
မရှာပါဘူး၊ အစ်ကိုကို ယုံပါတယ်၊ ပြီးတော့ နွယ်လေးအကြောင်း
တွေကြားရလွန်းလို့ အလွတ်တောင် ရနေပြီ၊ ညီမကိုယ်ညီမ
တောင် တစ်ခါတလေ နွယ်လေးတစ်ပိုင်းဖြစ်နေပြီလို့တောင် ထင်
မိတယ် ... အဟီး''

''အရူးမ ... အေး .. ဟုတ်ပြီ ... ဒါဆိုရင် နင့်ကို
ဒီနေ့က,စပြီး နွယ်လေးလို့ခေါ်မယ် ... ကျေနပ်လား''

''ဟာ ... သိပ်ကျေနပ်တာပေါ့ အစ်ကိုရယ်''

''ကဲ ... ကျေနပ်ရင်လည်းက ... အမေ့ကို သွားပြော
ကြမယ်''

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ မမနိုင်တို့ မသိသေးတဲ့ ကျွန်တော့်အကြောင်းတွေပဲ မမနိုင်"

ရှည်လျားစွာ ရှင်းပြပြီး မောသွားသဖြင့် ထွန်းထွန်းလူက ရေနွေးတစ်ခွက် ငုံ့သောက်လိုက်သည်။

နိုင်က အချစ်ကြီးလွန်းသော ထွန်းထွန်းလူကို တအံ့တဩငေးကြည့်နေသည်။

"ပြီးတော့ ချိုနွယ်ရီက ငယ်ငယ်ကတည်းက ကျွန်တော့် ညီမလေးတစ်ပိုင်းလိုဖြစ်နေတော့ အဆင်ပြေပါတယ်၊ သူက

www.burmeseclassic.com

www.burmeseclassic.com



တော်တော်နားလည်မှု ရှိပါတယ်၊ ကျွန်တော့်ဘက်ကတော့ အိ ထောင်ရှင်ကောင်းတစ်ယောက် ပီသအောင် ကြိုးစားနေထိုင်သွား မှာပါ''

''ငါပြောရင် နင်စိတ်ဆိုးမှာလား ထွန်းထွန်းလူ''

''ဘာလဲ မမခိုင်ရဲ့ ... ကျွန်တော် ဘယ်တုန်းက စိတ် ဆိုးတာ တွေ့ဖူးလို့လဲ ... ပြောပါ''

''ငါတို့က နင့်ကို အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်မှာ မဟုတ်ဘူး၊ ပေါ့ပျက်ပျက်နဲ့လို့ အရင်က ထင်ထားခဲ့တယ်ဆိုရ ရော''

''ကျွန်တော်က လူငယ်ပီပီ ပျော်ပျော်ရွှင်ရွှင်ပေါ့ပေါ့ပါးပါ နေတတ်ပေမယ့် ကျွန်တော် စိတ်ခတ်ပိုင်းမှာရော, အတွေးအခေ ပိုင်းမှာပါ ငယ်ငယ်ကတည်းက ရင့်ကျက်အောင်, တည်ငြိမ်အောင် နေခဲ့ပါတယ်၊ လူတစ်ယောက်ကို အပြင်ပန်းကကြည့်ပြီး ဆုံးဖြတ် ရင် မှားမှာပေါ့မမခိုင်ရယ်''

''အရင်တုန်းက နင်က တစ်ယောက်တည်းပဲ ကောင်း



ယ်၊ မိသားစုများရင် ရှုပ်တယ်တို့ ဘာတို့ ပြောဖူးတော့ ငါတို့က င့်ကို မိသားစုကို မခင်တွယ်တတ်၊ မထိန်းသိမ်းတတ်ဘူး ထင် တာပေါ့''

''မဟုတ်ပါဘူး မမခိုင်ရယ် ... ကျွန်တော်က ဒီလိုပဲ ွတ်ရွတ်တတ်ပြောနေကျပဲဟာ၊ ကျွန်တော်က တစ်ယောက် ည်းသမားဆိုတော့ ပျော်ပျော်ရွှင်ရွှင်သိုက်သိုက်ဝန်းဝန်းကို သိပ် ဘောကျတာ၊ ဒါကြောင့် ကျွန်တော့်သူငယ်ချင်းတွေကိုဆိုရင် ရမ်းခင်, အရမ်းချစ်တာ၊ သူတို့တွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေရ င် အလိုလိုပျော်နေရော၊ ဒါကြောင့် ကျွန်တော့်မိန်းမကိုလည်း ပြောထားတယ် ... ကလေးကို မွေးချင်သလောက်မွေးလို့ ... းလေ ကောင်းလေပဲလို့ .. ဟား .. ဟား''

''ဟဲ့ ... နင်ကလေ ပေါက်ကရ .. ငါက အပျိုကြီးနော်၊ ပျိုကြီးရှေ့မှာ ဘာတွေလာပြောနေပြန်တာလဲ''

ခိုင်က မျက်နှာနီနီနှင့် လှမ်းပြီးမာန်မဲလိုက်သည်။

ဩော် ... ကျောင်းတုန်းက ခိုင်တို့တွေးခဲ့ထင်ခဲ့မိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ တခြားစီပါလား။

"ဒါနဲ့ နင် အရက်တွေ ဘာတွေရော သောက်သေးလား။ ကျောင်းမှာတုန်းက ဘီယာသောက်တတ်တယ်ဆိုတော့"

"မသောက်ပါဘူး မမနိုင်ရာ၊ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ တစ်ခါတလေ မှိုဝဲတာပါ၊ ဒါပေမဲ့ အဲဒီတုန်းကလည်း အလွန်အကျွံမဟုတ်ပါဘူး။ ကျွန်တော်က ပျော်တတ်လို့ သောက်တာက နည်းနည်း။ စကားပြောတာက များများဖြစ်နေတာပဲ ရှိပါတယ်၊ အဲ ... နွယ်လေးကိစ္စတုန်းကတော့ ကျွန်တော် တကယ်မခံစားနိုင်လို့ သောက်ခဲ့ပါတယ်၊ အခု ကျွန်တော်က မိသားစုရဲ့ဦးစီးဦးဆောင်ဖြစ်ပြီဆိုတော့ ပိုပြီးဆင်ခြင်ပါတယ်၊ သားသမီးတွေ အတုခိုးမမှားရအောင် အဖေတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားနေထိုင်ပါတယ်၊ အိမ်ထောင်ဝတ္တရား၊ ဖခင်ဝတ္တရားတွေကို ကျေပွန်အောင်လို့ကြိုးစားနေပါတယ် မမနိုင်"

"အေးပါဟယ် ... ကြားရတာ ဝမ်းသာပါတယ်၊ နင်တို့





မိသားစုလေးအတွက်လည်း ပီတိဖြစ်ရပါတယ်၊ ငါတို့ နင့်ကို အထင်သေးခဲ့မိတာတွေကို ခွင့်လွှတ်ပါ"

နိုင်က စိတ်မကောင်းစွာဖြင့် ပြောတော့ ...

"ဟာ ... မမနိုင်ကလည်း ရပါတယ်ဗျာ၊ အဲဒီအချိန်မှာ ကျွန်တော့်ကို အထင်သေးနေတာတွေ, အထင်ကြီးနေတာတွေကိုလည်း မသိပါဘူး။ ကျွန်တော်နေတတ်သလို နေတာပါ၊ ကျွန်တော်တို့အားလုံးက သိပ်ချစ်ခဲ့ကြတဲ့ သူငယ်ချင်းတွေပဲဟာ ... ပြောစရာမလိုပါဘူး ...။

ဒါနဲ့ မမနိုင်ကို ကျွန်တော်မေးဦးမယ် ... တစ်မျိုးတော့ ထင်စေချင်ဘူး။ ဟိုလေ ... နွယ်လေးနဲ့တွေ့သေးလား။ ကျွန်တော်တို့ကျောင်းပြီးသွားတည်းက မတွေ့တော့တာ၊ သူရော အဆင်ပြေရဲ့လား။ တစ်ခါတလေ ကျွန်တော် သိပ်တွေ့ချင်တယ် မနိုင်ရာ၊ ရိုးရိုးသားသားခင်မင်မှုနဲ့ တွေ့ချင်တာပါ"

နွယ်လေးအကြောင်းကို ပလူကောင်က မေးတော့ နိုင် တစ်ထဲ တော်တော်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးပုံစံကိုသာ ဒီကောင်မြင်ရရင်, ရင်ကျိုးမှာ သေချာသည်။ ဒါပေမဲ့ နိုင် မပြောဖို့ ဆုံးဖြတ်လိုက်သည်။ အားလုံးကိုယ့်ဘဝလေးနဲ့ကိုယ်စီ အခြေကျနေပြီပဲလေ။

"မတွေ့ပါဘူး ပလူကောင်ရယ်၊ ငါက နိုင်ငံခြားမှာဆိုတော့ ပိုတောင်ဝေးသေးတာပေါ့၊ နောက်ဆုံးသိရတာကတော့ ရန်ကုန်မှာမဟုတ်ဘူးလို့တော့ ကြားတယ်၊ သူတို့မိသားစုလည်း အဆင်ပြေမှာပါ"

နိုင် တစ်ခါတည်း စကားပိတ်ပြောလိုက်သည်။

"အင်းလေ . . . ဟုတ်မှာပါ၊ အဆင်ပြေမှာပါ၊ ထွန်းရဝေလည်း လူတော်တစ်ယောက်ပဲဟာ၊ တွေ့ခဲ့ရင်တော့ သတိရကြောင်း, မေးကြောင်း ပြောပေးပါနော်"

"အေးပါ . . . အေးပါ"

"ဒါနဲ့ မမနိုင်မပြန်နဲ့ဦးနော်၊ ခဏလောက်စောင့်ပါဦး . . . ကျွန်တော် အထူးညွှန်သည်ဖိတ်ထားလို့ပါ၊ မမနိုင်နဲ့ မိတ်ဆက်ပေးမလို့"





"ဟဲ့ . . . ဘယ်သူနဲ့လဲ . . . နင်ကလည်း ပဟေဠိလုပ်
နေပြီ"

"လာတော့မှာပါ မမနိုင်ရဲ့ . . . ခဏလေးပါ"

ထွန်းထွန်းလူ ပြုံးစိစိနှင့် ပြန်ဖြေသည်။

"ထွန်းထွန်းလူရေ . . . ဟဲ့ . . . ဘယ်သူမှ မရှိကြဘူး
လား"

ပြောနေရင်း အိမ်ရှေ့မှ အသံတစ်သံ ကြားရသည်။
အသံက အရမ်းရင်းနှီးနေသည်။

"ဟော . . . ပြောရင်းဆိုရင်းနဲ့ လာပါပြီ မမနိုင်ရေ"

"ဟဲ့ . . . ကောင်စုတ် . . . ဘာမှန်းလည်းမသိဘူး၊ ငါတို့
. မနေ့ကမှ နယ်က ခဏရောက်တယ်၊ နားပါရစေဦးလား၊
. ကယ်အသည်းအသန်ပဲ . . . ကဲ . . . ဘယ်မှာလဲ နင်မိတ်ဆက်
. မယ်ဆိုတဲ့ နင့်ရဲ့ညွှန်သည်"

ပြောပြောဆိုဆိုနှင့် ညွှန်ခန်းထဲဝင်လာသောလူနှင့်
. ာက်ကို နိုင် မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … သန္တာ … ကျော်စွာ"

"ဟယ် … မမခိုင် … မမခိုင်ကြီးတော့"

တစ်ယောက်နှင့်တစ်ယောက် အံ့သြဝမ်းသာစွာဖြင့် ထ
ထားမိကြသည်။

"မမခိုင်ရယ် … သန္တာဖြင့် အံ့သြလိုက်တာ၊ ထ
တောင်မထင်ဘူး … သိလား"

"မမခိုင်လည်း ဒီလိုပါပဲ သန္တာရယ်"

"ခွေးစုတ်၊ ပလူကောင် … နင်လုပ်လိုက်ရင် ဒီလိုချ
ပဲ၊ မမခိုင်ရောက်နေတယ်ဆိုရင်လည်း ရောက်နေတယ်ပေါ့ …
ဘာမှန်းကို မသိဘူး"

"ဒါနဲ့ သန္တာက ဒီကို ဘယ်က,ဘယ်လို ရောက်လာတာ
လဲ"

"ကျော်စွာကရော ဘယ်က,ပါလာတာလဲ"

ခိုင်က အူကြောင်ကြောင်ဖြင့် မေးနေသည်။

သန္တာက သူ့အကျင့်အတိုင်း ရယ်ရယ်မောမောဖြင့် …





"ကဲ … ထိုင်ပါဦး … မမခိုင်ရယ် သန္တာရှင်းပြပါ့မယ်"

"ကျော်စွာက နယ်မှာဆိုပေမယ့် ပလူကောင်နဲ့ အမြဲ
တမ်း အဆက်အသွယ်ရှိကြတယ်လေ၊ ဒီနေ့နေ့လယ် ပလူကောင့်
မိန်းမက အိမ်ကိုလှမ်းပြီး ဖုန်းဆက်တယ်၊ အခုလာခဲ့ကြပါတဲ့၊
အထူးဧည့်သည်တစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့တဲ့၊ အရေးကြီး
တယ်ဆိုလို့ ကလေးနှစ်ယောက်ကို မေမေတို့နဲ့ထားခဲ့ပြီး ဒီကိုပြေး
လာရတာ၊ သန္တာတို့က မနေ့ကမှ နယ်က ပြန်လာကြတာလေ"

"သန္တာတို့က … ကလေးနှစ်ယောက် … ဟုတ်လား
… ဒါဆိုရင် သန္တာတို့နှစ်ယောက်က …"

ခိုင့်ရဲ့ ဟ,သထက် ဟ,လာသော ပါးစပ်ကို သန္တာက
ချစ်စနိုးဖြင့် လက်ညှိုးဖြင့် လှမ်းပိတ်လိုက်ရင်း …

"မမခိုင်ကို သန္တာရေးတဲ့စာထဲမှာလည်း ပါတယ်လေ
… သန္တာ့အလုပ်က နယ်ကို တာဝန်ကျလို့သွားရတယ်လေ၊ အဲဒီ
နယ်မှာ ကျော်စွာနဲ့ ပြန်တွေ့တာပေါ့၊ သူကတော့ အရင်ကတည်း
က ရောက်နှင့်နေပြီသားပါ၊ ဌာနချင်းတော့ မတူပါဘူး၊ ဟိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရော ...အဟဲ ...ရေစက်ပါတယ်ထင်တယ်၊ ဒါနဲ့ပဲ ...ဟဲ ...ဟဲ ...ဟဲ ...အမြွာနှစ်ကောင်မွေးလာရော ... ဟီး ...ဟီး''

''ဟဲ့ ...အမြွာနှစ်ယောက်တောင် ...ဟုတ်လား။ လုပ်ချလိုက်ပြန်ပြီ သန္တာတို့ကတော့''

နိုင့်မှာ သန္တာအပြောကို ပါးစပ်အဟောင်းသားနှင့် တအံ့တသြဖြစ်နေရသည်။ သန္တာကတော့ အမြဲတမ်း ပျော်ရွှင်နေတာပဲလေ။ သူနဲ့တွေ့လိုက်တာနဲ့ ကျန်တဲ့သူတွေပါ ပျော်ရွှင်သွားသေသည်။

သန္တာတို့နဲ့ စကားကောင်းနေရင်း နွယ်လေးဆီကို သွားရဦးမှာမို့ ပြန်ရန်သတိရလိုက်သည်။

''ကဲ ...စကားပြောရတာလည်း ကောင်းပါတယ်၊ မမနိုင် သွားစရာတစ်ခုရှိလို့ ပြန်မှဖြစ်မယ်''

''ဒါဆို သန္တာလည်း ပြန်တော့မယ်လေ၊ ကျော်စွာက ပလူကောင်နဲ့ နေခဲ့ဦးမှာမဟုတ်လား။ သန္တာ မမနိုင်နဲ့ ပြန်လိုက်



တော့မယ်နော်''

''အေး ...အေး ...မမနိုင်ရေ သန္တာကို လိုက်ပို့လို့ဖြစ်ရဲ့လား''

တစ်ချိန်လုံး ပြုံးစိစိနှင့်ငြိမ်နေသော ကျော်စွာက အခုမှ ဝင်ပြောဖော်ရတော့သည်။

''အမလေး ...နင့်မိန်းမ မဖြစ်ခင်ထဲက ပို့ပေးနေကျပါ၊ အခုမှ ပို့မနေပါနဲ့''

''အာ ...မဟုတ်ပါဘူး မမနိုင်ရယ်၊ ကျွန်တော်က မမနိုင်ကို အားနာလို့ပါ''

''ကဲ ...ကဲ ...သွားကြမယ် ...သွားပြီနော် ပလူကောင်နဲ့ကျော်စွာ''

''ဟုတ်ကဲ့ မမနိုင် ...နောက်လည်း ဝင်လည်ဦးနော်''

ပလူကောင်က နှုတ်ဆက်ရင်း လှမ်းပြောသည်။

ကားပေါ်ရောက်တော့ သန္တာက ...

''မမနိုင် သန္တာကို ပို့ပေးဖို့ အချိန်ရရဲ့လား သွားစရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆို ဘယ်ကိုသွားမှာလဲ၊ သန္တာအဖော်လိုက်ခဲ့ပေးရမလား"

သန္တာ့အမေးကို နိုင်တစ်ယောက် အပြေးအလွှားစဉ်းစားနေမိသည်။ နွယ်လေးနဲ့တွေ့တဲ့အကြောင်း၊ နွယ်လေးဆီသွားမယ့်အကြောင်းပြောရင်ကောင်းမလား၊ တော်ကြာ နွယ်လေးအကြောင်းကိုသိသွားရင် မိသန္တာပါးစပ်က ပိတ်လို့ရတာ မဟုတ်ဘူး၊ ကျော်စွာကတစ်ဆင့် ပလူကောင့်ဆီ ရောက်သွားနိုင်တယ်၊ လောလောဆယ် ဘာမှမပြောဘဲ ထားလိုက်တာပဲ ကောင်းပါတယ်။

"ဟင် . . . မမနိုင် ဘယ်သွားမှာလဲလို့"

"ဩော် . . . အေး . . အေး . . ဖေဖေ့ကိစ္စနဲ့ သွားစရာရှိလို့ပါ၊ ရပါတယ် . . . မမနိုင်တစ်ယောက်တည်းပဲ သွားတော့မယ်၊ သန္တာကို အရင်ပို့ပေးမယ်လေ"

"အင်းလေ . . . ဒါဆိုလည်း ပြီးရော . . . မမနိုင်ကိုတွေ့တော့ နွယ်လေးကို အရမ်းသတိရတယ် မမနိုင်ရယ်၊ ဘယ်တွေရောက်နေလဲမသိဘူးနော်၊ ဘာတွေလုပ်နေလဲ မသိဘူး"



"သူလည်း အဆင်ပြေမှာပါ သန္တာရယ်၊ နွယ်လေး ကြောင်းကိုလည်း သိရဲ့သားနဲ့ . . . သူက အမြဲတမ်း စိတ်အေး အထားပြီး ဖြေရှင်းတတ်တဲ့သူပဲဟာ"

"အင်းလေ . . . ဟုတ်ပါတယ်၊ သူက သန္တာတို့ထက် က မှာပြီးသားပဲဟာ အဆင်ပြေမှာပါ၊ အရမ်းတော့ တွေ့ချင် ယ် မမနိုင်ရယ်၊ ပြီးတော့ ပလူကောင်နဲ့ စကားပြောတိုင်း ယ်လေးကို သတိရမိတယ် . . .။

ဩော် . . . ဒါနဲ့ မမနိုင်ရေ . . . ပလူကောင့်ကို မမနိုင် ယ်လိုမြင်လဲ . . . ကျောင်းတုန်းက မမနိုင်အမြင်နဲ့ တခြားစီပဲ ဟုတ်လား၊ အဲဒါကြောင့် သန္တာပြောတာပေါ့၊ ပလူကောင့်ကိုပဲ ပါလို့၊ အခုတော့ ဟိုမှာ နွယ်လေးတစ်ယောက် ဘယ်လိုနေ ် မသိဘူး၊ အဲဒီထွန်းရဝေဆိုတာ ဆရာကြီးပုံစံနဲ့မို့ သိပ်ကြည့် ရပါဘူး၊ ပလူကောင်နဲ့သာဆိုရင် ပျော်ဖို့ကောင်းမှာ၊ သန္တာ ည်း အမြဲဆုံလို့ရမှာ၊ အခုလည်း အဲဒီထွန်းရဝေကြောင့် တို့ကို နွယ်လေး မဆက်သွယ်တာပဲဖြစ်ရမယ်၊ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



သန္တာတို့ကို သတိရနေမှာပဲနော်''

နွယ်လေးအကြောင်းကို သန္တာက သတိတရနဲ့ပြောရင်း ထွန်းရဝေကို မကျေမနပ်ဖြစ်နေသည်။

နဂိုကတည်းက သန္တာက ထွန်းရဝေကို မဲမပေးခဲ့။ အခု လို နွယ်လေး ဈေးရောင်းနေရတာကိုတွေ့ရင် ပိုပြီးမခံမရပ်နိုင် ဖြစ်သွားနိုင်သည်။ သူ့ဘာသာ တစ်ချိန်ကျမှ တွေ့ချင်တွေ့ပါစေ တော့၊ ခိုင်ကတော့ ဘာမှမပြောဖို့ ဆုံးဖြတ်ထားသည်။

သန္တာကိုလိုက်ပို့ပြီးတော့ နွယ်လေးပေးထားသော လိပ် စာအတိုင်း ဦးတည်ပြီးမောင်းလာခဲ့သည်။ လမ်းက ကျဉ်းပြီး အနည်းငယ်ကြမ်းသဖြင့် ကားကို သတိထားပြီး မောင်းရသည်။ အိမ်လေးတွေက တစ်အိမ်နှင့်တစ်အိမ် တော်တော်ကပ်သည်။ လမ်းဆုံးထိမောင်းဝင်လာတော့ ခြံနံပါတ်အရ ထောင့်ဆုံး,ထောင့် ကွက် ခြံလေးတစ်ခုကို တွေ့လိုက်ရသည်။

ခြံစည်းရိုးပတ်လည်နှင့်ခြံအဝင်တံခါးဝမှာ စက္ကူပန်းပင် တွေကို စိုက်ပျိုးထားသော အိမ်ကို မြင်လိုက်သည်နှင့် နွယ်လေး



တို့အိမ်ဆိုတာ မပြောဘဲ သိလိုက်ရသည်။

ခြံထဲကိုလှမ်းကြည့်လိုက်တော့ ထောင့်ကွက်လေးမို့ မြေကို ရထားသည်ထင်သည်။ ကျယ်ကျယ်ဝန်းဝန်း သပ်သပ်ရပ်ရပ်ရှိ သည်။ ခြံပြင်ဘေးဘက်မှာတော့ အရိပ်ရအပင်တွေကို စိုက်ထား ၍ ခြံထဲမှာ နေပြောက်မထိုးနိုင်ဘဲ အေးချမ်းနေသည်။

တစ်နေရာတွင် လေးနှစ်အရွယ်ခန့်ကလေးတစ်ယောက် ဆော့နေသည်ကိုတွေ့ရသည်။

နွယ်လေးသမီး ထင်တယ်။ မျက်နှာလေးက နွယ်လေးနဲ့ ရော ထွန်းရဝေနဲ့ပါ တူသည်။ သမီးလေးက တော်တော်ချော သည်။

''ရွှတ် . . . ရွှတ် . . . ဟော့ သမီး . . . သမီးမေမေရှိ လား''

''ရှင် . . . ဟုတ်ကဲ့ . . . မေမေရေ ဒီမှာ ဧည့်သည်လာ တယ်''

''အေး . . . အေး . . . လာပြီ လာပြီ''

www.burmeseclassic.com

www.burmeseclassic.com



အထဲက,အသံနှင့်အတူ လွင့်ခနဲရောက်လာတာ နွယ်လေး။

ကြည့်စမ်း ... ဆံပင်ရှည်ကြီးက ဒီအတိုင်းရှိတုန်းပဲ။ ဟိုနေ့က ဦးထုပ်ဆောင်းထားလို့ သေသေချာချာမတွေ့ခဲ့တာ။

ခေါင်းလျှော်ထားတာထင်တယ်၊ ဆံပင်ရှည်ကြီးကို ဖားလျားချပြီး သနပ်ခါးရေကျဲလေးလိမ်းကာ အင်္ကျီဝါဝါလေး ဝတ်ထားသော နွယ်လေးမှာ အနည်းငယ်ပိုပိန်သွားသည်မှလွဲ၍ ကျောင်းတုန်းကလိုပင် ဘာမှပုံစံမပြောင်းလဲ။

"ဟယ် ... မမနိုင် ... လာ ... လာ"

နွယ်လေးက ဝမ်းသာအားရနှင့် ခြံတံခါးကို လာဖွင့်ပေးသည်။

"လာ ... ထိုင် မမနိုင်၊ နွယ်လေးလည်း မမနိုင်ကို မျှော်နေတာ"

ပြောင်နေအောင် တိုက်ထားသော ကြမ်းပြင်ပေါ်သို့ ဖျာချောတစ်ချပ်ခင်းပေးရင်း နွယ်လေးက ပြောသည်။



"မမနိုင်ရေ ... အိမ်မှာတော့ ဆက်တီတွေ ဘာတွေ မရှိဘူးနော်၊ မြန်မာခလေ့ပဲ ... ဟင်း ... ဟင်း"

နွယ်လေးက ဖြည်းညင်းစွာရယ်ရင်း ပြောသည်။

"ရပါတယ် နွယ်လေးရယ်၊ အဲဒီလောက် သူစိမ်းဆန်ရအောင် ငါ့သူတွေလား"

"ဟုတ်ပါပြီ ... ကဲ ... ဒါဆိုရင် မမနိုင် ခဏနေဦး၊ နွယ်လေး လက်ဖက်သွားသုပ်လိုက်ဦးမယ်၊ သမီးနဲ့ စကားပြောထားနှင့်ဦး၊ သူက သိပ်ပြီး ညှော်ခံကောင်းတယ် မမနိုင်ရဲ့"

"ဟုတ်လား"

"သမီးရေ လာပါဦး၊ ဒီအန်တီက သမီးနဲ့ စကားပြောချင်လို့တဲ့"

"ဟုတ်"

ပြောပြောဆိုဆို ပြေးရင်းလွှားရင်း တက်လာသောသမီးကို နိုင်နှင့် မိတ်ဆက်ပေးသည်။

"ကဲ ... သမီး ဒါမေမေကြီးရဲ့သူငယ်ချင်းပဲ ... အန်တီ

www.burmeseclassic.com

www.burmeseclassic.com

နိုင်လို့ ခေါ်တယ်၊ သမီးက အန်တီ့ကို စကားလေးဘာလေ ပြောလိုက်ဦးနော် ... မေမေ လက်ဖက်သွားသုပ်လိုက်ဦးမယ်

နွယ်လေး အခန်းထဲဝင်သွားတော့မှ နွယ်လေးတို့အိ ကို သေသေချာချာကြည့်ရသည်။ ဧည့်ခန်းလေးမှာ ပျဉ်းကတိုး လျှာထိုးခင်းထားပြီး အိမ်နံရံမှာ နွယ်လေးမိသားစုပုံနှင့် သမီ လေးရဲ့ပုံတွေကို တော်တော်များများတွေ့ရသည်။

ထူးဆန်းတာက ထွန်းရဝေရဲ့ ဓာတ်ပုံတစ်ပုံမှ မတွေ့ရ ခြင်းပင်။ အိမ်ထောင့်တစ်နေရာမှာတော့ ပတ္တာလားတစ်လုံးကို တွေ့ရသည်။ စာအုပ်စင်ရှည်ရှည်မြင့်မြင့်လေးတစ်ခုနှင့်အတူ စာရေးစားပွဲခုံတစ်ခုံနှင့် ကလေးအတွက် စာရေးစားပွဲခုံတစ်ခုံကို တွေ့ရသည်။

အိမ်လေးမှာ ရှင်းသန့်ပြောင်လက်နေသည်။ အိပ်ခန်း တစ်ခန်းနှင့်မီးဖိုးခန်း ခပ်ကျယ်ကျယ်တစ်ခုပါသည်။ အိမ်က ခြံ နောက်နားဘက်ကို ကပ်ပြီးဆောက်ထားသောကြောင့် ခြံရှေ့မှာ မြေကွက်လပ်က တော်တော်ကျယ်သည်။



နွယ်လေးရဲ့အိမ်ကို စပ်စုပြီးတော့မှ သမီးနှင့်စကားပြော ဖြစ်သည်။

"သမီးနာမည်က ဘယ်သူလဲကွဲ့"

"သော်တာလမင်းပါ အန်တီ"

"အမလေး ... အရမ်းကောင်းတဲ့နာမည်လေးပဲ ... သမီးကျောင်းတက်ပြီလား"

"သမီးက မူကြိုအင်္ဂလိပ်ကျောင်းတက်ပါတယ်"

"ဩော် ... ဒါဆို သမီးက အင်္ဂလိပ်လို တော်တော် ပြောတတ်ပြီပေါ့"

"ဟုတ်ကဲ့"

"သမီး ကြီးလာရင် ဘာလုပ်မှာလဲ"

"အဆိုတော်ဆရာဝန်"

"အဟင်း .. ဟား .. ဟား .. တယ်ဟုတ်ပါလားကွ၊ နွယ်လေးသမီးက အလာကြီးပဲ၊ အလုပ်နှစ်ခုလုပ်မှာပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သမီးဖေဖေကြီးရော"

"နိုင်ငံခြားမှာပါ"

"ဟုတ်လား ... ဘာသွားလုပ်တာလဲ"

"သမီးစားဖို့ ချောကလက်တွေ သွားဝယ်တာပါ"

"ဟုတ်လား ... သမီးက ချောကလက်ကြိုက်လို့လား"

"ဟုတ်ကဲ့ ... ကြိုက်ပါတယ်"

"အန်တီလည်း သမီးဖို့ ချောကလက်တွေပါ ပါတယ် သမီးရယ် ... ရော့"

"Thank you အန်တီ"

"အေး ... အေး ... သမီးက အရမ်းလိမ္မာတာပဲကွာ"

ကလေးက သွက်သွက်လက်လက်လေးနှင့် အရမ်းချစ်စရာကောင်းသည်။

အထူးသဖြင့် မျက်လုံးမှာ တောက်ပပြီး အရှည်လုံ့နေသည်မှာ ထူးထူးခြားခြားပင်။ နှုတ်ခမ်းတင်းတင်းစေ့ထားတတ်ပုံမှာလည်း နွယ်လေးလို ပြတ်သားမည့်ပုံစံပေါက်နေသည်။





"သမီးက အန်တီနဲ့ စကားကောင်းနေတာလား"

"ဟုတ်ကဲ့ ... ဒီမှာ အန်တီက ချောကလက်တွေ ဝယ်လာတယ် မေမေ"

"ဟုတ်လား ... ဘာဖြစ်လို့ဝယ်လာတာလဲ မမနိုင်ရယ်၊ အားနာစရာကြီး"

"နွယ်လေးကလည်း ပြောပြန်ပြီ ... ဒီအားနာစကား"

"အဲ ... sorry sorry မမနိုင်ရေ"

"ကဲ ... သမီးလေး သွားဆော့တော့နော်၊ မေမေတို့ စကားပြောလိုက်ဦးမယ်"

"နွယ်လေးသမီးက တော်တော်တတ်တာပဲနော်၊ အင်္ဂလိပ်ကျောင်း တက်နေတယ်ဆို"

"ဟုတ်တယ် မမနိုင်ရေ pre school ပါပဲ ဒါပေမဲ့ all english class ပေါ့၊ သမီးက အင်္ဂလိပ်စာကို သိပ်ဝါသနာပါတာ၊ ဒါနဲ့ နွယ်လေးလည်း အခုတည်းက အခြေခံရအောင် သင်ပေးထားလိုက်တယ်၊ ကြီးလာတဲ့အထိ တောက်လျှောက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားပါတယ်''

''ကောင်းတာပေါ့ကွယ် ... ဒါနဲ့ နွယ်လေး ဆိုင်ထွက်ဖို့ရော လုပ်စရာရှိသေးလား။ မမခိုင် ဝိုင်းလုပ်ပေးရမလား''

''ရပါတယ် မမခိုင်ရဲ့ ... ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ နွယ်လေး ဆိုင်နားတယ်၊ တစ်ပတ်ကို တစ်ရက်တော့ နားရတယ် မမခိုင်ရေ ကျန်းမာရေးအတွက်ရော, သမီးကို အချိန်ပေးဖို့ အတွက်ရော, လုပ်စရာရှိတာလေးတွေပါ လုပ်ရအောင်အတွက်ပါ''

''ဒါနဲ့ နွယ်လေးမေမေရော နေကောင်းရဲ့လား''

''ကောင်းပါတယ် မမခိုင်၊ မေမေက နွယ်လေးဆိုင်ပိတ်တဲ့နေ့ဆို အမြဲတမ်း ဘုန်းကြီးကျောင်းသွားပြီး တစ်နေကုန် တရားထိုင်တယ်လေ''

''သြော် ... အေး ... အေး ... ကောင်းတာပေါ့ကွယ်၊ နွယ်လေးရဲ့လက်ဖက်သုပ်က အရမ်းကောင်းတယ်နော်၊ ဒါမျိုး မစားရတာကြာပြီ''





''စား ... စား ... အားရပါးရစားပါ မမခိုင်၊ ကုန်ရင်ထပ်သုပ်ပေးမယ်''

''ကဲ ... နွယ်လေး စားရင်းသောက်ရင်း နွယ်လေးအကြောင်းတွေ မမခိုင်ကို ပြောပြပါဦး။ ပြောလို့ရော ဖြစ်ရဲ့လား''

''အာ ... ဖြစ်ပါတယ် မမခိုင်ရယ်၊ နွယ်လေးကလည်း အားလုံးပြောပြမှာပါ''

''အဖြစ်တွေက ဒီလိုပါ မမခိုင်''

www.burmeseclassic.com

www.burmeseclassic.com

နွယ်လေးနဲ့ထွန်းရဝေတို့ ချစ်သူများဖြစ်သွားကြသည့် နောက်ပိုင်း ချစ်သူတို့သဘာဝ နေ့စဉ်လိုလို တွေ့ခဲ့ကြသည်။ တွေ့တိုင်းလည်း ထွန်းရဝေ၏အတ္တကြီးစွာချစ်မှုများကို နွယ်လေး ကြုံတွေ့ရသည်။

တစ်ခါတလေ တစ်ဖက်သတ်ဆန်လွန်းသော ထွန်းရဝေ ကြောင့် နွယ်လေး စိတ်ညစ်ရသည့်အခါများက မနည်းပေ။

ဒါပေမဲ့ ကိုယ်က အချစ်ကိုလေးစားစွာ တန်ဖိုးထားတဲ့ သူဆိုတော့လည်း အရာအားလုံးကို အလျှော့ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရဝေက မလိုလားအပ်ဘဲနှင့်လည်း သဝန်တိုရင် တိုနေတတ်သည်။

"နွယ်လေး ... နွယ်လေးတို့အလုပ်က ငွေစာရင်းက ဟို .. ကိုဇော်ဝင်းဆိုတဲ့သူနဲ့ သိပ်စကားမပြောနဲ့ကွာ၊ သူ့မျက်လုံး တွေကို, ကို မကြိုက်ဘူး"

"ဟာ ... ကိုကလည်း သူက ရိုးရိုးသားသားပါ၊ နွယ် လေးမှာ ချစ်သူရှိမှန်းလည်း တစ်ရုံးလုံးက သိနေတဲ့ဟာ၊ မသိ,သိ အောင်လည်း ကိုပဲ မဏ္ဍပ်တိုင်လျှောက်တက်နေပြီးတော့"

"မဏ္ဍပ်တိုင်တက်တာ မဟုတ်ပါဘူးကွာ၊ နွယ်လေးကို ချစ်တာပါ၊ ဒါပေမဲ့ ဒီလူ့မျက်လုံးက နွယ်လေးကို ကြည့်လိုက်ရင် အမြဲ အရောင်တလက်လက်နေတာပဲ"

"ဟင်း .. ဟင်း .. အဲဒါ နွယ်လေးကိုကြည့်မှ မဟုတ် ပါဘူး ကိုရဲ့ ... ဘယ်သူ့ကိုကြည့်ကြည့် ဒီအတိုင်းပဲ၊ ယောက်ျား လေးတန်မဲ့ သူ့ရဲ့နဂိုမျက်လုံးကိုက ရွှဲပြီး အရမ်းလှနေတာ၊ သူက လည်း အဲဒီမျက်လုံးကိုပဲ မလိုချင်လို့ အရမ်းစိတ်ညစ်နေတာ





မိန်းကလေးဆိုရင်တော့ တော်တော်အဖိုးတန်မယ့် မျက်လုံးပဲ ... ဟင်း ... ဟင်း"

"တော်ပြီ ... တော်ပြီး ရယ်မနေနဲ့ ကို့ရှေ့မှာ တခြား ယောက်ျားလေးအကြောင်းမပြောနဲ့ ... ကိုမကြိုက်ဘူး"

"ဟောတော့ ... သူပြောလို့လည်း ပြောပြရသေးတယ်၊ ဘာမှန်းလည်း မသိဘူး"

"Sorry နွယ်လေးရယ်၊ နွယ်လေးကို ကိုအရမ်းချစ်လို့ သဝန်တိုမိတာပါ"

"ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... နွယ်လေးအိတ်ထဲက ခါတ်ပုံတွေ ထွက်ကျလာပြီ နွယ်လေးရဲ့ နေဦး ... ကိုကောက်ပေးမယ်"

"ဟယ် ... ဟုတ်ပါရဲ့ နွယ်လေး စာအုပ်ကြားထဲ ညှပ်ထားတာ စာအုပ်ယူလိုက်လို့ ကျသွားတာ၊ ပျောက်သွားရင် ဒုက္ခပါပဲ ... ကျေးဇူးပဲကိုရယ်"

"အမယ် ... ပျောက်သွားရင် ဒုက္ခဆိုတော့ ဘာဓာတ်ပုံမို့လို့လဲ နွယ်လေးရဲ့"

"ဪ ... ကျောင်းတုန်းက သူငယ်ချင်းတွေအားလုံး

www.burmeseclassic.com

www.burmeseclassic.com



စုပြီး ရိုက်ထားတဲ့ပုံပါ ကိုရဲ့ အဲဒီတုန်းကလိုမျိုး ပြန်ဆုံဖို့ ပြန်ရဖို့ဆိုတာ မလွယ်တော့ဘူးလေ''

''ကျောင်းတုန်းကဆိုတော့ ဟိုကောင်ထွန်းထွန်းလူလည်း ပါမှာပေါ့ ... ပြစမ်း ... ပြစမ်း''

ပြောပြောဆိုဆို ထွန်းရဝေက ဓာတ်ပုံများကို ဆတ်ခနဲ ဆွဲယူကြည့်လိုက်သည်။

''ဟင် ... သေချာတာပေါ့ ... နေဦး သိမယ်''

''ဟင် ... ကို ... ကို ဘာလုပ်ဖို့လဲ ... မလုပ်ပါနဲ့ ကိုရယ်''

''နွယ်လေး အသာနေစမ်းပါ''

ထွန်းရဝေက အင်္ကျီအိတ်တွင်ထိုးထားသော ဘောပင်ကို ဖြုတ်၍ လက်ထဲရှိဓာတ်ပုံများထဲမှ ထွန်းထွန်းလူ၏ပုံများကို ဘောလ်ပင်ဖြင့် လျှောက်ခြစ်ပစ်နေ၏။

''ကဲဟာ ... ကဲဟာ''

''ဟာ ... ကို မလုပ်ပါနဲ့ဆို''



''နွယ်လေး ... ဒီကောင့်ပုံတွေ ညှပ်ပစ်လိုက်နော်၊ ကို ... သူ့ကို နွယ်လေးနဲ့တွဲလျက် မကြည့်ချင်ဘူး''

''တွဲလျက်မဟုတ်ပါဘူး ကိုရယ်၊ ကြားထဲမှာ သူငယ်ချင်းတွေလည်း ရှိပါသေးတယ်၊ အဲဒီတုန်းက အဆင်ပြေသလို ရိုက်လိုက်ရတာပဲဟာ''

နွယ်လေးက မကျေမနပ်နှင့် ရှင်းပြလိုက်သည်။ စိတ်ထဲမှာတော့ နိုင်လိုမင်းထက်နှင့် အတ္တကြီးမားသော ထွန်းရဝေကို ခုတုတု။

ထွန်းရဝေကတော့ နွယ်လေး ဘာဖြစ်နေတယ်ဆိုတာကို ဂရုမစိုက်။ ထွန်းထွန်းလူရဲ့ပုံတွေအားလုံးကိုသာ ခြေဆုံးခေါင်းဆုံး သဲကြီးမဲကြီး ဖျက်ဆီးပစ်နေသည်။

နွယ်လေးမှာ ဝမ်းနည်းလွန်း၍ ငိုချင်လာမိသည်။

ငိုချင်တာက ထွန်းထွန်းလူရဲ့ပုံကို ဖျက်ဆီးပစ်လို့ ... ထွန်းထွန်းလူအတွက် မခံချင်လို့ ဝမ်းနည်းတာမဟုတ်။

သူငယ်ချင်းအားလုံး၏ အမှတ်တရကို ဖျက်ဆီးပစ်ခြင်း

နှင့် ထွန်းရဝေ၏ အတ္တကြီးမားခြင်းတို့ကြောင့်ပင်။

ဒါပေမဲ့ မငိုမိအောင် နွယ်လေး ထိန်းချုပ်ထားလိုက်သည်။ တော်ကြာ ထွန်းထွန်းလူကြောင့် ငိုတယ်ဆိုပြီး စွပ်စွဲချက်တွေနဲ့ အတူ ပြင်းထန်သောစကားလုံးတွေ လာဦးမည်။

လူပုံက တည်တည်ကြည်ကြည်နှင့် တကာယ်တမ်းကျ တော့ အင်မတန်အတ္တကြီးလွန်း၊ တစ်ကိုယ်ကောင်းဆန်လွန်းသည့် သာမက လူပုံစံနှင့်မလိုက်ဖက်အောင် မထင်ရင် မထင်သလို တစ်ဖက်သားခံရခက်သော တုတ်ထိုးအိုးပေါက်၊ ဝိသာလေးနှင့် ဘေးပစ်သကဲ့သို့ ပြင်းထန်သော စကားများ၊ ခနဲ့တဲ့တဲ့စကားများ ကို ပြောတတ်သော ထွန်းရဝေကို နွယ်လေး မကြာခဏ စိတ် ပျက်မိသည်။

ဒါပေမဲ့ ကိုယ်ရွေးမိသည့်လမ်းကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် လျှောက်လှမ်းရတော့မည်လေ။

ဒီလိုကိစ္စမျိုးတွေကြုံတိုင်း မမခိုင်နှင့်သန္တာကို အရမ်း သတိရမိသည်။



"နွယ်လေး ... ကိုကို စိတ်ဆိုးနေလားဟင်"

လုပ်ချင်တာကို စိတ်တိုင်းကျလုပ်ပြီးတော့မှ နွယ်လေး ကို ခတ်ပုံပြန်လှမ်းပေးရင်း သတိတရနှင့် မေးလာသည်။

နွယ်လေး ပြန်ဖြေချင်စိတ်မရှိ၍ ဘာမှပြန်မဖြေတော့။

"Sorry နွယ်လေးရယ် ... ကို နွယ်လေးကို အရမ်းချစ် လို့ သဝန်တိုမိတာပါ"

"ဟင်း"

www.burmeseclassic.com

www.burmeseclassic.com

ချစ်သက်တမ်းလေးတွေ ရင့်လာသည်နှင့်အမျှ ထွန်းရဝေ ါ်အကြောင်းကိုလည်း နွယ်လေး တော်တော်များများသိလာရ သည်။

သိပ်ပြီး အတ္တကြီးလွန်း၊ တစ်ကိုယ်ကောင်းဆန်လွန်း သည်။

အတူနေဖို့ကိစ္စကို မှတ်မှတ်ရရ တစ်ခါတည်းပဲ နွယ်လေး းမိသည်။

ထွန်းရဝေရဲ့တုံ့ပြန်ချက်ကို ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



"ကို ... နှယ်လေးတို့ချစ်သက်တမ်းလည်း တော်တော် ကြာပြီနော်၊ နှယ်လေးတို့ ဘယ်တော့ အတူတူနေကြမှာလဲဟင် သူများတွေကလည်း မေးနေကြပြီ၊ ပြီးတော့ နှယ်လေးလည်း ကိုနဲ့ အတူတူနေချင်ပြီ ကိုရယ်"

"ဪ ... နှယ်လေးရယ် ကိုလည်း အတူတူနေချင် တာပေါ့၊ ဒါပေမဲ့ ကို့မှာ အောက်က အငယ်နှစ်ယောက်ရဲ့တာဝ တွေ ရှိသေးလို့ပါ၊ သူတို့နှစ်ယောက် ကျောင်းပြီးသွားရင် ကို တာဝန်ပြီးပြီလေ၊ ခဏတော့ သည်းခံလိုက်ပါဦး နှယ်လေး ... ခဏလေးပါ ... နော်"

ဒီလိုမျိုး အကျိုးအကြောင်းနဲ့ သူ့မိသားစုဘက်က လို ပြီး တာဝန်တွေ၊ တာဝန်တွေနဲ့ဆိုတော့ နှယ်လေးလည်း နော ပိုင်းထပ်ပြီး ဘယ်တော့မှမမေးဖြစ်တော့ပေ။ သူ့ဘာသာ ယူ တဲ့အချိန်ကျမှ ယူပါစေဆိုပြီး နေလိုက်တော့သည်။

အငယ်တွေ ကျောင်းပြီးသွားတဲ့အခါကျတော့လည်း လက်ထပ်ဖို့ကိစ္စကို ထွန်းရဝေဘက်မှ လုံးဝမဟာခဲ့။





ဒါကြောင့် နှယ်လေးလည်း ဘာဆိုဘာမှ ထပ်ပြီးမမေး တော့။ ဒီလိုနဲ့ ထွန်းရဝေ နိုင်ငံခြားသွားဖို့အကြောင်း ဖြစ်လာခဲ့ သည်။ အစီအစဉ်ဆွဲပုံလေးကလည်း မက်မောစရာကောင်းလှ သည်။

"အခု အငယ်တွေလည်း ကျောင်းပြီးပြီဆိုတော့ ကို့ တာဝန်တွေ ပြီးပြီပေါ့ နှယ်လေးရယ်၊ ဒါကြောင့် နှယ်လေးနဲ့ကို တို့ဘဝရှေ့ရေးအတွက် ကို နိုင်ငံခြားသွားပြီး အလုပ်,လုပ်လိုက်ဦး ယ်၊ Workpermit က အနည်းဆုံး နှစ်,နှစ်တော့ ရမှာပဲ၊ တစ်နှစ်ပြည့်ရင် နှယ်လေးကို, ကိုပြန်လာပြီး လက်ထပ်မယ်နော်၊ ရင် ကိုပြန်သွားပြီး ပြန်ကြိုးစားမယ်၊ နှယ်လေးနဲ့ ထပ်ပြီး နေရအောင် နှယ်လေးကိုလည်း ဟိုကိုခေါ်နိုင်အောင် ကိုကြိုးစား မယ်"

နှယ်လေးကတော့ ဘာမှမပြောခဲ့။ ကို့ချစ်သူ ဘဝရှေ့ရေး တက်ဖို့အတွက်ပဲလေ နှယ်လေး တစ်ဖက်တစ်လမ်းက အား ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နွယ်လေးကတော့ ဘာမှမပြောချင်ဘူး ကိုရယ်၊ ကို့
ရည်ရွယ်ချက်အတိုင်းဖြစ်အောင်သာ ကြိုးစားပါ"

"နွယ်လေး ကို့ကို စိတ်မဆိုးနဲ့နော်၊ ကို နွယ်လေးကို
ဘယ်လောက်ထိချစ်တယ်ဆိုတာ နွယ်လေး အသိဆုံးပါ၊ ကိုလည်း
နွယ်လေးကို မခွဲနိုင်ပါဘူးကွာ၊ အဲဒီဘဝရှေ့ရေးဆိုတာကြီးကြောင့်
သာ ဖွတ်မိုက်ပြီးလုပ်ရမှာ၊ ကို့သဘောအရဆိုရင် ဘာပဲဖြစ်ဖြစ်
နွယ်လေးနဲ့ လက်ထပ်ပြီး အတူတူ ဒီမှာပဲနေချင်တာ"

ကို့သဘောအရဆိုရင်တော့ ဆိုတော့ ဒီကိစ္စက ကို့အမေ
စီစဉ်တာပဲဖြစ်မည်။ ဒါပေမဲ့ ထွန်းရဝေကိုယ်တိုင်ကလည်း လက်ခံ
သည်ဆိုတာ နွယ်လေးရဲ့ချစ်သက်တမ်းအတွေ့အကြုံအရ
သဘောပေါက်လိုက်ပါသည်။

အမေဟာ သေဆိုသေ၊ ရှင်ဆိုရှင်ဆိုသည့် သားကောင်း
ရတနာတစ်ယောက်ပဲလေ။ ဘယ်လိုပဲဖြစ်ဖြစ် နွယ်လေးကတော့
ကိုယ့်ဘက်က ချစ်သူတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်စွာ နေ
ထိုင်လုပ်ကိုင်ပေးပါသည်။





သူ့အမေရဲ့ ပေဒင်တွက်ကိန်းအရ နိုင်ငံခြားမြန်မြန်ထွက်
ရဖို့ လစာကောင်းကောင်းရဖို့ နေရာကောင်းကောင်းရဖို့ ယတြာ
ချေရမယ်ဆိုရင်လည်း နွယ်လေး လိုက်လုပ်ပေးလိုက်သည်။

ဘုရားမှာ အစောကြီး ပုတီးဘယ်နှစ်ပတ်စိပ်ရမည်ဆိုရင်
လည်း ကိုက နွယ်လေးကို လာခေါ်သည်။ နွယ်လေး လိုက်ပြီး
ပါရမီဖြည့်ပေးခဲ့သည်။ ပတ်စပို့ရုံးဆိုလည်း နွယ်လေးပါရသည်။

အစအဆုံး နွယ်လေး မပါရတာမရှိအောင်ပင် ထွန်းရဝေ
က သွားလေရာ ခေါ်သွားသည်။ ထွန်းရဝေကိစ္စတွေ လိုက်လုပ်
ပေးနေစဉ်အတွင်းမှာ နွယ်လေးက ခွင့်ရက်ရှည်ယူပြီး ကူညီပေး
သည်။ မကြာခင် ခရီးဝေးသွားမည့်ချစ်သူအနားမှာ အချိန်ပြည့်
ကူညီ ဖြည့်ဆည်းပေးသည်။

ထွန်းရဝေမှာလည်း ခွဲရခါနီးမို့လို့လားမသိ နွယ်လေးရဲ့
အိမ်ကို ပြန်ပို့ပေးတဲ့အချိန်အထိ လက်တွဲမဖြုတ်။ ထွန်းရဝေ
ရှေ့ရေးအတွက် လန်းဆန်းတက်ကြွနေသည်။

ကိုယ့်ချစ်သူကို ကြည့်ပြီးတော့လည်း နွယ်လေး ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ခွဲရမှာကိုတော့ စိတ်မကောင်းဖြစ်မိသည်။

မသွားခင်က နေ့တိုင်း တောက်လျှောက်တစ်နေကုန် တစ်နေခန်း ထွန်းရဝေနှင့်အတူ ပင်ပန်းခဲ့ရပြီး ထွန်းရဝေ နိုင်ငံခြား ထွက်မည့်နေ့ကျတော့ နွယ်လေး လိုက်ပို့ခွင့်မရတော့။ သူ့ အကြောင်းပြချက်နှင့်သူကတော့ ဟုတ်နေသည်။

"နွယ်လေးရယ် ...မနက်ဖြန် ကိုသွားမယ့်လေယာဉ် ကွင်းကို နွယ်လေး လိုက်မပို့နဲ့တော့နော်"

"ဟင် ...ဘာဖြစ်လို့လဲ ကိုရဲ့ ...နွယ်လေး လိုက်ပို့ ချင်လို့ပါ"

ထွန်းရဝေက နွယ်လေးရဲ့ခေါင်းကို လက်နှင့်သပ်ပေး ရင်း ...

"ကို့သွားခါနီး နွယ်လေးရဲ့မျက်နှာကို မြင်ချင်ပေမယ့် ကို စိတ်မနိုင်ဘူး နွယ်လေးရယ်၊ ကို ရှေ့ခြေလှမ်းတွေ လျှောက် ဖို့ နောက်ဆံတင်းနေရလိမ့်မယ်၊ ဒါကြောင့် နွယ်လေး မပို့နဲ့တော့ နော်"





နွယ်လေး ဘာမှမပြောသာတော့။

သိသည် ...ဒီလို အထာမျိုး ပုံစံမျိုးကို နွယ်လေးတို့က ဘောပေါက်သည်။ သူ့မိသားစုနှင့်တွေ့မှာစိုးလို့ဆိုတာ ယ်လေးသိသည်။

ချစ်သူဖြစ်ခါစတုန်းက တစ်ခါပြောဖူးသည်။

"ကို နွယ်လေးက ကို့ကိုအဖြေပေးပြီးတဲ့နေ့ကစပြီးတော့ မေမေ့ဆီကို ကို့ကိုခေါ်သွားတာနော်၊ ဘာမှရိုးကြောင်နိုးဝှက်လုပ် မလိုဘူး။ ကိုလည်း နွယ်လေးကို, ကို့အိမ်ကို တစ်ခေါက် လောက်တော့ ခေါ်သွားပေါ့၊ အားလုံးနဲ့ မိတ်ဆက်အသိပေးဦးမှ ပါ ဘာလဲ ...ကိုက နွယ်လေးကို ကို့အိမ်က မသိအောင် ကြောင်နိုးဝှက်နဲ့ ရည်းစားထားတာလား၊ နွယ်လေးကို အထင် သေးတာလား"

"ဟာ ...မဟုတ်ပါဘူး နွယ်လေးရာ၊ ကိုနဲ့နွယ်လေးနဲ့ သူဖြစ်နေတာ အိမ်က သိပါတယ်၊ နွယ်လေးဓာတ်ပုံကို ပြ ပါတယ်၊ ဒါပေမဲ့ နွယ်လေးကို ခေါ်မသွားတာက အားလုံးက

www.burmeseclassic.com



ကိုကို အားကိုးနေကြတော့ နှယ်လေးကိုခေါ်သွားရင် သူတို့စိတ် မှာ အားငယ်ကုန်မှာစိုးလို့ပါ၊ သူတို့ကို ခွဲသွားဖို့ပြင်နေပြီ ထင်မှာစိုးလို့ပါကွာ၊ ဒါကြောင့် သိသာသိစေ, မမြင်စေနဲ့ဆိုတ မျိုးကြောင့် ကို မခေါ်သွားတာပါကွာ ... ကိုကို နားလည်ပေး နှယ်လေးရယ်''

ထွန်းရဝေရဲ့ ပြန်ဖြေရှင်းချက်ကို ကြားလိုက်ရတော့ နှယ် လေး ပိုပြီး စိတ်ဆိုးမိသည်။

ဘာဆိုင်လဲ ... အားငယ်ရအောင် ကလေးတွေလည် မဟုတ်ကြဘူး။ တက္ကသိုလ်တက်နေကြတဲ့ အရွယ်ရောက်နေပြီ သူ့အမေလည်း အိမ်ထောင်ကျဖူးလို့ မိသားစုဘဝတွေ ရနေပြီ ကိုယ်ချင်းစာတတ်ရမှာပေါ့၊ နားလည်ရမှာပေါ့။

တစ်မိသားစုလုံး အတ္တကြီးတဲ့သူတွေများလား။ နှယ်လေ ပြန်ပြောမလို့ စဉ်းစားပေမယ့် တော်တော်စိတ်ကုန်မိတာကြောင် ပြန်မပြောဖြစ်တော့။ ယခုလည်း နှယ်လေး လိုက်ပို့ရင် သူတ မိသားစုဘက်က ဝေဒနာရမှာစိုးလို့ မခေါ်တာဘဲဖြစ်မည်။



နှယ်လေးဘက်က ဝေဒနာကိုတော့ ပြန်ကြည့်ဖို့ သတိ ရ။

အကြာကြီးခွဲပြီး နိုင်ငံရပ်ခြားသွားမယ့် ချစ်သူကို စိတ် အနှောင့်အယှက်မပေးချင်တာနဲ့ပဲ နှယ်လေး အလျှော့ပေးလိုက်ရ သည်။

"နှယ်လေး ... ကိုကို အမြဲတမ်းသတိရနေနော်၊ စာ ည်း မှန်မှန်ရေး၊ ကိုလည်း စာမှန်မှန်ထည့်မယ်၊ နှယ်လေးကို တ်ချပေမယ့် ကို စိတ်မချနိုင်ဘူးကွာ"

"ကဲပါ ကိုရယ် ... ကိုကပဲ ပြောင်းပြန်တွေပြောနေရ နှပြီ၊ နှယ်လေးဘက်ကို တစ်သက်စာလုံးအတွက် စိတ်ချပါ၊ ကိုသာ အလုပ်တွေကို အဆင်ပြေအောင် ကြိုးစား၊ နှယ်လေး အတွက် မပူနဲ့ ... ဟုတ်လား"

"နှယ်လေးရယ် ခွဲရတော့မယ်ဆိုမှ နှယ်လေးကို, ကို တယ်လောက်ချစ်တယ်ဆိုတာ သိရတော့တယ်၊ အရမ်းချစ်တယ် ယ်လေးရယ်''

www.burmeseclassic.com



"နွယ်လေးလည်း ဒီလိုပါပဲ ကိုရယ်"

ခွဲခွာခါနီး အထိမ်းအမှတ် မျက်ရည်ကျလုလုကို နွယ်လေး ပြန့်ထိန်းထားလိုက်ပြီး ကိုလက်ကိုသာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။

နိုင်ငံခြားမှ ထွန်းရဝေ၏စာများ တစ်ပတ်တစ်ခါ မှန်မှန် ရောက်လာတတ်သလို တစ်လတစ်ခါလည်း ဖုန်းမှန်မှန်ဆက်သည်။

နွယ်လေးမှာ ချစ်သူထံမှ စာလေးများ၊ အသံလေးများ ဖြင့်သာ အလွမ်းဖြေရင်း အလုပ်ထဲမှာပဲ စိတ်ကိုနှစ်မြှုပ်ထား လိုက်သည်။

ဒီလိုနဲ့ တစ်နှစ်ဆိုတဲ့အချိန်ကာလစက်ဝန်းလည်ပတ်ပြီး ထွန်းရဝေ ခွင့်နှင့် ခဏပြန်ရောက်လာသည်။

နွယ်လေးမှာ ထွန်းရဝေ ပြန်ရောက်လာပြီဆိုတာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ကွေ့ခုန်ပြီး အပျော်လွန်နေသည်။

သူတို့ချစ်သူနှစ်ဦး၏ဘဝခရီးကို လျှောက်လှမ်းရတော့မည်လေ၊ ပျော်နေတာပေါ့။

ဒါပေမဲ့ တကယ်တမ်းကျတော့ ထွန်းရဝေမှာ ရောက်သည်နှင့် သူ့စာရွက်စာတမ်းကိစ္စများ လုပ်ရ၊ သူ့မိသားစုများနှင့် သွားရလာရ၊ သူ့အိမ်အတွက် ကားဝယ်ပေးရနှင့် အလုပ်ရှုပ်နေပြီး နွယ်လေးအတွက်ပင် အချိန်အကြာကြီး မပေးနိုင်ရှာ။

နွယ်လေးနှင့်တွေ့သည့်အခါတိုင်းမှာတော့ ဘယ်လောက်လွမ်းကြောင်း၊ ချစ်ကြောင်းတွေကိုတော့ အရင်ပုံစံအတိုင်း ချစ်ပြလွမ်းပြတာကလွဲပြီး လက်ထပ်ဖို့ကိစ္စကို ဘာမှပင် လေသံမဟဘဲ ရသည့်ခွင့်နှစ်ပတ် ပြည့်သွားသည့်အချိန်တွင် နိုင်ငံခြားသို့ ပြန်ထွက်သွားသည်။

နွယ်လေးမှာ ဘာမှလည်း မမေးလိုက်ရ၊ မပြောလိုက်ရဘဲနှင့် အူကြောင်ကြောင်နှင့်လွမ်းပြီး ကျန်ရစ်ခဲ့သည်။

ရှိပါစေတော့လေ . . . ။



နွယ်လေးကလည်း ဘယ်တော့မှ နွယ်လေးဘက်က စပြီးမမေးတော့၊ မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အတွက် ဘာမှမမေးတော့ဘဲ အလိုက်သိစွာပဲ ငြိမ်နေခဲ့သည်။

နောက်တစ်နှစ်မှာတော့ ပြန်လာနေကျ ထွန်းရဝေ ပြန်ရောက်မလာခဲ့။ နွယ်လေးနှင့် စာအဆက်အသွယ်၊ ဖုံးအဆက်အသွယ်တော့ မပြတ်ပါ။ ခွင့်မရတာနဲ့ အလုပ်ရှုပ်နေတာနဲ့ နောက်နှစ်မှ ပြန်လာမယ်လို့ ထွန်းရဝေက ပြောသည်။

သူ့မိသားစုနဲ့ ညှိလို့မရလို့ ထွန်းရဝေ မျက်နှာပူပြီး တမင်ရှောင်ချင်လို့ ပြန်မလာတာကို နွယ်လေး သိပါသည်။ သူ့ဘာသာသူ ပြန်လာချင်တဲ့အချိန်ကျမှ ပြန်လာပါစေတော့ဆိုပြီး နွယ်လေးလည်း မမျှော်မနေတော့။ ကိုယ့်အလုပ်ပဲ ကိုယ်ဖွတ်နှစ်ပြီး လုပ်နေခဲ့သည်။

မမျှော်နေတော့လည်း ထွန်းရဝေတစ်ယောက် ဗြုန်းစားကြီး ပြန်ရောက်လာပြီး နွယ်လေးကို ကောက်ခါငင်ကာ လက်ထပ်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရလို့ . . . အကျယ်ချဲ့ပြီးတော့လည်း မင်္ဂလာ မဆောင်ဖြစ်လိုက်။ တရားရုံးမှာ လက်မှတ်ထိုး၊ ဘုန်းကြီးဆွမ်း ကပ်ပြီး ဘိုးဘွားရိပ်သာနှင့် ဗိုဝိတဒါနမှာ မင်္ဂလာဦးအလှူငွေများ လှူလိုက်သည်။

နွယ်လေးကတော့ ဒီလိုမျိုး အကျဉ်းချုံးပြီး လှူဒါန်းလိုက်တာကိုတော့ သဘောကျသည်။ အမိက,က ကိုယ့်ချစ်သူနဲ့ အတူ တူနေပြီး ဘဝခရီးအတူလျှောက်ခွင့်ရရင် ပြီးတာပါပဲ။

ဒီတစ်ခါတော့ ထွန်းရဝေက လက်ထပ်ဖို့ ခွင့်နှစ်လ တောင်းခဲ့သည်တဲ့။ လက်ထပ်ပြီး ထွန်းရဝေတို့အိမ်သို့ နွယ်လေး သျှောင်နောက်ဆံထုံးပါ လိုက်လာခဲ့ရသည်။

ဒါကလည်း ထွန်းရဝေ၏ အစီအစဉ်ကြောင့် နွယ်လေး ခေါင်းညိတ်ခဲ့ရတာပါ။

"နွယ်လေးရယ် . . . နွယ်လေးမေမေကို တူမလေးတစ် ယောက်နဲ့ ထား,ထားတာပဲ မဟုတ်လား။ နွယ်လေးလည်း နေ့ တိုင်းသွားကြည့်မှာပဲလေ၊ ပြီးတော့ ကိုပြန်သွားပြီးရင် နောက်ဆို



နွယ်လေးလည်း ကို့နောက်လိုက်လာဖို့ သင်တန်းတွေတက်ရမယ်၊ ကွန်ပျူတာလည်း လေ့ကျင့်ရမယ်လေ၊ ကိုတို့အိမ်မှာ ကွန်ပျူတာရှိတော့ နွယ်လေး အချိန်မရွေး လေ့ကျင့်လို့ရတာပေါ့၊ နွယ်လေး ကြိုးစားနော်၊ ပြီးတော့ ကို့အတွက် သားသားလေး ဖြစ်ဖြစ်, သမီးလေးဖြစ်ဖြစ် မွေးပေးဖို့က နွယ်လေးတာဝန်နော်"

"ကိုနော် . . . ပေါက်ကရတွေ ပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ...

နှုယ်လေးတစ်ယောက် ထွန်းရဝေတို့အိမ်ကို ရောက်ခဲ့ရသည်။

ထွန်းရဝေရှိတဲ့ နှစ်လအတွင်းမှာတော့ ချစ်စ, ခင်စ, ကြင်စဦးတို့ ထုံးစံအတိုင်း ပျော်လို့မဆုံးပေ။

ဒါတောင် ပြည့်ပြည့်ဝဝ နှုယ်လေး မပျော်ရပဲပါ။

ထွန်းရဝေနဲ့မင်္ဂလာဆောင်ပြီး ဟန်းနီးမွန်းထွက်တော့ သူ့အမေတွေ၊ သူ့ညီမတွေကိုပါ ခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေးဖြင့် တစ်ခါမှမကြားဖူး။

ဟန်းနီးမွန်းခရီးစဉ် ချောင်းသာမှာနေတဲ့အချိန် တောက်လျှောက်မှာလည်း ထွန်းရဝေနဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တစ်ခါမှမနေခဲ့ရ။

ကမ်းခြေမှာ ချစ်သူဖနီးမောင်နှံနှစ်ဦး အေးအေးဆေးဆေး လမ်းလျှောက်မည်ဟု စိတ်ကူးထားခဲ့သော်လည်း တကယ်တမ်း လမ်းထွက်လျှောက်ဖြစ်တော့ ထွန်းရဝေရဲ့တစ်ဖက်တစ်ချက်စီမှာ သူ့အမေနဲ့သူ့ညီမနဲ့က ကပ်လျက်။

နွယ်လေးက နောက်က။

ထွန်းရဝေကတော့ သူ့အမေတွေ၊ သူ့ညီမတွေနှင့် ပျော်မြူးနေသည်။

နွယ်လေးမှာသာ တစ်ခါတလေ ခံရခက်သည်။ ဘာကို ထုတ်ပြောရမယ်မှန်း ခေါင်းစဉ်လည်း တပ်လို့မရ၊ ထွန်းရဝေ ကိုယ်တိုင်ကလည်း လွန်လွန်းသည်ဟုထင်သည်။

ဒီလောက်တောင် ကိုယ့်မိသားစုကို ခင်တွယ်လွန်းရင်





လည်း မိန်းမ,မယူနဲ့ပေါ့။

အိမ်ပြန်ရောက်တော့လည်း နွယ်လေးနားမှာ နေရတယ်လို့ မရှိ။ သူ့ညီအစ်ကိုမောင်နှမများနှင့်သာ လုံးထွေးအချိန်ကုန်နေသည်။

တစ်ခါတလေ လင်မယားနှစ်ယောက် အခန်းထဲမှာ စကားပြော၊ ကြည်နူးမယ်ကြံကာရှိသေး သူ့အမေကြီးက တံခါး အမြဲတမ်းလာခေါက်သည်။

"သားရေ ... ဒီမှာ မင်းညီမက ဈေးထွက်ဝယ်ချင်လို့တဲ့ လိုက်ပို့လိုက်ပါဦးကွယ်"

"သားရေ ... မင်းမမကြီးကို ရုံးအပြန် သွားကြိုပေးလိုက်ပါဦးကွယ်"

တစ်မျိုးပြီးတစ်မျိုး သူတို့အတွက်ပဲ မပြီးဆုံးနိုင်တော့။ အမင်းဝိုင်းထိုင်ရင်လည်း ကြည့်ဦးမလား။

သူ့အမေကို အရင် ဟင်းထည့်ပေးတာကိုတော့ မပြောလို။ သူ့ညီမတွေအားလုံးကို ထည့်ပေးပြီးမှ နွယ်လေးအမှည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။

တစ်ခါတလေ နှယ်လေးကို ထည့်ပေးဖို့တောင် မေ့ရေ သည်။ ထွန်းရဝေအမေကတော့ တပြုံးပြုံး။ ဒါတောင် အားမရ နိုင်သေး။ ပါးစပ်က ပြောလိုက်သေးတယ်။

"သားရေ . . . မင်းက မိန်းမရသွားပြီဆိုပြီးတော့ စိမ်း မသွားနဲ့နော်၊ မင်းညီမတွေ အားငယ်သွားလိမ့်မယ်၊ သူတို့မှာ ချစ်စရာ, ဆိုးနွဲ့စရာဆိုလို့ မင်းပဲရှိတာ၊ မိန်းမနားပဲ အချိန်ပြည့် ကပ်မနေနဲ့ဦး"

ထွန်းရဝေ ပြန်သွားတော့ နှယ်လေး ပုံမှန်အတိုင်း ရုံး ပြန်တက်ဖြစ်သည်။ အဲဒီအချိန်မှာပဲ သမီးရဲ့ကိုယ်ဝန်ကို လွယ် ထားရသဖြင့် ထွန်းရဝေရဲ့အစီအစဉ်နဲ့ပဲ အလုပ်ကထွက်ပြီး အိမ်မှာ ပဲ နေရတော့သည်။

"နှယ်လေးရယ် . . . ကိုအရမ်းဝမ်းသာတာပဲ . . သိလား နှယ်လေး ဘာမှမလုပ်နဲ့တော့၊ ကိုတို့ကလေးအတွက်ပဲ ဂရုစိုက် ကွာ၊ အလုပ်က ထွက်လိုက်တော့နော်"





"ဟာ . . . ကိုကလည်း သူများတွေလည်း ဒီလိုပဲ အလုပ်တစ်ဖက်, ကလေးတစ်ဖက်နဲ့ အလုပ်,လုပ်နေကြတာပဲ ဟာ"

"သူများတွေက ဟုတ်တယ်လေ၊ ဒါပေမဲ့ နှယ်လေးက သူများမဟုတ်ဘူး . . . ကိုရဲ့နှယ်လေး။ ကလေးကလည်း ကိုနဲ့ နှယ်လေးတို့ရဲ့ ကလေးလေ၊ ပြီးတော့ နှယ်လေးတို့သားအမ် ရှေ့ရေးရှိသေးတယ်လေ၊ အိမ်မှာ အေးအေးဆေးဆေးနားနား နေနေနေပါ နှယ်လေးရယ် . . . နော်၊ ကိုစကားကို နားထောင် နော်"

ထွန်းရဝေပြောတာလည်း ဟုတ်နေတာမို့ နှယ်လေး အလုပ်က ထွက်ပြီး အိမ်မှာနားနေလိုက်သည်။ အိမ်မှာ နားနေ မိသည့်မှစ၍ နှယ်လေးဘဝ အကြီးအကျယ် ပြောင်းလဲသွားဖို့ အကြောင်းဖန်လာတော့သည်။

အိမ်မှာ အချိန်ပြည့်နေတော့မှပဲ ထွန်းရဝေတို့အိမ်သား တွေအကြောင်းကို ပိုသိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းရဝေရဲ့အမေကလည်း အသက်သာကြီးတာ စကား ပြောတာဆိုတာ သားအရှိန်နဲ့ မာန်တစ်လုံးမှမချ။ အတွကြီးစွာဖြင့် ပြောဆိုတတ်သည်။

အရင်တုန်းက သူတို့အိမ်မှာ အဝတ်လျှော်ဖို့ ထမင်းဟင်း ကူချက်ဖို့ ကောင်မလေးတစ်ယောက် ထားသည်။ နွယ်လေး အလုပ်ကထွက်ပြီးသည့်နောက်ပိုင်း ကောင်မလေးကို တောသို့ ပြန်ပို့လိုက်သည်။

ပြီးတော့ သူ့အမေပြောပုံကိုကြည့်ဦး။

"ဟုတ်သားပဲ သမီးရယ် ... သားပြောသလို အလုပ် ထွက်လိုက်တာ မှန်တာပေါ့၊ လစာကလည်း ဘာမှရတာမဟုတ် ဘဲနဲ့၊ အလကား အညောင်းမိတာပဲ အဖတ်တင်မှာ၊ အညောင်း မိရင် ကလေးလည်း ထိခိုက်တယ်လေ၊ အခု အေးမိလည်း ရှာ ပြန်သွားတော့ အိမ်အလုပ်လေးတွေ လှုပ်လှုပ်ရှားရှားလုပ်ရင် ကျန်းမာရေးလည်း ကောင်းတာပေါ့ သမီးရဲ့"

အပြောကတော့ ရွှေမန်းတင်မောင်ပင်။





တကယ်တမ်းကျတော့ လုပ်လိုက်ရသည်မှာ မိုးလင်း က,မိုးချုပ် တလှုပ်လှုပ်နှင့်။ နေ့လယ်နေ့ခင်းပင် အိပ်ချိန်မရ၊ မနက်မိုးလင်းလင်းချင်း ဘုရား ဆွမ်းတော်မီအောင် ထမင်းထ, ချက်ရင်း အိမ်အတွက် ထမင်းဟင်း စီမံချက်ပြုတ်ရသည်။

သူညီမတွေမှာ ကူဖို့မပြောနှင့် တစ်ခါတလေ စားပြီး သားပန်းကန်ပင် ဆေးမသွားကြ။ သင်တန်းနောက်ကျမှာစိုးလို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ ကမန်းကတန်းစားပြီး လစ်ထွက်သွား ကြသည်။ ဒါဆိုလည်း အိပ်ရာက စောစောထပါလား။ တစ် ယောက်မှလည်း အိပ်ရာက စောစောထတာ မဟုတ်ကြ။

စောစောမထလို့ ညဖက်အိပ်ရာဝင် နောက်ကျလို့ စာ တွေလေ့လာနေတယ် ထင်လို့လား။ ထွက်သမျှ မဂ္ဂဇင်း အကုန် ငယ်ပြီး ခေါင်းချင်းဆိုင်ကာ ညနက်အထိ ဖတ်နေကြသည်။ ဒါမှမဟုတ် အခွေတွေကို တစ်ညလုံး ထိုင်ကြည့်နေကြသည်။

အစပိုင်းမှာတော့ အိမ်မှာကျန်နေတဲ့ နွယ်လေးက ကိုယ့် အဝတ်အစားလျှော်ရင်းနဲ့ အမြင်မတော်လို့ ထည့်လျှော်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ပိုင်း တမင်ချန်ထားခဲ့မှန်းသိလို့ ထည့်မလျှော်ပေးတော့ သူ့အမေကို သွေးထိုးသည်။

ယောက္ခမကြီးက စကားလုံးလှလှလေးတွေသုံး၍ သူ့ကို အလိမ္မာနှင့် နိုင်းတတ်သည်။

"သမီးရေ ... သမီးရဲ့ညီမတွေကတော့ သင်တန်းသွား ဘာသွားနဲ့ဆိုတော့ အချိန်ကိုမရှိကြဘူးကွယ့် .. ဟင်း .. ဟင်း အဲဒါ သမီးအဝတ်လျှော်ရင်းနဲ့ သမီးညီမတွေရဲ့အင်္ကျီတွေကိုပါ စက်ထဲထည့်ပေးလိုက်ပါကွယ်၊ စက်နဲ့ဆိုတော့ မပင်ပန်းပါဘူးနော်"

နွယ်လေး ဘယ်လိုလုပ်ပြန်ပြောလို့ရမလဲ သူတို့အိမ်မှာ နေရတာလေ။ အဆိုးဆုံးက နွယ်လေး အလုပ်မရှိတော့ မေမေ့ကို လစဉ် ထောက်ပံ့နေကျ မပေးနိုင်တာဆိုးသည်။

အရင်တုန်းက ကိုယ့်လခနှင့်ကိုယ်ဆိုတော့ မေမေ့ကို လစဉ်ထောက်ပံ့နိုင်သည်။ အခု နွယ်လေး အလုပ်မရှိတော့ ထွန်းရဝေရဲ့အမေဆီက လက်ဖြန့်တောင်းနေရသည်။





အစပိုင်းကတော့ ဘာမှမပြော။ နွယ်လေးသုံးဖို့နှင့် မေမေ့ဖို့ ထုတ်ပေးသည်။ နောက်ပိုင်း တမင်အမေ့ခံပြီး တောင်းမှပေးတာမျိုး၊ ထုတ်ပေးရင်တောင် မကြည်မသာပြောတာမျိုးတွေ လုပ်လာသည်။

"အသုံးအစွဲတွေ ကြည့်သုံးကြဦးနော်၊ ငါ့သားခမျာ နှစ်အိမ်ထောင်စာ ရှာနေရတာ ... ကိုယ်ချင်းစာကြဦး"

ပြောကြစတမ်းဆိုရင် ထွန်းရဝေရဲ့လစာငွေကို နွယ်လေးကို ပို့ပေးရမှာ။ အခုတော့ အားလုံး သူ့အမေကိုပို့ပြီး နွယ်လေးက လက်ဝေခံသုံးနေရသည်။ သုံးရတော့လည်း မဖို့တပို့ရတာလေးကို အပြောခံရတာနှင့် မကာမိ။

မေမေ စိတ်မကောင်းဖြစ်မှာစိုးလို့ တော်ရုံတန်ရုံ ဘာမှ မပြောဖြစ်ပေမယ့် ပေးရမယ့်အချိန်တန်လို့ နွယ်လေးက မပေးနိုင်တာကို မေမေက နားလည်တတ်ပါသည်။

"သမီး နွယ်လေး ... သမီးက အိမ်ထောင်နဲ့၊ ပြီးတော့ ယောက္ခမအိမ်မှာနေရတာဆိုတော့ အစစအရာရာ သတိထားဆင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်ပြီးနေပါကွယ်၊ မေမေ့အတွက် မစဉ်းစားပါနဲ့၊ မေမေ အဆင်ပြေပါတယ်၊ သမီးသာ အဆင်ပြေအောင်နေပါ၊ ငါ့သမီးလေး ကံကောင်းပါစေကွယ်''

နွယ်လေးကို နှစ်သိမ့်တဲ့မေမေက နောက်ပိုင်း နွယ်လေး ပေးတာ လက်မခံတော့။ သူ့မှာရှိသည့် အတွင်းပစ္စည်းလေးတွေကို ထုခွဲရောင်းချပြီး တင်းတိမ်ရောင့်ရဲစွာနေထိုင်သည်။

နွယ်လေး တကယ်စိတ်မကောင်း။

ထွန်းရဝေ ဖုန်းလာတော့ ပြောဖို့ ကြိုးစားသေးသည်။ ဒါပေမဲ့ သူတို့က ဦးအောင် ကြိုတင်စကားပိတ်ပြီး ပြောထားသည်ထင့်။ ထွန်းရဝေရဲ့စကား အသွားအလာကို နွယ်လေး မကြိုက်။

''နွယ်လေးရေ . . . အသုံးစရိတ်ကို ကြည့်သုံးနော်၊ ဒီမှာလည်း ရှာရတာ မလွယ်ဘူး၊ ကိုတို့ရှေ့ရေးကိုလည်း စဉ်းစားရဦးမယ် . . . တစ်ယောက်စာတိုးလာတယ်ဆိုတာ လွယ်တာမဟုတ်ဘူး''



နွယ်လေး တိုးမွေးလာမယ့်ကလေးကို ပြောသလိုလို၊ မေမေ့ကို ထောက်ပံ့ရတာကို ပြောသလိုလိုနှင့် ပြောပေါင်းများပြီ။

နွယ်လေးကို အသုံးစရိတ်လျှော့သုံးလို့ ပြောရအောင်က လည်း နွယ်လေး ဘယ်မှလည်း မထွက်ရ၊ ဘာမှလည်း မသုံးရပဲ အိမ်ထဲမှာပင် တစ်ယောက်တည်း ဂျင်ဂျင်လည်နေတာ သူ့မသိဘူးလား။ မသိဘူးလို့ပြောရင်လည်း ထွန်းရဝေက တမင်လိမ်တာပဲဖြစ်ရမည်။

သူ့အမေ၊ သူ့ညီမတွေအကြောင်း သူအသိဆုံးပဲလေ။

ပြောထားတဲ့သင်တန်းတွေတက်ဖို့မပြောနှင့် ကွန်ပျူ ဘာတောင် မနိုင်ရ၊ ကွန်ပျူတာက အငယ်မရဲ့အခန်းထဲမှာ ထားသည်။ တစ်ခါတလေ ကွန်ပျူတာကို ကိုင်ချင်လို့ အငယ်မလေးကို ပြောတော့ . . .

''မမနွယ်လေး ကွန်ပျူတာသုံးမလို့လား၊ ညီမ အပြင်က ပြန်လာရင် ဖွင့်ပေးမယ်နော်၊ သိပ်မကြာပါဘူး''

www.burmeseclassic.com



ဟု ပြောသွားပြီး ညမိုးချုပ်မှပဲ ပြန်ရောက်လာသည်။ ရောက်လာတော့လည်း သူ့အတွက် စာရိုက်လိုက်၊ internet ကြည့်လိုက်နဲ့ နွယ်လေးအတွက် အချိန်မပေး၊ ပေးချင်ပုံလည်း မရ။ ဒါကြောင့် နွယ်လေးလည်း ဘာမှထပ်မပြောတော့။

ပြောတော့ နွယ်လေးတို့ရှေ့ရေး၊ နွယ်လေးတို့ရှေ့ရေးနဲ့ တွင်တွင်သုံးနေသည်။ လက်ရှိမှာတော့ ရှေ့ရေးမပြောနှင့် အခု နေရတာတောင်မှ အိမ်ဝယ်ကျွန်တစ်ပိုင်းဖြစ်နေပြီ။

အိမ်ထောင်ကျပြီးကတည်းက သုံးဖို့စွဲဖို့ဆိုတာ မပြောနှင့် . . . နွယ်လေး အကျီတစ်ထည်တောင် ဝယ်မဝတ်ဖြစ်။ သူ့ညီမ တွေကျတော့ ကြည့်ဦးမလား . . . တစ်နှစ်ပတ်လုံး ထိုင်ကြည့်နေရင်တောင် အဝတ်အစားတွေက တစ်ရက်မှ ထပ်မှာမဟုတ်။ မထပ်အောင်လည်း ပေါ်သမျှဝယ်၊ ဝယ်သမျှကိုလည်း သူ့အမေက တပြုံးပြုံးနှင့်။

နွယ်လေးကိုစွရှိလို့ ပိုက်ဆံတောင်းရင် မကျေနပ်ချင်၊ ပြောမဆုံး။ သူတို့ကျတော့ ဘယ်သွားသွား ကားနှင့်။ နွယ်လေး မပေါ့မပါးကြီးနှင့် မေမေတို့အိမ်သွား၊ အပြင်သွား၊ ဆေးခန်းသွား လျှင် မသိချင်ယောင်ဆောင်နေတတ်သည်။ အိမ်က,ကားနှင့် သွားဟု တစ်ခါမှမပြောဖူး။

ထွန်းရဝေပို့လိုက်သောငွေနှင့် တိုက်ခန်းတွေ၊ ခြံတွေ ဝယ်ထားကြသည်။ ဝယ်သမျှကလည်း သူတို့မောင်နှမတွေရဲ့ နာမည်တွေနဲ့ပင်။ နွယ်လေးရဲ့နာမည်နဲ့ဝယ်ဖို့ မပြောနဲ့၊ နွယ်လေး ကို ရှိတယ်လို့တောင်မထင်။

နွယ်လေးကလည်း ဘာဆိုဘာမှ မတောင်းဆို။ တောင်း ဆိုစရာလည်း လိုမယ်လို့ နွယ်လေးက မထင်။

သူများသားသမီးကိုယူထားသော ယောကျ်ားကောင်းတစ် ယောက်ရဲ့ဝတ္တရားကို ထွန်းရဝေ နားလည်လိမ့်မည်ဟု ထင် ထားခဲ့မိသည်။

အခုတော့ တက်တက်စင်အောင် လွဲခဲ့ပြီ။

ဘာမှလည်း ထပ်မပြောချင်တော့။

နွယ်လေး အိမ်ပေါ်က ဆင်းခဲ့ရသည့်အဖြစ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဟုတ်ဘဲ သူတို့မိသားစုက တမင် အပြစ်ရှာကြခြင်းဖြစ်သည်။

အဲဒီနေ့က မေမေနှင့်အတူနေသော မေမေ့တူမက နှယ်လေးကို ဖုန်းလှမ်းဆက်သည်။ မေမေ မူးလဲလို့တဲ့။ နှယ်လေး စိုးရိမ်ကြီးစွာဖြင့် အပြေးအလွှား လိုက်သွားခဲ့သည်။

ဟိုရောက်တော့ နှယ်လေးမေမေက အိပ်ရာထဲမှာ ပက်လက်။ အစားအသောက်ချို့တဲ့ခြင်းနှင့် အသက်အရွယ်ကြီးလာတော့ အားပြတ်သွားတာဖြစ်မည်။

နေမကောင်းဖြစ်နေတာကို ဆေးခန်းလည်းမသွား။ နှယ်လေးကိုလည်း အကြောင်းမကြားဘဲ ဖွတ်ပေနေခြင်းကြောင့် ဒီနေ့မနက် အိပ်ရာကအထမှာ သွေးပေါင် ထိုးကျပြီး မေ့လဲသွားခြင်းဖြစ်သည်။

နှယ်လေးရောက်လာတော့ အိပ်ရာထက်မှာ မေမေက ပက်လက်။ လက်မှာလည်း ပိုက်တွေတန်းလန်းနှင့် နှယ်လေး ရင်ထဲမှာ ဆို့တက်သွားသည်။



ကြည့်ပါဦး ...မေမေ့မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် ဘယ်လောက်ထိ ကြိတ်မှိတ်နေခဲ့ရသလဲ။ အရိုးပေါက်ပက်နှင့် အသက်ကို မနည်းလုပြီး ရှူဖို့တောင် အားမရှိ။

နှယ်လေး စိတ်မကောင်းလွန်း၍ မျက်ရည်ကျမိသည်။ ထွန်းရဝေက သူ့အမေတွေ၊ သူ့ညီမတွေအတွက် တာဝန်တွေ ကျေပြီးရင်း ကျေနေသလောက် နှယ်လေးဘက်က မေမေ့အပေါ် ဘာတာဝန်မှမကျေခဲ့။

ဒီအခြေအနေအတိုင်းဆို လောလောဆယ် မေမေ့အနားမှာ နှယ်လေးမရှိလို့ မဖြစ်။ တော်ကြာ နောက်ရက် ဆရာဝန်ကို ထပ်မခေါ်ဘဲ နေကောင်းပါပြီဆိုပြီး တင်းခံနေရင် မေမေ ဒုက္ခရောက်သွားနိုင်သည်။

နှယ်လေးရှိနေရင် ဆေးကုစရာ၊ စားစရာများကို စီစဉ်ပေးလို့ရသည်။ ဒါကြောင့် နှယ်လေးအိမ်ကို ဖုန်းလှမ်းဆက်ရသည်။ ထွန်းရဝေ၏အမေ ဖုန်းလာကိုင်သည်။

"အေး ...အေး ...နှယ်လေးမေမေ နေမကောင်း

www.burmeseclassic.com

www.burmeseclassic.com



သေးရင်လည်း အဲဒီမှာ နေချင်နေလိုက်ဦးပေါ့ နွယ်လေးရယ် သက်သာမှပဲ ပြန်လာ ...ဟုတ်လား''

အပြောကတော့ ရေရေလည်လည် ချိုမြနေသည်။ ပြီးရင် အိမ်မှာ ဘာအလုပ်မှ မပြီးမစီးတာနဲ့ ဘယ်အချိန်မှာ နွယ်လေး ဘက်ကို လှည့်ပြီး ပြဿနာရှာမယ် မသိ။

မတတ်နိုင်ဘူး ...။ လောလောဆယ်တော့ မေမေ့ ကျန်းမာရေးက စိတ်ချရတာမဟုတ်တော့ နွယ်လေး မေမေ့ဆီ မှာပဲ လောလောဆယ်နေဖို့ ဆုံးဖြတ်ထားသည်။

နွယ်လေးရောက်ပြီး တစ်ရက်၊ နှစ်ရက်အတွင်းမှာတောင် မေမေရဲ့အခြေအနေက အားရစရာမရှိ။ သွေးပေါင်ကလည်း ပြန် မတက်လာဘဲ အောက်စီဂျင်ပေးရတဲ့အခြေအနေတွေ ဖြစ်လာ သည်။

နွယ်လေးလက်ထဲမှာလည်း ပိုက်ဆံမရှိ။ ဘာလုပ်ရမှန်း လည်းမသိ။ နောက်ဆုံး နွယ်လေးလည်ပင်းက ကြိုးကိုရောင်းပြီး ဆေးရုံပို့လိုက်ရသည်။



ထွန်းရဝေအမေ့ဆီက တောင်းလျှင်ရမှာ မဟုတ်။ မလွဲ သာလို့ ပေးရင်တောင် နောက်ရက်မှ အချိန်ဆွဲပြီး မလောက်မင ပေးလိမ့်မည်။

ကြားထဲက မေမေ့ကိုတော့ နွယ်လေး အသေမခံနိုင်။ လောလောဆယ် အဆင်ပြေအောင် နွယ်လေး စီစဉ်လိုက်သည်။ မေမေ့ကို ဆေးရုံပို့ပြီး နောက်ရက်မှာ နွယ်လေး အကျီအပိုယူဖို့ ထွန်းရဝေတို့အိမ်သို့ ပြန်လာခဲ့သည်။

ခြံထဲရောက်တော့ တဟီးဟီးတဟားဟားနှင့် ရယ်မောသံ တွေက ဆူညံစွာဖြင့် ခြံထဲသို့ လွင့်ပျံထွက်လာသည်။

အိမ်က ညီအစ်မနှစ်ယောက်နဲ့ သူတို့သူငယ်ချင်းတွေ စားကြသောက်ကြတာပဲဖြစ်မည်။

ဒီလိုမျိုး သူတို့သူငယ်ချင်းတွေက မကြာခဏ လာပြီး စားကြသောက်ကြသည်။ သူတို့ပြန်သွားရင် ဖွထားခဲ့သည့် မွစာ ကြဲနေသည်များကို နွယ်လေးတစ်ယောက်တည်း ဒိုင်ခံဆေးကြော ရှင်းလင်းပေးရသည်။

www.burmeseclassic.com



အိမ်တံခါးဝကိုရောက်တော့ ထွန်းရဝေရဲ့ ညီမအငယ်က ပြေးထွက်လာပြီး ...

"မမနွယ်တို့များ နေနိုင်လိုက်တာ၊ မေမေသာ သေသွားရင် အသက်တောင်မီမှာ မဟုတ်ဘူး"

"ဟင် ... အန်တီ ဘာဖြစ်လို့လဲ နေမကောင်းလို့လား"

နွယ်လေး စိတ်ပူစွာဖြင့် မေးမိသည်။

"အခုမှ အပိုတွေ မေးမနေပါနဲ့ မမနွယ်လေးရယ် ... မမနွယ်လေးက မေမေ့ကို သေစေချင်နေတာမဟုတ်လား၊ တစ်စက်လေးတောင်မှ ယောပြီးမေးဖော်မရဘူး"

အကြီးမကလည်း ဝင်ပြောသည်။ ဘာတွေလဲ ဘာမှန်းမသိဘဲ အခုမှ အိမ်ပေါ်ရောက်လာသူကို ပြောချင်တာတွေ ရွှတ်ပြောနေသည်။

"ခဏနေစမ်းပါဦးဟယ် ... ဘာဖြစ်တာလဲဆိုတာ နွယ်လေးကို အရင်ပြောဦးမှပေါ့"

"မေမေလေ သွေးတွေတိုး မူးလဲတာ နှစ်ရက်ရှိပြီ"



"ဟင် ... ဟုတ်လား ... အခု အန်တီ ဘယ်မှာလဲ"

"အပေါ်ထပ်မှာ"

နွယ်လေး သူတို့ကို ဘာမှထပ်မပြောဘဲ အပေါ်ထပ်သို့ တက်လာခဲ့သည်။ လှေကားအတက်ရောက်တော့ အန်တီ့အခန်းမှ ပြန်ထွက်လာသော ဆရာဝန်နှင့်တွေ့သဖြင့် အကျိုးအကြောင်း မေးလိုက်သည်။

"ဒေါက်တာ အန်တီ့အခြေအနေ ဘယ်လိုနေလဲဟင် စိတ်ပူရသလား"

"စိတ်မပူရပါဘူး နွယ်လေးရယ်၊ အန်တီက ဟိုနေ့က အလှူမှာ ဒိပေါက်ထမင်းစားလာလို့ နည်းနည်းသွေးတက်တာပါ၊ အများကြီးလည်း မတက်ပါဘူး ... စိတ်မပူပါနဲ့"

"ဟို ... ဟို ... မူးလဲတယ်ဆိုလို့"

"ဟာ ... ဘယ်ကလာ မူးလဲရမှာလဲကွာ၊ နွယ်လေးကို အောက်က အငယ်နှစ်ကောင်က နောက်လိုက်ပြီ ထင်တယ်၊ မူးလဲဖို့နေနေသာသာ ဘရိတ်ဒန့်(စ်) တောင် က,နိုင်သေး ...

ပေား ...ပေား ...အဲ ...သူများကိုချည်း စိတ်မပူနေနဲ့ အခု နွယ်လေးကမှ စိတ်ပူရတာ၊ မွေးခါနီးဖွားခါနီး မျက်တွင်းတွေကလည်း ကျလို့ ...ဂရုစိုက်ဦး၊ နွယ်လေးမေမေရော နေမကောင်းဘူးဆို ...အခု သက်သာသွားပြီလား"

"မနေ့က ဆေးရုံတင်လိုက်ရတယ် ဒေါက်တာ၊ သိပ်ပြီးတော့ မထူးခြားသေးပါဘူး၊ စိတ်မချရသေးတဲ့အနေအထား ဖြစ်နေသေးတယ်၊ နွယ်လေးက မေမေ့ဆီရောက်နေလို့ အန်တီဖြစ်တာကို မသိလိုက်တာပါ"

"အေး .. အေး ...ဖြစ်ရမယ် ...အန်တီက စိတ်မပူရပါဘူး၊ ညည်းအမေကိုသာ ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ...ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဒေါက်တာစိုးက ထွန်းရဝေတို့မိသားစုဆရာဝန်လိုဖြစ်နေတာမို့ အတွင်းသိ,အစင်းသိပင်။ ဒေါက်တာနှင့်စကားပြောပြီး နွယ်လေး အန်တီ့အခန်းထဲ ဝင်လာခဲ့သည်။ နွယ်လေးဝင်လာတာကို ထွန်းရဝေအမေက မမြင်။





အိပ်ရာပေါ်မှနေ၍ ဗွီဒီယိုအခွေတစ်ခွေ ထိုးကြည့်နေသည်။ ဘေးကခုံမှာလည်း လူမမာဟုပင် ထင်စရာမရှိအောင် စားထားသော ပန်းကန်တန်းလန်းများ၊ နောက်ဆက်တွဲစားမည့် အစားအစာများက ကစ်ပုံတစ်ပင်။

နွယ်လေး မေမေ့ကို ရုတ်တရက် သတိရသွားမိသည်။ မေမေ သတိမှပြန်ရပါ့မလား။ အခြေအနေကောင်းပါစေ။ မေမေ့ကိုလှမ်းပြီး မေတ္တာပို့ ဆုတောင်းလိုက်မိသည်။

"အန်တီ"

နွယ်လေးရဲ့အသံကိုကြားတော့ ထွန်းရဝေအမေက အခွေကိုပိတ်ပြီး နွယ်လေးကို လှည့်ကြည့်သည်။

"ဩော် ...ဒေါ်ရွှေနွယ်လေး ...ပြန်လာသေးတယ်နော်၊ နို့မို့ဆို ငါ့ရဲ့ရက်လည်တောင် မီမှာမဟုတ်ဘူး"

အင်း ...ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပြီး အငေါ်တူးစကားတွေနှင့် ခက်ထန်သောမျက်နှာကြီးက နွယ်လေးကို အမောဆို့သွားစေသည်။

www.burmeseclassic.com



နွယ်လေးမေမေရဲ့အခြေအနေကိုတောင် လူကြီးပီပီ သတင်းပင်မေးဖော်မရဘဲ နွယ်လေး တစ်ရက်နှစ်ရက် အိမ်မှာ မရှိ၍ အလုပ်တွေရှုပ်သွားသည်ကို မကျေမနပ်ဖြစ်နေသည်က တော့ သေချာသည်။

"ခဏနေဦး ... ညည်းလာရင် ကျုပ်သားက ဖုန်းပြော မယ်တဲ့ ... ဖုန်းခေါ်ပေးမယ်"

ဇကွဲ ... ထွန်းရဝေကို ဘာတွေလျှောက်ပြီး ထောင် ထားကြပြန်ပြီလဲ မသိဘူး။

နွယ်လေး အရမ်းစိတ်ညစ်သွားသည်။ အဲဒီအချိန်မှာ အငယ်မက အခန်းဝက ပေါ်လာပြီး ...

"မမနွယ်လေး ... အောက်မှာ ပန်းကန်တွေ သိမ်းပေး ပါဦး"

နွယ်လေး စိတ်ရှုပ်ရသည့်အထဲ တော်တော်စိတ်တိုသွား သည်။ ဆေးရုံသွားဖို့ကလည်း တော်တော်နောက်ကျနေပြီ။ ဒီည နေမှာလည်း ဆရာဝန်ကြီးနှင့် တွေ့ဖို့ချိန်းထားသည်။



ဒါကြောင့် ...

"အခု အစ်မ, မအားဘူး ကြည်ဝေ၊ ကြည်ဝေ့အစ်ကိုရဲ့ ...န်းကိုစောင့်နေတာ၊ ပြီးရင် အစ်မ အဝတ်အစားတွေယူပြီး ...ဆေးရုံသွားရဦးမယ်၊ ဟိုမှာ ဆရာဝန်ကြီးနဲ့ ချိန်းထားတယ်၊ ...ကိုယ့်ဘာသာ လုပ်လိုက်တော့"

"ဟင် ... ကြည်ဝေက ... ကြည်ဝေက ကိုယ့်ဘာသာ ...ကိုယ် လုပ်ရမယ် ... ဟုတ်လား။ ဘယ်တုန်းက ဒီလိုမျိုးတွေ ...လုပ်ရလို့လဲ၊ ဘာလဲ ... မမနွယ်လေးက ကြည်ဝေတို့အိမ်အပေါ် ...ို တာဝန်မကျေချင်ဘူးလား"

မလိုလားအပ်တဲ့စကားတွေပါလာလို့ နွယ်လေး အရမ်း ...တ်တိုမိသည်။

"ဘာတွေလာပြောနေတာလဲ ကြည်ဝေ၊ အစ်မ တကယ် ...အားလို့ပြောနေတာ၊ ပြီးတော့ အငယ်တစ်ယောက်အနေနဲ့ ...ကြီးတစ်ယောက်ကို ဘယ်လိုစကားမျိုးပြောတာလဲ"

"မေမေ ... မေမေ တွေ့လား ... မေမေ့သမီးမကာ

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ပြန်အော်တယ် ... သူပြန်အော်စရာလား''

နွယ်လေးထုံးစံ၊ နွယ်လေးပုံစံက ဘယ်တော့မှ [illegible] ကျယ်အော်ကျယ်နှင့် ပြန်အော်တာတို့ ရန်ဖြစ်တာတို့ ထုံးစံ[illegible] အမြဲတမ်းအေးဆေးစွာပဲ ပြန်လည်ဖြေရှင်းပြောဆိုတတ်သူကို [illegible] အော်သည်တဲ့။

ထွန်းရဝေရဲ့အမေက နွယ်လေး ပြန်ပြောသည်ကို မ[illegible] ဖူး၍လား။ အံ့သြနေလို့လား မသိ ... ဘာသံမှမထွက်ဘဲ မျက်[illegible] ကြီးပြူးပြီး နွယ်လေးကို ကြည့်နေသည်။

အဲဒီအချိန်မှာပဲ ဖုန်းသံမြည်လာသည်။ ထွန်းရဝေဆီ[illegible] ဖြစ်မည်။

''ဟဲလို ... သားလား ... အေး ... အေး ... [illegible] မင်းမိန်းမ ရောက်လာပြီ''

နွယ်လေး တယ်လီဖုန်းဆီသို့အသွား ဖျတ်ခနဲ ကြည့်[illegible] က ဖုန်းကို ကောက်ကိုင်ပြီး ...

''ဟင့် .. ဟင့် .. ကိုလေး ... ကိုလေးမိန်းမ [illegible]



[illegible]ယ်လေးက ကြည်ဝေကို ပြန်အော်တယ်၊ ပြီးတော့ ပန်းကန်တွေ [illegible]ည်း အတင်းဆေးခိုင်းနေတယ် ... အီး .. ဟီး .. ဟီး''

စောစောက အကောင်းပကတိ နွယ်လေးကို ရန်ထောင် [illegible]နေတဲ့သူက အခုမှ ကောက်ခါငင်ခါဖြင့် အံ့သြစရာကောင်း [illegible]လာက်အောင် ငိုကြီးချက်မဖြစ်သွားသည်။

နွယ်လေး ဖုန်းကို လက်ပြောင်းယူလိုက်တဲ့အချိန်မှာ ကြည်ဝေက မျက်နှာကိုမော့၊ ရင်ကိုကော့ပြီး ဘာတတ်နိုင်သေးလဲ ဆိုသည့်မျက်နှာပေးနှင့် ဖြစ်သွားသည်။

အင်း ... တော်တော်လည်း တတ်နိုင်တဲ့ဟာတွေပဲ။ [illegible]တ်ကုန်လိုက်တာကတော့ ပြောမနေပါနဲ့တော့။

''ကဲ ... ဒေါ်နွယ်သာကီရေ ... ကြားရတဲ့သတင်းတွေ [illegible]ကတော့ မွှေးနေတာပဲ ... မင်း ဘယ်လိုဖြစ်တာလဲ၊ ပြီးတော့ [illegible]ညီမတွေနဲ့ ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲ၊ ငါတို့တောင် ဘာမှ [illegible]ခိုင်းဘဲ ဖူးဖူးမှုတ်ထားတဲ့ ငါ့ညီမတွေကို မင်းက ဘာမို့လို့ [illegible]ခိုင်းရတာလဲ''

www.burmeseclassic.com



စပြီး ဖုန်းခွက်ကို ကိုင်လိုက်ကတည်းက ထွန်းရဝေ့ရဲ့ ထစ်ချုန်းသံကို ကြားလိုက်ရသည်။

အကျိုးအကြောင်း ဘာမှမမေးဘဲ ပြောချင်ရာ ရွတ်ပြော နေသော ထွန်းရဝေကို ဘာစကားမှ ပြန်ပြောချင်စိတ်ကို မရှိ တော့။

မွေးခါနီး ဖွားခါနီးနဲ့ ပင်ပန်းနွမ်းနယ်နေတဲ့အချိန်မှာ ကိုယ့်ခင်ပွန်းသည်ဆီက အားပေးစကားလေးများ ကြားချင်နေတဲ့ နွယ်လေး ပိုပြီးပင်ပန်းနွမ်းနယ်သွားသလို ခံစားလိုက်ရသည်။

တကယ်ဆို နွယ်လေး နေကောင်းရဲ့လား၊ မွေးလာမယ့် ကလေးအတွက် ဘယ်လို စသည်ဖြင့် ပြောဖို့ကောင်းသည်။ နွယ်လေးကလည်း ဒီလိုစကားလေးများကို မျှော်လင့်တောင့်တမိ သည်။

အခုတော့ ...

"ဟင် ... ပြောပါဦး မမရဲ့ ... အိမ်မှာ ယောက်ျား နေမကောင်းဖြစ်နေတာကို မသိရလောက်အောင် ဘယ့်ကိုသွားပြီး



အလေလိုက်နေရတာလဲ"

ထွန်းရဝေစကားတွေက တော်တော်ပြင်းထန်နေပြီ။

ပြီးတော့ နွယ်လေးအမေ နေမကောင်းလို့သွားနေတဲ့ ကိစ္စကို ဒီအိမ်ကလူတွေက ထွန်းရဝေကို ပြန်ပြောပုံ မရ။ သူလည်း မသိလို့ ဒေါသထွက်တာနေမှာပေါ့လေ။ မေမေ ဒီလောက်အသည်းအသန် ဖြစ်နေတဲ့အကြောင်း ပြောပြလိုက်ရင် ကျေနပ်သွားမှာပါ။

နွယ်လေးက ကိုယ့်အတွေးနဲ့ကိုယ် ဖြေတွေးတွေးပြီး ထွန်းရဝေကို စကားပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူး ကိုရယ် ...မေမေ အသည်းအသန် ဖြစ်ပြီး ဆေးရုံတင်ထားရလို့ပါ"

"အေး ... မင်းမှာပဲ အမေရှိတာ မဟုတ်ဘူး ဒေါ်နွယ် လေး၊ ငါ့မှာလည်း အမေရှိတာပဲ၊ တကတဲ တစ်အိမ်တည်းနေ တဲ့သူ နေမကောင်းဖြစ်တာကိုတော့ လျစ်လျူရှုပြီး ဒီလောက် တောင် မှုံအမေမှ မင်းအမေဖြစ်နေရင်လည်း အဲဒီမင်းအမေ

www.burmeseclassic.com

www.burmeseclassic.com



ဆီမှာပဲ သွားနေလိုက်တော့၊ ဒီမှာလည်း မနေနဲ့တော့၊ မင်းအမေက မင်းကို ဘာများပံ့ပိုးပေးနေလို့ ဒီလောက်တောင် မင်းအဖြစ်သည်းနေရတာလဲ . . . ပြောစမ်းပါဦး''

ထွန်းရဝေစကားကြောင့် နွယ်လေး တော်တော်ဒေါသထွက်သွားသည်။ ဒီလောက်ထိ သည်းခံပြီးနေ့,နေခဲ့တာတောင်မှ အားမရနိုင်ကြသေး။ မေမေ့ကိုပါ စော်ကားမော်ကား ပြောဆိုလာတဲ့အထိတော့ နွယ်လေး သည်းမခံနိုင်။

ပြီးတော့ မေမေက နေ့သေမလား၊ ညသေမလား စိတ်ပူနေရတဲ့အချိန်မှာ သတင်းလေးတောင် မေးဖော်မရဘဲ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ဟန်ဆောင်နေတဲ့ သူ့အမေကိုကျတော့ စိတ်ပူသတဲ့။

နွယ်လေးရင်ထဲမှာ ပြောစရာစကားတွေ များလွန်းလို့ လျှံထွက်ကုန်ပြီး ဘာမှတောင် မကျန်ရစ်တော့အောင်ပင်။

တော်တော်ကိုယ်ချင်းစာတရားနည်းပါးပြီး ကိုယ့်ဘက်ပဲကိုယ်ကြည့်လွန်းအားကြီးတော့ နွယ်လေး သည်းမခံနိုင်တော့။



နွယ်လေးစိတ်ကို ငြိမ်အောင်ထိန်းပြီး ထွန်းရဝေကို ပြန်ပြောလိုက်သည်။

''ကဲ . . . ဟုတ်ပါပြီ ကိုထွန်းရဝေပြောတဲ့အတိုင်း ကျွန်မဒီနေ့ကစပြီး ဒီအိမ်ပေါ်က ဆင်းပါပြီ''

နွယ်လေးဘက်က စကားအများမပါအောင် ဒီလောက်ပဲ ပြောပြီး ဖုန်းချလိုက်သည်။

အခန်းထဲမှာ ကျန်နေခဲ့သော ထွန်းရဝေအမေနှင့် ညီမကတော့ မဲ့ကာရွဲ့ကာနှင့် ကျန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဖြစ်ကတော့ အဲဒါပါပဲ မမနိုင်ရယ်၊ အဲဒီနေ့ကစပြီး နွယ်လေး အိမ်ပေါ်က ဆင်းလာတာပဲ၊ မေမေ သက်သာတာနဲ့ မေမေ့အိမ်လေးကိုရောင်းပြီး ဒီနေရာမှာ ပြောင်းနေခဲ့တယ်၊ နွယ်လေးတို့သားအမိ စားဖို့အတွက်ကတော့ နွယ်လေး မုန့်ဟင်းခါး ဆိုင်ဖွင့်ပြီးရောင်းတယ်လေ၊ သားအမိသုံးယောက်အတွက်ကတော့ ပြည့်စုံပါတယ်"

"ဒါနဲ့ ထွန်းရဝေတို့ဘက်ကရော ပြန်မဆက်သွယ်ဘူးလား၊ ထွန်းရဝေကရော"

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရဲ့ အလောတကြီးမေးတဲ့စကားကို နွယ်လေးက ပြုံးပြုံးလေးပဲ ပြန်ဖြေရှာသည်။

"ဆက်သွယ်ဖို့နေနေသာသာ အခုချိန်ထိ နွယ်လေး မွေးတာ သားလား,သမီးလားတောင် သူတို့မသိဘူး။ အဲဒီအချိန်ကတည်းက အဆက်အသွယ်ပြတ်သွားတာ၊ နွယ်လေးဘက်ကလည်း ဆက်သွယ်စရာမလိုဘူးလေ၊ ဒီအချိန် ဒီနေ့ရက်လောက်ဆို နွယ်လေး မွေးဖွားမယ်ဆိုတာ ထွန်းရဝေ သိသားပဲ၊ ဖခင်စိတ်ဓာတ်မရှိလို့ ဘာတာဝန်မှမယူတာပေါ့ မမနိုင်ရယ်၊ တော်တော့်ကို အထွာကြီးတဲ့မိသားစု မမနိုင်ရဲ့၊ သူတို့မိသားစုအတွက်ကိုပဲ ကြည့်တယ်"

နိုင့်မှာ နွယ်လေးကိုကြည့်ရင်း ပါးစပ်အဟောင်းသားနှင့် အံ့ဩပြီးရင်း အံ့ဩနေမိသည်။

"နွယ်လေးကရော သတိမရဘူးလား။ နွယ်လေး တော်တော် ရှန်းကန်ရမှာပဲနော်"

"ဟာ ... ရှန်းကန်ရတာတော့ မပြောနဲ့ မမနိုင်ရေ၊



မေမေ ဆေးရုံကတောင် မဆင်းရသေးဘူး နွယ်လေးက မွေးရော၊ ပင်ပန်းထားတာတွေနဲ့, အားနည်းတာတွေနဲ့ သမီးကို အရေးပေါ်ခွဲပြီးမွေးရတာ၊ တကယ့်ကို ကသောင်းကနင်းပဲ မမနိုင်ရေ ...။

သူ့ကို သတိရလားဆိုတာကတော့ နွယ်လေး ဘယ်လိုဖြေရမှန်းတောင် မသိဘူး။ မြန်မာမိန်းကလေးပီပီသသ, မိကောင်းဖခင်သားသမီး ပီပီသသနဲ့ ချစ်သူဘဝကတည်းကစပြီး အိမ်ထောင်ကျပြီးတဲ့အချိန်အထိ ကိုယ့်ဘက်က တာဝန်ကျေအောင် မေတ္တာအပြည့်, သစ္စာအပြည့်နဲ့ ရပ်တည်ခဲ့ပါတယ်၊ အခုလို အခြေအနေမျိုး ကြုံတွေ့လာတော့လည်း ခံစားရတာကတော့ တော်ဇတ်လေး ခံစားခဲ့ရပါတယ် ... ခံစားမှုမျိုးစုံပေါ့လေ ...။

နောက်တော့လည်း ကံ ... ကံ ၏အကျိုးပဲလို့ ယူဆပြီး ဖြေသာအောင် နေခဲ့ပါတယ်၊ ဟိုဘဝက နွယ်လေး သူများအပေါ် မကောင်းခဲ့လို့ အခုဘဝမှာ ဝဋ်ကြွေးခံရတာပဲလို့ သဘောထားလိုက်ပါတယ်၊ သူတို့မိသားစုအပေါ်ကိုလည်း စိတ်ထဲမှာ မုန်းခြင်းခံပြင်းခြင်းတွေ မရှိပါဘူး၊ ဘဝအကြောင်းတွေပေါ့၊ အခု

www.burmeseclassic.com



နှယ်လေးရဲ့ခေါင်းထဲမှာ သမီးလေးရဲ့ ဘဝကို လှပဖို့ ကြိုးစားဖို့ပဲ ရှိပါတယ် မမနိုင်ရယ်''

လူကြီးလေးတစ်ယောက်လို အေးချမ်းစွာဖြင့် ပြောနေသော နှယ်လေးကိုကြည့်ပြီး နိုင်တစ်ယောက် ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းများနှင့်အတူ ရင်ထဲမှာ ဆို့၍တက်လာလေသည်။

''နှယ်လေးရယ် ...တကယ်ရင်ထဲမှာ မကောင်းဘူးကွယ်၊ မမနိုင် အရမ်းခံစားရတယ်၊ မမနိုင်အထင်မှာ နှယ်လေးဘဝတော့ ပျော်ရွှင်အေးချမ်းနေပြီလို့ ထင်ခဲ့မိတယ်၊ မမနိုင် ဘာလုပ်ပေးရမလဲဟင်၊ နှယ်လေးနဲ့သမီးအတွက် မမနိုင် ဘာတွေကူညီပေးရမလဲ ပြောပါနှယ်လေးရယ်၊ မမနိုင် တစ်ခုခုလောက် လုပ်ပေးချင်လို့ပါ''

''ရပါတယ် မမနိုင်ရယ်၊ နှယ်လေးတို့သားအမိအတွက်က ပြည့်စုံပါတယ်၊ တစ်ခုသာ မမနိုင် ကူညီပေးပါ၊ အဲဒါကတော့ နှယ်လေးလိပ်စာကို သူငယ်ချင်းတွေဆီကို မပေး‚ပေးပါနဲ့၊



နှယ်လေးရင်ထဲမှာ သတိရပေမယ့် ဘယ်သူနဲ့မှ မတွေ့ချင်လို့ပါ၊ နောက်တော့ သူ့အလိုလို ဆုံတဲ့အခါ, တွေ့တဲ့အခါကျရင်တော့ တစ်မျိုးပေါ့နော် ...မမနိုင်၊ အဲဒါလေးတော့ ကတိပေးပါနော်''

''အေးပါ နှယ်လေးရယ် ...မမနိုင် ဘယ်သူ့ကိုမှ မပြောပါဘူး''

နှယ်လေးတို့အိမ်မှအပြန်လမ်းတွင်တော့ နိုင်မှာ တခြားကိစ္စများကို သွားချင်စိတ်မရှိတော့ဘဲ အိမ်သို့ တန်းပြန်လာခဲ့သည်။

အိမ်ရောက်သည်နှင့် အခန်းတံခါးပိတ်ကာ စိတ်မကောင်းခြင်းများစွာဖြင့် နိုင် မျက်ရည်ကျမိသည်။

''မမနိုင်ကို ခွင့်လွှတ်ပါ နှယ်လေးရယ်၊ နှယ်လေးရဲ့ဘဝကို ကောင်းစားစေချင်လို့ လုပ်လိုက်တဲ့ကိစ္စတစ်ခုဟာ နှယ်လေးရဲ့ဘဝကို နာကျင်စေအောင်၊ ဒုက္ခရောက်အောင် လုပ်သလိုဖြစ်သွားခဲ့ပြီ၊ မမနိုင်ကို ခွင့်လွှတ်ပါ''

နိုင့်အတွေးထဲ၊ မျက်စိထဲတွင် ကျောင်းစာမေးပွဲပြီးလို့

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေး နိုင်တို့အိမ်ရောက်လာပုံ၊ ထွန်းရဝေနဲ့ထွန်းထွန်းလူကို စာအတူတူပေးခိုင်းပုံများကို ပြန်လည်မြင်ယောင်လာသည်။

အဲဒီတုန်းက ...

နွယ်လေး ပြန်သွားပြီးချိန်မှာ နိုင်တစ်ယောက်တည်း စာနှစ်စောင်ကို ကိုင်၍ စဉ်းစားနေမိသည်။

နွယ်လေးကတော့ နှစ်ယောက်လုံးကို ဘယ်သူ့ကို ရွေးချယ်ရမှန်းမသိဖြစ်နေပေမယ့် နိုင်ကတော့ ထွန်းရဝေဘက်ကိုပဲ မဲသာသည်။

နွယ်လေးရဲ့ဘဝလေးဟာ ထွန်းရဝေလို တည်တည်ငြိမ်ငြိမ်နှင့် ယောက်ျားပီသသောလူနှင့်မှ လုပတင့်တယ်ပေလိမ့်မည်။

ပလူကောင်လို ဗရွတ်ရွတ်တကောင်မျိုးနှင့်ဆိုလျှင် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



တောင် နပ်မှန်အောင် စားရပါ့မလားမသိ။

နိုင်တစ်ယောက် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်ပြီး စာနှစ်စောင်ကိုယူ၍ ကားမောင်းထွက်ခဲ့သည်။

ပထမဆုံးဦးတည်ရာမှာ ထွန်းရဝေတို့အိမ်ပင်။

"ဒါ ... ကိုထွန်းရဝေတို့အိမ်လား မသိဘူး"

"ဟာ ... မမနိုင် ... ဘယ်ကလှည့်လာတာလဲ"

နိုင့်ကိုတွေ့တော့ လက်ထဲမှာ စာအုပ်တွေ တစ်ပုံတစ်ပင်နှင့် ထွန်းရဝေက တအံ့တသြဆိုသည်။ အိမ်ပေါ်ရှိ ပြတင်းပေါက်လိုက်ကာလေးများလည်း လှုပ်ရှားသွားပြီး မျက်လုံးလေးတွေ ပေါ်လာကြသည်။ ထွန်းရဝေညီမတွေ ဖြစ်မှာပေါ့လေ။

"အေး ... ဒီကိုပဲလာတာ ကိစ္စရှိလို့ အဲဒါ ထွန်းရဝေ အားရင် မမနိုင်နဲ့ ခဏလောက်လိုက်ခဲ့ပါလား"

"အာ ... ရပါတယ် မမနိုင် ... ခဏလေးနော်"

ပြောပြောဆိုဆို ထွန်းရဝေ အိမ်ပေါ်တက်သွားပြီး ခဏနေတော့ ပြန်ဆင်းလာသည်။



အကျႌအဝတ်အစားလဲပြီး အိမ်ထဲမှထွက်လာသော ထွန်းရဝေကိုကြည့်ပြီး နိုင်တွေးနေမိသည်။

"အင်း ... ငါလုပ်တာ မှန်မှာပါလေ"

ထွန်းရဝေကို နားအေးပါးအေး စကားပြောနိုင်သော ဆိုင်တစ်ခုသို့ ခေါ်လာခဲ့သည်။

"မမနိုင် ... ဘာကိစ္စဖြစ်လို့လဲ ... နွယ်လေး ဘာဖြစ်လို့လဲဟင်"

ထွန်းရဝေရဲ့ သိချင်လွန်းစွာမေးတဲ့ အမေးကို နိုင်က ပြန်ဖြေလိုက်သည်။

"နွယ်လေး ဘာမှမဖြစ်ပါဘူး၊ ထွန်းရဝေကို မမနိုင် မေးစရာရှိလို့ပါ"

"မေးပါ မမနိုင်"

"ထွန်းရဝေရဲ့ နွယ်လေးအပေါ်ထားတဲ့သဘောထားကို မမနိုင် သိချင်တယ်၊ တစ်ဘဝလုံးအတွက် မေးတာနော်"

"ဟာ ... မမနိုင်ရယ် ... ကျွန်တော် နွယ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်မြတ်မြတ်နိုးနိုးချစ်တာပါ၊ တစ်ဘဝလုံးအတွက်လည်း ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော့်ကြောင့် ဘယ်တော့မှ နွယ်လေး စိတ်မညစ်စေရပါဘူး၊ နွယ်လေးဘဝ အေးချမ်းစေရပါ့မယ်''

''ထွန်းရဝေရဲ့ ကတိတည်နိုင်ပါ့မလား''

''ကျွန်တော် ယောက်ျားပါဗျာ၊ ကျွန်တော့်ကတိ ကျွန်တော်တည်ပါတယ်''

''ဟုတ်ပါပြီ ...ထွန်းရဝေကို မမနိုင် ယုံပါတယ်၊ နွယ်လေးရဲ့ဘဝအတွက်ကိုလည်း ထွန်းရဝေနဲ့ဆို စိတ်ချပါတယ်၊ ကဲ ...ဒါဆိုရင် ဒီမှာ ထွန်းရဝေအတွက် တန်ဖိုးရှိစေမယ့် လက်ဆောင်ပါလာတယ်''

နိုင်က နွယ်လေး ပေးလိုက်သော ထွန်းရဝေအတွက် စာကို လှမ်းပေးလိုက်သည်။ နွယ်လေးရဲ့စာကိုဖတ်ပြီး ထွန်းရဝေ ပျော်သွားပုံကိုကြည့်ပြီး နိုင်ပါ နွယ်လေးကိုယ်စား ရောပြီး ပျော်မိသည်။



''ဟာ ...ကျေးဇူးတင်ပါတယ် မမနိုင်ရယ် ...အဲဒီနေ့ကျရင် ကျွန်တော် အစောကြီးရောက်အောင် သွားပါ့မယ်''

နိုင် ပြန်လာတဲ့လမ်းမှာတော့ ကျန်နေတဲ့ ထွန်းထွန်းသူ့အတွက်စာကို ဖြဲဆုတ်ပစ်လိုက်သည်။

''စိတ်မကောင်းပါဘူး ပလူကောင်ရယ် ...နွယ်လေးအတွက်ကြောင့်ပါ''

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

နိုင် နိုင်ငံခြားပြန်မည့်နေ့တွင် လေဆိပ်ကိုလိုက်ပို့သော နွယ်လေးကိုကြည့်ရင်း နိုင် ကြေကွဲဝမ်းနည်းမိသည်။ နွယ်လေးကို ကောင်းစားချင်သောစေတနာဖြင့် သူပြုလိုက်သော စေတနာ အများသည် ဘယ်လိုမှ ပြုပြင်၍မရနိုင်တော့ပေ။

နွယ်လေးကိုလည်း အခုမှတော့ အဖြစ်မှန်ကို ထုတ်မပြော ရက်တော့။ ထုတ်လည်း မပြောချင်တော့။ ထွန်းရဝေမှာလည်း နိုင်ငံခြားမှာ အိမ်ထောင်ကျနေပြီဟု နိုင့်မိတ်ဆွေများထံမှတစ်ဆင့် စုံစမ်းသိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ်လေး သိချင်လည်းသိမည်၊ သိချင်မှလည်း သိမည်၊ သို့သော် နိုင် နွယ်လေးကိုတော့ ဒီအကြောင်း ပြန်မပြောပြတော့။

လေယာဉ်ကွင်းထဲမှာ လက်ပြနှုတ်ဆက်ပြီး ကျန်နေခဲ့သော နွယ်လေးကို မျက်ရည်ကြားမှ ဝေဝါးစွာကြည့်ရင်း နိုင် တစ်ယောက်တည်း တိုးညင်းစွာ ပြောနေမိတော့သည်။

"မမနိုင်ကို ခွင့်လွှတ်ပါတော့ နွယ်လေးရယ်"

ယုပြတ်နိုး



www.burmeseclassic.com